www.burmeseclassic.com

# ကြည်နုခေတ်

## အသည်းခွဲဗျူဟာ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကြည်နူးခေတ်

# အသည်းခွဲဗျူဟာ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၀၀၀၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၀၇၀၉၁၁

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၃၊ မတ်လ။

ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)

အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖြန့်ချီရေး - ၁၀၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃

ကြည်နုခေတ်

အသည်းခွဲဗျူဟာ/ ကြည်နုခေတ်။ - ရန်ကုန်
ရွှေဥစာပေ၊ ၂၀၁၃။

၂၂၂ - စာ၊ ၁၂.၃ x ၁၈ စင်တီ။

(၁) အသည်းခွဲဗျူဟာ


## အခန်း (၁)

"မုန်းတယ်"

နှင်းဆီဖူးလို ကတ္တီပါရောင်သမ်းကာ ရဲရဲနီစွေးသော သူမရဲ့ နှုတ်ခမ်းနှစ်လွှာက ညင်သာဖွဖွ ထိမိရုံလေး လှုပ်ရှားသွားပေမယ့် ထို နှုတ်ခမ်းဆီမှ လွင့်စင်ကျလာသောအသံသည် သူ့ရင်သို့ အရှိန် အဟုန်ပြင်းစွာပင် ကြောက်ခမန်းလိလိ လာရောက်ရိုက်ပုတ်သွား၏။

"ဝိုင်. . ."

တုန်ခါအက်ကွဲသောခေါ်သံပြုရင်း သူ့လက်နှစ်ဖက်က သူမ၏ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဖျစ်ညှစ်ဆုပ်ကိုင်ကာ အကြမ်းပရမ်းတောင့်



www.burmeseclassic.com

www.burmeseclassic.com



ခါပစ်လိုက်တဲ့အထိ သူမမျက်နှာက အကြောက်အရွံ့တစ်စက်ကလေးမှ မရှိ၊ တင်းမာခက်ထန်နေတုန်းပင်။

မျက်နှာပေါ်ကို ကပိုကရိုအုပ်ကွယ် ပြုတ်ကျလာသည့်ဆံနွယ်ရှည်တွေကို ဆတ်ခနဲခေါင်းမော့သပ်တင်ရင်း ပြန်ကြည့်လာသော သူမ၏ မျက်ဝန်းတွေက သူ ကြိမ်ဖန်များစွာ ယစ်မူး ပျော်ဝင်ခဲ့ဖူးသည့် ရွှန်းလဲ့ရီဝေသောမျက်ဝန်းမျိုးမဟုတ်။ ရက်စက်ကောက်ကျစ်ခြင်းအပြည့် ထည့်သွင်းပြီး တဖြည်းဖြည်းမှေးကျဉ်းသွားပုံက သူ့နှလုံးသားကို အဆုံးစီရင်ပစ်လိုက်တော့မည်ဟု အသံတိတ်ကြိမ်းမောင်းသော အာဏာပါးကွက်သား၏ ကရုဏာမဲ့ခြင်းမျိုးတည်း။

"ဖယ်. . . ငါ့ကိုလွှတ်စမ်း!"

ရင့်သီးကြမ်းတမ်းသည့်စကားနှင့်အတူ ပခုံးပေါ်မှသူ့လက်တစ်စုံကို ရုတ်တရက်ဖယ်ခွာချရင်း အသက်ကိုပြင်းပြင်းရှူသည်။

ကြောက်မယ်ဖွယ် ပြတ်သားမာကျောရဲသော သူမမျက်နှာမှာ ညှို့ငင်ဖြားယောင်းခြင်း၊ လွမ်းဆွတ်တမ်းမက်ခြင်းတို့ ဘာမှရှာမရတော့။

မနေ့တစ်နေ့ကအထိ သူ့ရင်ခွင်မှာ နူးညံ့ ပျောင်းနွဲ့စွာ ခိုဝင်မှီတွယ်ခဲ့သောသူမသည် မယုံနိုင်စရာကောင်းလောက်အောင်ပင် သရဲ





သဘက်ပူးသလို ရက်စက်ကြမ်းကြုတ်နေသည်။

လွန်ခဲ့သောနာရီဝက်ခန့်က သူ့ထံသို့ ဖုန်းဆက်ခဲ့သောသူမအသံမှာ အေးစက်စက် ထုံပေပေဖြစ်နေသည်မှလွဲ၍ ချိုကြည်သာယာနေတုန်း။ သူ့ရင်ကို ထိခတ်လှုပ်ရှားအောင် ညှို့ဖြူနိုင်တုန်းပင်ရှိသေးသည်။ ယခုတော့ဖြင့်. . .

အံ့သြကြေကွဲခြင်း မယုံကြည်နိုင်ခြင်းတို့ ပြည့်သိပ်စီးနေသော သူ့မျက်နှာကို တစိမ့်စိမ့်အရသာခံကြည့်လျှက်ရှိသောသူမဟာ အဘယ်သို့သောမိန်းမနည်း။

"သေချာနားထောင်စမ်း! စူးနစ်၊ နင့်ကို ငါ ဘယ်တုန်းကမှ လက်ထပ်ဖို့မစဉ်းစားခဲ့ဘူး။ ချစ်နေတုန်းခဏပဲ ရင်ထဲထည့်ခဲ့တာ၊ ဘဝတစ်သက်စာရွေးချယ်ဖို့ စာရင်းထဲတောင်မရှိဘူး။ ငါ့ဘဝကို တိုးတက်မြင့်မားအောင် လုပ်မပေးနိုင်တဲ့ယောက်ျားတစ်ယောက်ကို အသည်းပေါက်အောင် ချစ်နေပါစေ ဘယ်တော့မှမယူဘူး။ အဲဒါ နင့်အချစ်ကိုလက်မခံခင်ကတည်းက ငါကိုယ်တိုင်ချမှတ်ခဲ့တဲ့ ဥပဒေသ၊ အမြဲတမ်းအတွက် သံန္နိဋ္ဌာန်ပဲ"

ဒေါမာန်အပြည့်နှင့် ရေရွတ်သွားသော သူမစကားလုံးတွေက



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ကို ခပ်ကြမ်းကြမ်း ဆောင့်ခါရိုက်ပုတ်သွားကြသော်လည်း ရုတ်တရက် နာကျင်ခါးသက်သွားဖို့ မေ့လျော့စွာပင် မင်တက်အုံ့သြနေမိသည်။

"ဗိုင်, မင်းဘာတွေပြောနေတာလဲ၊ မင်းကိုယ်တိုင်ပြောနေတာ မှဟုတ်ရဲ့လားဟင်၊ မင်းခန္ဓာကိုယ်ထဲမှာ မိစ္ဆာတစ်ကောင်ကောင် ဝင်ပူးနေတာတော့မဟုတ်ပါဘူးနော်"

ပြာအက်ရှတသောသူ့စကားသံအဆုံး သူမ၏နှုတ်ခမ်းအစုံက ဆတ်ခနဲကော့ညွှတ်သွားလျှက် နာကြည်းသောမဲ့ပြုံးတစ်ခုကို ရုတ်ချည်း ဖန်ဆင်းကာ. . .

"ဒါ အိပ်မက်မဟုတ်ဘူး စူးနစ်၊ ဒီနေ့ဒီအချိန်မှာ ဒီလိုစကား တွေပြောဖို့ ကြိုးစားခဲ့ရတာ၊ ရင်နှီးပေးဆပ်ခဲ့ရတာတွေ အများကြီးပဲ၊ နှစ်နှစ်ဆိုတဲ့အချိန်ကာလအတွင်း ရင်ထဲမှာ သိုဝှက်သိမ်းဆည်းလာသမျှ အငြိုးအတေးတွေကို ဖွင့်အံချလိုက်ရလို့ ရင်ထဲမှာ ပေါ့သွားပြီ။ နင်နဲ့ ငါ လမ်းခွဲကြစို့"

အဘယ်မျှ ထက်ရှပြတ်သားသည့်စကားပါလိမ့်၊ သူနှင့်လက်တွဲခဲ့သော ကာလတစ်လျှောက်လုံး ဤမိန်းမသည် လမ်းခွဲစို့ဟူသော စကားကို ပြောဖို့ဝေးစွ၊ မုန်းတယ်ဟူသောဝါကျကိုပင် အပြောင်အပြက်





သဘောဖြင့် ရေရွတ်မြည်တမ်းခြင်းမရှိခဲ့။

ရှင်းရှင်းပြောရလျှင် သူမသည် တင်းကျပ်စွာစေ့ပိတ်ထားသော စူးနစ်၏နှလုံးသားတံခါးကို ဦးစွာတီးခေါက်ချဉ်းကပ်ခဲ့သူတည်း။

"ရှင့်ကို ဗိုင်သိပ်ချစ်တယ် စူးနစ်၊ မာနဆိုတဲ့အရှိန်နဲ့ စူးလက်တောက်ပနေတဲ့ရှင့်မျက်လုံးတွေကို သိပ်ချစ်တယ်၊ အတ္တရောင်ခပ်ပါးပါး သမ်းတဲ့ ရှင့်ရဲ့နီမြန်းမြန်းနှုတ်ခမ်းတွေကိုလည်း သိပ်ချစ်တယ်။ တစ်လောကလုံးကို အလိုမကျသလို တွန့်ချိုးမှန်ကုပ်ထားတဲ့ ရှင့်မျက်ခုံးတွေကိုလည်း ချစ်တယ်၊ ယုတ်စွအဆုံး ရှင် ဒေါသတကြီး ပေါက်ကွဲ ဆဲရေးတတ်တဲ့အသံကိုတောင် မြတ်မြတ်နိုးနိုးချစ်တယ်။ အဲလို သွေးဆူရိုင်းပျတဲ့ယောက်ျားမျိုး တစ်ခါမှမမြင်ဖူးဘူး။ ရှင့်ကိုတော့ ဗိုင်သိပ်ချစ်မိတယ်"

ထိုမျှအစွန်းရောက်အောင် စုံမက်မြတ်နိုးစွာချစ်နိုင်ခဲ့သောသူမသည် စူးနစ်အား ဘယ်တော့မှ ရက်စက် သွေးအေးစွာ ဖြတ်တောက်ကျော်ခိုင်းသွားလိမ့်မည်မဟုတ်ဟု အားလုံးက ယုံကြည်နေချိန်တွင် သူမ၏ အစိမ်းလတ်လတ်ရင်ခွဲသွားပုံက အလွန်တရာ သွေးပျက်ချောက်ချားဖွယ်ကောင်းလှ၏။

ဗိုင်သည် သူ့ကိုမျက်နှာချင်းဆိုင်အနေအထားမှာပင် ရဲဝံ့စွာ



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်ထိုးသတ်ခဲ့လေပြီ၊ နောက်ကျောကို ဓားနဲ့ထိုးခြင်းထက် ခံရဆိုး၏၊

ဘယ်တုန်းကမှ မမျှော်လင့်ခဲ့သောအခြေအနေမို့ သူ့မျက်နှာက သွေးဆုတ်ဖြူလျော်လျှက်ရှိကာ အခါများစွာ တွန်းကန်ပေါက်ကွဲဖူးသောဒေါသက ဘယ်ချောင်ဘယ်ကြားမှာ ငြိမ်သက်ငုံ့လျှိုးနေမှန်းမသိ။

သူသတိမထားမိခင်မှာပင် မျက်ရည်တစ်စက သူ့ပါးပေါ် ခပ်ကြမ်းကြမ်း ဖြတ်စီးသွားသည်။ သူ အထိတ်တလန့်ပွတ်သုတ်ရင်းနှင့် တဆတ်ဆတ်တုန်နေသောလက်ကို ရူးသွပ်ကြေကွဲစွာပြန်ကြည့်မိ၏။

သူမထံမှ ခပ်အက်အက်လျော့ရယ်သံကို ကြားလိုက်ရသည့်ခဏ သူ၏ရင်ခွင်တစ်ခုလုံး စုတ်ပြတ်သက်သွားသယောင်ပင် ခံစားလိုက်ရလေသည်။

မည်သို့သောစကားလုံးမျိုးကိုရွေးချယ်ပြီး သူမကိုတုန့်ပြန်ရမှန်းမသိတော့သဖြင့် ကန်ဘောင်ပေါ်မှာ ခုံတန်းလျားကိုသာ သူ စိတ်ရှိလက်ရှိထိုးနှက်ပစ်လိုက်မိသည်။

ဝိုင်၏ရယ်သံက စိတ်ချောက်ချားဖွယ် ခပ်သဲ့သဲ့ထွက်ပေါ်နေတုန်းပင်။





"မင်း. . . သိပ်ရက်စက်တဲ့မိန်းမ၊ သိပ်ကြောက်ဖို့ကောင်းတဲ့မိန်းမပဲ ဝိုင်။ မင်း ငါ့ကိုသေအောင် သတ်သွားစမ်း! သတ်လိုက်စမ်း!"

သူ့နှုတ်မှ သွေးရူးသွေးတန်းအော်ဟစ်လျှက်ရှိကာ ခုံကို လက်သီးနှင့်အဆက်မပြတ်ထိုးနှက်ပစ်ရင်း ပေါက်ကွဲနေမိ၏။

"နင့်အသက်ကိုသတ်ဖို့မလိုပါဘူး။ ငါက နင့်မျှော်လင့်ချက်, နင့်မနက်ဖြန်ကို ကောင်းကောင်းသတ်နိုင်ခဲ့ပြီ။ အဲလိုရူးသွပ်ကြေကွဲပြုလေလေ, ပိုပြီးကျေနပ်မိလေလေပဲ၊ တစ်ချိန်က ခံပြင်းနာကြည်းခဲ့ရသမျှ အောက်ကျို့အရှုံးပေးရသမျှကို ကျေအောင် ပြန်ယူခဲ့နိုင်တဲ့အတွက် ငါ့လုပ်ရပ်တွေကို ငါ ဘယ်တော့မှ နောင်တမရဘူး စူးနစ်။ အဲဒါကို နင်မှတ်ထား"

ဝိုင်သည် သွေးပျက်နာကျင်စွာ ယူကြုံးမရ ညည်းတွားရှိုက်ငင်လျှက်ရှိသောစူးနစ်ကို တစ်ချက်မျှစေ့စေ့စူးစူးကြည့်ကာ ချာခနဲကျောခိုင်းလှည့်ထွက်သွားလေတော့သည်။

ထိုအဖြစ်အပျက်သည် ရုပ်ရှင်ဇာတ်ဝင်ခန်းမဟုတ်။ တစ်ခုသော ဒီဇင်ဘာမနက်ခင်းတွင် အင်းလျားကန်ဘောင်တစ်နေရာ၌ အမှန်တကယ်ဖြစ်ပွားခဲ့သော အငြိုးအမျက်တစ်ခု၏နိဂုံး နှလုံးသားတစ်ခု၏၊



www.burmeseclassic.com

www.burmeseclassic.com



ရှာပနံ့ပင်ဖြစ်၏။

သူမသည် သူမ အလွန်တရာ ချစ်မြတ်နိုးခဲ့သောယောကျ်ား တစ်ယောက်ကို လှပစွာပင် အသည်းခွဲသွားခဲ့သည်။ ကလဲ့စားချေ အနိုင်ပိုင်းပြီး ကျောခိုင်းထွက်ခွာသွားလေပြီ။ တကယ်တမ်း သူမလိုချင်သော အနိုင်လိုမှုအစစ်အမှန်ကို ရ,မရ သူမကိုယ်တိုင်သာ သိပေလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် သူမသည် ထိုယောကျ်ားကို အသည်းခွဲရန်အတွက် ရင်းခဲ့ရသောအရာမှာ သူမ၏နှလုံးသားအစစ်အမှန်ဖြစ်နေသောကြောင့်တည်း။



## အခန်း (၂)

ဂရေးသည် မှန်ပြောင်းကို မျက်နှာရှေ့မှ ခွဲယူဖယ်ချလျှက် ငြိမ်သက်တွေဝေနေမိ၏။ သူမတစ်သက်တွင် ဤမျှလောက် ရင်နင့်ကြေကွဲဖွယ်ကောင်းသောမြင်ကွင်းမျိုး မျက်ဝါးထင်ထင်မမြင်ခဲ့ဖူးချေ။

ပထမတော့ သူတို့နှစ်ယောက် ခဏတဖြုတ် ရန်ဖြစ် စိတ်ဆိုးကြခြင်းဟုသာ ထင်နေမိသည်။

စိမ်းလန်းစိုပြည်ထဲတွင် စာရေးရန် အေးအေးလူလူရောက်ရှိနေခဲ့သော ဂရေးမှာ ဘာရယ်မဟုတ် ကန်ဘောင်ပေါ်မှ စုံတွဲတွေဆီ ဝေ့ဝဲစုစုသွားကြည့်မိရာမှ ချစ်သူနှစ်ယောက် လမ်းခွဲပြတ်စဲကြသော



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်ကို အသံမကြားရသော ရုပ်ရှင်ဇာတ်ဝင်ခန်းတစ်ခုလို အားကောင်းသောမှန်ပြောင်းမှတစ်ဆင့် တွေ့လိုက်ခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်သည် ဂရေးအတွက် ဇာတ်လမ်းတစ်ပုဒ်ဖြစ်လာရန် စိတ်ဝင်စားဖွယ်ကုန်ကြမ်းတစ်ခုပင်။ ဒါပေမဲ့ သူမရင်ထဲ ဝမ်းမသာနိုင်ပါ။

ထိုအဖြစ်အပျက်ထဲတွင် ကိုယ်တိုင်ပါဝင်နေရသလို တနင့်နင့်ရင်ဖိုလှိုက်မောကာ ကြေကြေကွဲကွဲပင် ခံစားလိုက်ရ၏။ ဘုံတန်းလျှားပေါ်တွင် စိတ်ပျက်လက်ပျက်ထိုင်ကာ အသံတိတ် ရှိုက်ငင်လျက်ရှိသောသူ့မျက်နှာကို စေ့စေ့ငုငုမကြည့်ရက်လောက်အောင်ပင် စိတ်ထိခိုက်လာမိသဖြင့် မှန်ပြောင်းဆီမှအကြည့်တို့ကို ခွာပစ်လိုက်ရခြင်းဖြစ်သည်။

ဒါပေမဲ့ သူ့မျက်နှာကို တစ်နေရာမှာ မြင်ဖူးခဲ့သယောင်ရှိတာမို့ နောက်ထပ်ခုံတန်းလေးဆီ ပြန်အကြည့်မှာတော့ ထိုနေရာလေးမှာ သူမရှိတော့။

ဂရေးရှိနေရာ စိမ်းလန်းစိုပြည်ဥယျာဉ်ထဲမှ ကန်ဘောင်တစ်လျှောက် မြင်နိုင်သမျှနေရာတွေအထိလိုက်ပြီး ချိန်ရွယ်ရှာဖွေပေမယ့် တီရှပ်အနီရဲရဲနှင့် ရေညှိရောင်မှိုင်းမှိုင်းဂျင်း(န်)ပင်(န်)ကို ဝတ်ထားသော





သူ့ကိုမတွေ့ရတော့ချေ။ သူ့ပုံစံက အများသူငါတွေကြားမှာ မထင်မရှားပျောက်ကွယ်နေနိုင်သည့်ရုပ်မျိုးမဟုတ်။

အသားလတ်လတ် အရပ်မြင့်မြင့်နှင့် ခပ်တိုတိုထောင်ထောင်ညှပ်ထားသောဆံပင်တွေကြောင့် ရှင်းသန့်ညှို့မှန်သောရုပ်သွင်က အထင်းသားပေါ်လွင်သည်။ သူ့မျက်နှာက စင်းဖြောင့်သောနှာတံကြောင့် သွယ်တော့မယောင်ထင်ရပေမယ့် မေးရိုးကျတော့ ယောကျ်ားပီသစွာ ခပ်ကားကားရှိကာ သူ့နှုတ်ခမ်းတွေက ပါးပါးလျားလျားနှင့် ပန်းရောင်သမ်းချင်နေသည်။

အထူးခြားဆုံးက ညာဘက်မျက်ခုံးအစပ်က ခပ်တင်းတင်းပေါ်နေသည့် မှဲ့ကလေးဖြစ်၏။

ဂရေး သူ့ကိုကောင်းစွာရင်းနှီးဖူးသူလိုခံစားရပေမယ့် ဘယ်နေရာမှာ ဆုံဖူးပြီး ဘယ်သူဘယ်ဝါမှန်းပင် မသဲကွဲချေ။

အဲ့ဒီနောက်တော့ စာရေးဖို့ဘယ်လိုမှအာရုံစူးစိုက်လို့မရတော့သည့် ဂရေးဟာ Laptop ကလေးကို ပိတ်သိမ်းလိုက်ကာ စိမ်းလန်းစိုပြည်ထဲမှ ထွက်လာခဲ့တော့၏။

Parking လုပ်ထားခဲ့သည့် သူမရဲ့ကားလေးဆီသို့ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



အလာမှာတော့ လုံးဝမယုံကြည်နိုင်စရာအဖြစ်အပျက်က ဆီးကြိုစောင့်စားနေလေသည်။

"ဟယ်! ဒါက ဘယ်လိုဖြစ်တာလဲ"

ဂရေးရဲ့ကားနောက်မီးလုံးမှာ ရစရာမရှိအောင် မွမွကြေ ကွဲရှနေတာမို့ ရင်ထဲထိတ်ခနဲဖြစ်သွားမိ၏။

ဘုရားရေ! သွားပါပြီ၊ ဖေဖေ့ထံမှ အမြတ်တနိုးရရှိခဲ့သော ဒီကားလေးဟာ ဂရေးအတွက် ဘယ်လိုမှအဖိုးမဖြတ်နိုင်သည့်အမွေအနှစ်တွေထဲက တစ်ခုသောအရာဖြစ်သည်။

မော်ဒယ်ဘယ်လောက်နိမ့်နိမ့်၊ အင်ဂျင်ဘယ်လိုဖောက်ဖောက်လဲမပစ်ရက်နိုင်စွာ မြတ်နိုးခဲ့လေသမျှ အဘယ်သို့သော လူရမ်းကားခေါ် သက်ချက်နှင့် ယခုကဲ့သို့ မရှုမလှဖြစ်သွားရပါလိမ့်ဟု ဒေါသဖြစ်နေစဉ်မှာပင်. . .

"ဒါ, ခင်ဗျားကားလား"

ဟူသောယောကျ်ားတစ်ယောက်ရဲ့သြရှရှအသံကြောင့် ပခုံးပေါ်မှာ အုပ်အုပ်ဝဲဝဲလေးရှိနေသည့်ဆံပင်တွေကို လွင့်ခနဲဖြစ်သွားအောင် ခါရင်း လှည့်ကြည့်လိုက်မိသည်။





"ဟင်!"

အံ့သြခြင်းကြောင့် ဂရေးရဲ့နှုတ်ခမ်းနှစ်လွှာက ခပ်ဟဟပွင့်အာသွားခဲ့ပြီး မျက်ခုံးနှစ်ဖက်ကိုလည်း ခပ်မြင့်မြင့်ပင့်ချီမိရက်သားဖြစ်သွားရလေသည်။

ဂရေးသည် ကားသော့ကိုင်ထားသောလက်ကို ဂျာကင်အင်္ကျီအိတ်ထဲ ထိုးသွင်းလျက် သူ့ကိုသာ မျက်လုံးအပြူးသားနှင့်ငေးနေပြီး ဘာစကားတစ်ခွန်းမှမပြောနိုင်။

တိုက်ပဲတိုက်ဆိုင်လွန်းပါသည်။

စောစောက ဂရေး အသည်းအသန်ငေးမောရှာဖွေခဲ့ရသောသူဟာ ယခုတော့ ဂရေးရှေ့မှာ နီမြန်းမြန်း ညိုပုပ်ပုပ်မျက်နှာနှင့်ရောက်ရှိနေလေပြီ။

မကြာခင်ကမှ စိတ်နှလုံးမချမ်းမြေ့ဖွယ် အဖြစ်အပျက်တွေနဲ့ ကြုံလာခဲ့ရမှန်းသိသာစွာ သူ့မျက်နှာက ဘာကိုမှအလိုမကျသလို မှုန်မှိုင်းပုပ်သိုးလျက်ရှိ၏။

"ဒါ, ခင်ဗျားကားလားလို့မေးနေတာ၊ ကျွန်တော့်ကားနဲ့တိုက်မိလို့ မီးခွက်ကွဲသွားတယ်၊ ဟိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဂရေးရဲ့ခဲပုပ်ရောင်ကားလေးဆီ မေးဆတ်ပြလျှက် ဂျစ်ကန်ကန် မာကျောကျောပြောလိုက်သော သူ့အသံကလည်း ဘာကိုမှစိတ်မရှည်သလိုပင်။

"သိတယ်, ကိုယ်တွေ့ပြီးပြီ၊ ဘယ်လိုဖြစ်တာလဲ"

စုးနစ်သည် ခန္ဓာကိုယ်လေး သွယ်လျှသေးကွေးသလောက် ဩဇာအာဏာ ဟန်ပါသလိုဆိုလိုက်သည့်သူ့မကို ရုတ်တရက်ပြန်စိုက်ကြည့်လိုက်မိ၏။

Sky blue ဂျင်းပန်(န်) စပို့ရှပ်ဖြူဖြူကို အနက်ရောင်ဂျာကင်နှင့်တွဲဝတ်ထားကာ ဘဲဥပုံမျက်နှာလေးကို အုပ်ကွယ်ထားသည့်ဆံပင် အုပ်အုပ်ဖောင်းဖောင်းလေးကြောင့် ကလေးရုပ် မပျောက်ချင်သလိုဖြစ်နေသော ကောင်မလေးမို့ သိပ်တော့လန့်လောက်စရာမရှိ။

တွေ့စက တအံ့တဩ ပြူးဝိုင်းသွားသည့် မျက်ဝန်းလေးတွေအရ စုးနစ်ကို ဘယ်သူဘယ်ဝါမှန်း သတိထားမိသလိုဖြစ်သွားတာကိုလည်း သူရိပ်မိလိုက်၏။ ခုကျမှ လေသံက တင်တင်စီးစီး အရမ်းကြီးဒေါသမဖြစ်ပေမယ့် သူ့ကားအတွက် နှမြောတသသလို စိတ်မကောင်းသလိုဖြစ်နေပုံလည်းရ၏။





"ဘယ်လိုဖြစ်တယ်ဆိုတာ ပြန်ပြောပြတော့ရော ဘာအကြောင်းထူးလာမှာမလို့လဲ၊ ဒီအတွက် ဘယ်လောက်လျော်ရမလဲဆိုတာပဲ ပြောပါ"

သူ့စကားအဆုံး ကားကိုငုံ့ကြည့်သလိုနှင့် မျက်နှာလွှဲရင်း ဂရေးမျက်မှောင်ကြုတ်လိုက်မိသည်။

ဒီယောက်ျားဟာ နဂိုကတည်းက စိတ်ဆတ်မာကျောသူတစ်ယောက်ပဲလား။ ခုနကိစ္စကြောင့်ပဲ လူတစ်ဖက်သားကို ထီမထင်ဖြစ်နေသလားဆိုတာ စိတ်ထဲမှာ ဒွိဟဖြစ်လာသည်။

ဘာပဲဖြစ်ဖြစ် သူ့ရဲ့စိတ်ကိုမထိန်းချုပ်ဘဲ ပေါက်ကွဲပစ်လိုက်ဖို့ဂရေးရဲ့ကားနောက်မီးကတော့ ဓားစာခံမဖြစ်သင့်ဘူးမဟုတ်လား။

စုးနစ်သည် မီးခွက်ကွဲသွားသော ကားပိုင်ရှင်ကောင်မလေးကိုကြည့်ရင်း စိတ်ထဲတွင် ထူးဆန်းသလိုကြီးခံစားလာရလေသည်။

ဘယ့်နှယ်, ကားမီးခွက်ကြီးကွဲသွားတာတောင် စိတ်ဆိုးဒေါသသံ ထွက်ဟန်မပြဘဲ စုးနစ်ကိုသာ ကရုဏာသက်သလိုဘာလိုလိုပုံစံနှင့်ကြည့်နေတာမို့ မနေတတ်လောက်အောင်ပင် စိတ်ကသိကအောက်ဖြစ်လာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်အချိန်မရဘူး ခင်ဗျားကားအတွက် ဘာလိုလုပ်ပေးရမလဲဆိုတာပဲပြောပါ"

ခပ်ဆတ်ဆတ်ပြောလိုက်တဲ့စကားအဆုံး ဂရေးခေါင်းမော့ကြည့်လိုက်သည်။

မည်သို့ဆိုစေ သူ့ဘက်က တမင်တကာပဲလုပ်လုပ် မတော်တဆပဲဖြစ်ဖြစ် အသက်ညှာဆုံး ဆုံးဖြတ်စီရင်ဖို့တော့ ဂရေး ကြိုတင်တွေးစပြီးဖြစ်ပါသည်။

ဘာကြောင့်မှန်းတော့မသိ၊ သူ့ကိုအလိုလိုနေရင်းပင် စာနာဖေးမချင်နေမိလေသည်။

"ကားမီးခွက်လဲဖို့ ကိုယ့်တာသာလုပ်လိုက်ပါ့မယ်။ ဘယ်လောက်ကုန်ကျမယ်ဆိုတာတော့ ကိုယ်လည်းမမှန်းတတ်ဘူး"

"အဲ့ဒီတော့"

ဂရေးနားထင်စပ်ကို လက်ညှိုးကလေးနှင့်ကုပ်ခြစ်ကာ ဘယ်လိုလုပ်ရင်ကောင်းမလဲဟူသည့်သဘောနှင့် သူ့မျက်နှာဆီ ဖျပ်ခနဲမော့ကြည့်လိုက်သည်။

မာကျောကျော ကြွပ်ဆပ်ဆပ်ပုံပေါက်ပေမယ့် သူက အင်မတန်





လိမ္မာပါးနပ်ကာ သိလွယ်မြင်လွယ်သူလည်းဖြစ်သည်ထင့်။

"ဒီလိုလုပ်ပါလား။ ဒီမှာကျွန်တော့်လိပ်စာကတ် ယူထားလိုက်။ ခင်ဗျားကားကိုပြင်ပြီးရင် ကျွန်တော့်ကို ဖုန်းဆက်လိုက်။ ကျတဲ့ငွေကို ရှင်းပေးပါ့မယ်"

"အင်း, အဲဒါအဆင်ပြေမယ်ထင်တယ်"

ဂရေးစကားအဆုံး သူက wallet ထဲမှ ကတ်ပြားကလေးတစ်ခုကိုထုတ်ကာ လှမ်းပေးပါသည်။

ဂရေး ကတ်ပေါ်က သူ့နာမည်နဲ့လိပ်စာကို ဖတ်ကြည့်လိုက်သည်။

စူးနစ်ဆိုပါလား. . .

ဒါဆို သူက. . .

ဂရေးမျက်ခုံးလေးပင့်ရင်း တအံ့တသြမော့ကြည့်တော့. . .

"ကျွန်တော့်ကို ခင်ဗျားသိချင်သိမှာပါ။ မီးခွက်လဲလို့ပြီးရင်သာ အဲဒီထဲက နံပါတ်အတိုင်း ဖုန်းဆက်လိုက်ပေါ့"

ဟုဆိုကာ သူ့ကားရှိရာသို့ ခြေလှမ်းခပ်ကျဲကျဲနှင့် ထွက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တက်ကာ ထိုနေရာမှ ဝေါခနဲကွေ့ဝိုက်မောင်းထွက်သွားတဲ့အထိ ဂရေး ငေးမောငြိမ်သက်ရင်းကျန်ခဲ့၏။

စူးနစ်ဆိုတာ အစောကြီးကတည်းက ဘာလို့မမှတ်မိခဲ့ပါလိမ့်။ သူက လူငယ်တွေကြားမှာ ရေပန်းစားသော အနုပညာရှင်တစ်ယောက်ဖြစ်သလို ဂရေးကိုယ်တိုင် သဘောကျချီးမွမ်းခဲ့ရသည့် Dancer တစ်ယောက်လည်းဖြစ်သည်။

စူးနစ်ဆိုတဲ့နာမည်နှင့်တွဲကာ ထင်ရှားကျော်ကြားခြင်းမရှိခင်ကတည်းက Barbarian ဆိုတဲ့အဖွဲ့လေးထဲမှာ သူ့ကိုသတိထားအမှတ်ရစွာ ရှိခဲ့ရခြင်းဖြစ်သည်။

တကယ်ဆို သူ့ကို ကိုယ့်စိတ်ထဲမှာ ရင်းနှီးနေပြီးသားရယ်။

ဘုရားစူးရစေ့၊ စူးနစ်ဆိုတဲ့ကောင်လေးကို ဒီလိုအသည်းကွဲတစ်ခန်းရပ်ဇာတ်လမ်းထဲမှာ ကရုဏာသက်ဖွယ် မြင်တွေ့ရလိမ့်မယ်လို့ ဂရေး လုံးဝကိုမထင်ခဲ့။

ဒါ့အပြင် ထိုအသည်းကွဲသမားက ကမူးရှူးထိုးနိုင်စွာ ဂရေးရဲ့ ကားမီးခွက်ကို ပစ်စလက်ခတ်ကြီး ကွဲကြေစေမယ်လို့လည်း ကြိုမတွေးခဲ့။





တိုက်ပဲတိုက်ဆိုင်လွန်းတယ် စူးနစ်ရယ်. . .

တကယ်တော့ ကိုယ်က မင်းကို. . .

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"သိမ်မွေ့. . . ရှင် ဖြေကြည့်စမ်း၊ အသည်းကွဲတဲ့လူတစ်ယောက်က ဘယ်လိုနေမလဲ၊ ရေထဲကငါးကို သဲပူပူပေါ် ဆယ်တင်လိုက်သလို တဆတ်ဆတ်ခုန်ပျံနေမှာလား၊ ဒါမှမဟုတ် အခန်းကျဉ်းကျဉ်းမှောင်မှောင်ထဲထည့်ပြီး သော့ပိတ်ခံထားရတဲ့ကလေးတစ်ယောက်လို ဆောင်တည်ရာမဲ့ ဝမ်းနည်းထိတ်လန့်နေမှာလား"

ဂရေးသည် စာရေးနေရာမှ နောက်သို့ခါးကိုလိမ်ရင်း ဒရင်း(မ်)ဘက်ပေါ်တွင် မဂ္ဂဇင်းတစ်အုပ်နှင့် ဇိမ်ကျနေသောသိမ်မွေ့ကို လှမ်း၍မေးလိုက်လျှင် သိမ်မွေ့က မျက်လုံးတစ်ချက်ဝင့်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ"

ဟု ပျင်းရိပျင်းတွဲကြီးပြန်ဖြေပါသည်။

ဂရေး ကျစ်ခနဲစုပ်သတ်လိုက်မိ၏။

"သေသေချာချာလေးစဉ်းစားပြီး ဖြေစမ်းပါ သိမ်မွေ့ရယ်။ ရှင်လည်း ရည်းစားတွေ ထားခဲ့ဖူးတာပဲ။ တစ်ခါတလေတော့ ခံစားရတာလေးဘာလေးရှိမှာပေါ့"

ဒီတစ်ခါတော့ သိမ်မွေ့ဆီက မျက်စောင်းတစ်ချက်က ဒိုင်းခနဲ အသံမြည်တော့မတတ် ဂရေးဆီကို ပျံလွှားရောက်ရှိလို့လာတော့၏။

"ကျုပ်ရည်းစားထားတာ ရှင့်ကိုကုန်ကြမ်းပေးဖို့မှမဟုတ်တာ။ ပြောပြီးသားနော်၊ လုံးဝပြောမပြဘူး။ ထားဖူးခဲ့သမျှသော ရည်းစားအပေါင်းရဲ့ဂြိုဟ်ခြင်းခံရအောင်တော့ လာမလုပ်နဲ့။ သိချင်ရင် ကိုယ်တိုင်ကွင်းဆင်းလေ့လာ။ ဒါမျိုးက Heart ထိမှ ရေးလို့ကောင်းတာ၊ အေးဆေးနေပါရစေဟယ်။ ဒဏ်ရာဟောင်းတွေကို လာမတူးဖော်စမ်းပါနဲ့"

ခေါင်းတခါခါလက်တခါခါငြင်းဆန်နေသော သိမ်မွေ့ကိုကြည့်ပြီး ဂရေး နားသယ်စပ်ကို လက်ညှိုးလေးနှင့် ကုပ်ခြစ်ရင်းပြုံးနေမိသည်။

သိမ်မွေ့ပြောလည်း ပြောချင်စရာ။





ဂရေးက ရုပ်ဆိုးနေတာလည်းမဟုတ်။ ရုပ်တည်ကြီးနှင့် ဏှာခေါင်း တွေ ဆယ်နေတာလည်း မဟုတ်ဘဲ ရည်းစားတစ်ယောက်တလေမှ မရတာ အံ့ဩစရာတော့ကောင်းပါသည်။ အမှန်တော့ ဂရေးက လူမြင်အောင် မနေတတ်တာဖြစ်၏။

တခြားမိန်းကလေးတွေလို သူများငေးယူရအောင်လည်း အလှမပြင်တတ်။ မဖြစ်မနေအဝတ်အစားကလွဲပြီး တခြား accessories အသုံးအဆောင်တွေလည်း မဆင်တတ်သော ဂရေးမှာ တီရှပ်နှင့် ဂျင်း(န်)ပင်(န်)ကိုသာ မရိုးတမ်းဝတ်ဆင်တတ်သဖြင့် သိမ်မွေ့ကတောင် Rocker ကြီးဟု တစ်ခါတလေ စတတ်ပါသေးသည်။ တကယ်လည်း ဂရေးက ယောကျ်ားလေးလိုဝတ်ရတာ ကြိုက်သည်။ ထို့ကြောင့်ပဲဖြစ်မည်။

မျက်နှာဆို ဘာမှမပြင်တတ်တော့။ ဂရေးအလုပ်ကလည်း အပြင်တွေဘာတွေ သွားလာလှုပ်ရှားနေရခြင်းမရှိလေရာ တစ်ခါတလေ ချည်သားအင်္ကျီပွပွနှင့် အိမ်နေရင်း ဘောင်းဘီပွကြီးတွေကိုဝတ်ဆင်ကာ စိတ်လွတ်ကိုယ်လွတ်သာ နေမိ၏။

ဗိုသီဖတ်သီနေတာ များလို့လားမသိ၊ စိတ်ကူးပေါက်လို့ အပြင်ထွက်လျှင်တောင် ဂရေးဝတ်လိုက်မှဖြင့် ဘာဆွဲဆောင်မှုမှမရှိ၊ သိမ်မွေ့



www.burmeseclassic.com

www.burmeseclassic.com



ကဆို ဂရေးကိုကြည့်ပြီး. . .

"အမယ်လေး စာရေးဆရာမရယ်။ နာမည်နဲ့လူနဲ့ လိုက်ဖက်ပါပေ့။ တကတည်း. . . အရောင်မထွက်လိုက်တာ။ တစ်ခါလာလည်း ဒီကျင်း(န်) ပင်(န်)မွဲပြာပြာနဲ့ တီရှပ်၊ ဒီ့ထက်ပိုမဝတ်တတ်တော့ဘူးလား"

ဟုဆိုကာ ပြစ်တင်ဝေဖန်လေ့ရှိ၏။ တစ်ခါတလေတော့ ကိုယ်သွားရမယ့်နေရာနှင့် လိုက်ဖက်အပ်စပ်အောင် ဝတ်ချင်စိတ်လေးဖြစ်လာလျှင် သိမ်မွေ့ကိုသာ အပူကပ်ရပါသည်။

သိမ်မွေ့က ကုမ္ပဏီဝန်ထမ်းဆိုပေမယ့် အတွင်းရေးမှူးနေရာမို့ ပွဲလမ်းတွေနှင့်သိပ်မစိမ်းလေတော့ တော်ရုံစမတ်ကျကျ လှလှပပအဝတ်အစားမျိုးတွေ ဖောဖောသီသီရှိနေတတ်၏။

မရှိလည်း ဂရေးကိုဆင်ဖို့အဝတ်အစားဒီဇိုင်းအတွက် သူ့ဆီက စိတ်ကူးစိတ်သန်းကို မဖြစ်မနေယူရပါသည်။ ဆံပင်ဆိုလည်း ဘိုကေသာသာ ဆံပင်ကုပ်ဝဲကို ခပ်ရိုးရိုးထားသောဂရေးမှာ ကာလာအမျိုးမျိုးပြောင်းပြီး ဖြောင့်တစ်ခါ ကောက်တစ်လှည့်လုပ်သော သိမ်မွေ့ရဲ့ဆံကေသာတွေကိုသာ သဘောတကျငေးမောပြီး ကိုယ်တိုင်လုပ်ဖို့တော့ဖြင့် စိတ်မပါလှ။





ဒီအသက်အရွယ်ရောက်တာတောင် ဆိုင်မှာ ခေါင်းမလျှော်ဖူး။ ပေါင်းမတင်ဖူး။ မျက်နှာကြေး(ဂျီး)ချုတ်တာတွေဘာတွေ တစ်ခုမှမလုပ်ဖူးသော ဂရေးကို ဘယ်လိုမိန်းမလဲဟု သိမ်မွေ့ကတော့ ထုးပြီးမအံ့သြ။ သူမနှင့်အတူနေလာခဲ့သည်မှာ သုံးနှစ်ကျော်လို့ လေးနှစ်ထဲရောက်နေပြီလေ။

ဂရေးနဲ့ သိမ်မွေ့က အဝေးသင်တက္ကသိုလ်တက်ကြရင်း ဆုံကြခြင်းဖြစ်သည်။ တစ်ကောင်ကြွက်တစ်မျက်နှာဖြစ်တာချင်းလည်းတူ၊ ကိုယ့်ထူးကိုယ်ချွန် ကိုယ့်ဘဝကိုယ်ကျောင်းချင်ကြသော စိတ်ဓာတ်ချင်းလည်းတူသော သူမတို့နှစ်ယောက် တစ်အိမ်တည်းအတူနေဖြစ်ကြတာ ဘာမှတော့မဆန်း။

သိမ်မွေ့နဲ့စတွေ့စဉ်အချိန်က ဂရေးရဲ့ဖေဖေဆုံးပြီးခါစ၊ ထူးခြားတိုက်ဆိုင်စွာပင် သိမ်မွေ့ကလည်း နယ်မြို့လေးမှာရှိသည့် တစ်ယောက်တည်းအားကိုးရသူ အဒေါ်ဆုံးပြီးခါစဖြစ်သည်။ အဒေါ်ဆုံးတော့ အဒေါ်ယောကျ်ားနဲ့သားသမီး (သိမ်မွေ့ရဲ့မောင်နှမဝမ်းကွဲ)တွေက ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်အောင် ထားပေးခဲ့ရသည့်သိမ်မွေ့ကို သိပ်မကြည်ဖြူ မသဒ္ဓါချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းတွေက သိမ်မွေ့ကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဝင်ငွေရှာဖို့ဖြစ်လာစေကော ဂရေးနှင့်ဆုံစည်းခဲ့ရသည်။

နှစ်ယောက်လုံး အသက်နှစ်ဆယ်မပြည့်တပြည့်မှာ ဘွဲ့ရပြီး အလုပ်မရှိ ယောင်ချာချာ။

ဂရေး့ကမှ ဖေဖေထားခဲ့သောအိမ်နဲ့ခြံ၊ ပြီးတော့ ဘဏ်စာအုပ်ထဲမှငွေတချို့နှင့် စီးဖို့ကားကလေး ရှိသေးသည်။ သိမ်မွေ့ကတော့ အဝတ်အိတ်တစ်လုံးဆွဲကာ မှတ်ပုံတင်တစ်ခု၊ ထောက်ခံစာအချို့နှင့် ဘုရင့်နောင် ဖောင်ဖျက်သည့်ထုံး နှလုံးမူကာ မွေးရပ်မြေ ခြေမချစတမ်း ဟုဆုံးဖြတ်ပြီး အလုပ်လုပ်ရန်ရောက်လာသူတည်း။

အာဂ,သိမ်မွေ့ပါပေ။

သိမ်မွေ့မှာ ပါလာသောအရည်အချင်းကတော့ မခေ။

ရှေးဆုတောင်းကြောင့်ထင့်။

သိမ်မွေ့က လှသည်။ သတ္တိရှိသည်။

လေးစားနှစ်လိုဖွယ်ကောင်းတာတစ်ခုက သိမ်မွေ့သည် အရည်အချင်းကို နေရာတကျအသုံးချတတ်သည်။ ရုပ်ရည်အားကိုးနှင့် ငွေကြေးကို ဖြတ်လမ်းက မရှာ။





မင်္ဂလာဈေးမှာ အရောင်းဝန်ထမ်းလုပ်ရင်းက computer LCCI တက်သည်။

ပညာဒါနဆိုတဲ့ခေါင်းစဉ်နဲ့သင်တန်းမှန်သမျှ ဘယ်လောက်ဝေးဝေး သိမ်မွေ့က အလွတ်မပေး။ တရုတ်စကားပြောဘာသာဆိုလည်း ပါသည်။

တစ်နှစ်ခွဲနှစ်နှစ်လောက် ရုန်းကန်ပြီးချိန်မှာတော့ ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ဝင်ဖို့ အသင့်ဖြစ်နေသည့်သိမ်မွေ့ဟာ ရုပ်ရည်အဆင်းရူပကာ၊ သွက်လက်ထက်မြက်မှုတွေနဲ့အတူ ဘဝဆိုတဲ့ရိုးကြမ်းကို ဖြတ်သန်းဖို့လည်း အဆင်သင့်ပင်။ ဒီလိုနဲ့ သိမ်မွေ့ အတွင်းရေးမှူးရာထူး ရသွားချေ၏။

ကြုံတုန်း ဂရေးရဲ့လှုပ်ရှားမှုလေးတွေကိုလည်း ပြောပြရဦးမည်။ ဂရေးက အဖော်မဲ့သူ၊ ငယ်ငယ်ကတည်းက အဖေတစ်ခုသမီးတစ်ခုဆိုတော့ သိမ်မွေ့ကိုမြင်မြင်ခြင်းတွယ်တာမိသည်။ နောက်တော့ သိမ်မွေ့ ရုန်းကန်လှုပ်ရှားနေတာတွေမြင်ပြီး အထင်ကြီးလေးစားတာမို့ အိမ်မှာ အတူနေဖို့ခေါ်လိုက်သည်။

ဒါပေမဲ့ ဂရေး လျှောက်သည့်လမ်းက သိမ်မွေ့လိုတော့ လက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့မဆန်။ သိမ်မွေ့အလုပ်တစ်ဖက်နှင့် သင်တန်းတွေတက်နေချိန်မှာ ဂရေးက ဝတ္ထုတိုလေးတွေ ကဗျာလေးတွေရေးရင်း မဂ္ဂဇင်းတိုက်တွေ လျှောက်ပို့ ထုတ်ဝေသူတွေဆီဖုန်းဆက်၊ စာမူလေးတွေကို တတ်ကျွမ်း နားလည်သူတွေဆီမှာ လျှောက်ပြနှင့် ကလောင်သွေးနေချိန်ဖြစ်သည်။

ခုတော့ ဂရေးသည်လည်း အတန်အသင့်နာမည်ရကာ စာရေး ဆရာမ တိမ်ညိုခင်ဆိုပြီး ကောင်းစွာရပ်တည်နေနိုင်ပြီဖြစ်၏။

"ဟဲ့၊ အံမယ်! စဉ်းစားနေလိုက်တာ ငြိမ်တိတ်နေတာပဲ။ ဘယ်လိုလဲ ဂရေး တကယ်ကြီးချစ်ပစ်လိုက်တော့မယ်ပေါ့၊ ဟုတ်လား။ နောက်ဆို ကိုယ်တိုင်ခံစားရေးဖွဲ့ထားတဲ့ အချစ်လုံးချင်းတွေပဲ ထွက်လာတော့မယ်ပေါ့"

သိမ်မွေ့စကားကြောင့် ဂရေးမျက်စောင်းရွယ်ရင်း ပြုံးလိုက်မိ၏။

"တကယ်တော့ ချစ်တတ်မှ ဇာတ်လမ်းတွေရတာမဟုတ်ပါဘူး သိမ်မွေ့ရယ်။ ခံစားတတ်တဲ့ရင်ဘတ်ရှိရင် ဖြစ်ပါတယ်။ အရာရာကို အသေးအဖွဲလေးကစပြီး ခံစားတတ်လွတ်လို့ ကဗျာတွေစာတွေဖြစ်လာတာ။ ရှင့်လိုရည်းစားတွေထားပြီး ရလာတဲ့အတွေ့အကြုံတော့ မဟုတ်





ရပေါင်"

"တစ်ခါလာလည်း ကျုပ်ရည်းစားများတာပဲ ဆွဲထည့်နေတယ်။ ဒီမယ်၊ ရည်းစားများတာ များချင်လွန်းလို့မဟုတ်ဘူး။ အချစ်စစ်အချစ်မှန်ကိုတွေ့လိမ့်နိုးနိုးနဲ့ ရှာရင်းဖွေရင်း များရတာသိရဲ့လား။ ရှင်သာ တစ်ယောက်မြင်တစ်ယောက်ကြိုက်ပြီး ဆိုးဆိုးကောင်းကောင်းမျက်စိမှိတ်ယူပစ်လိုက်မှာမဟုတ်လား"

"အိုး! သူ့ဘာသာ ရည်းစားတွေ မှိုလိုပေါက်တာကိုကျတော့ ဆင်ခြေတွေ ပေးလိုက်တာ. . . သူများကျတော့လည်း နည်းနည်းမှ အကောင်းမပြောဘူး။ ဒါလောက် အချစ်ကျမ်းကြေနေရင်လည်း ဆရာမကြီး လုပ်ပါတော့လား"

ရယ်ရယ်မောမောပြောလိုက်တဲ့ဂရေးစကားအဆုံး သိမ်မွေ့ကလည်း တစ်ခွန်းမခံ ရန်တွေ့ဖို့ပြင်သည်။ ဒရင်း(မ်)ပေါ်ကနေဆင်းပြီး ဂရင်း စာရေးနေတဲ့စားပွဲဘေးမှာ လက်ပိုက်ရပ်ရင်း. . .

"အကောင်းပြောချင်စရာရော ရှိလို့လား။ ရှင်တို့တွေက သူများကိုစွတ်တွေဆို သိသိသာသာတစ်မျိုး မသိမသာတစ်မျိုး စပ်စု၊ ပြီးရင် သူတို့ဝတ္ထုတွေမှာထည့်သုံးပြီး ကိုယ်တိုင်တော့ နည်းနည်းမှ ခေါင်းရှုပ်



www.burmeseclassic.com

www.burmeseclassic.com



မခံချင်ဘူး''

''ဒီခေါင်းထဲမှာက ပြည့်ကျပ်နေပြီ သိမ်မွေ့ရဲ့၊ ထပ်ထည့်ရင် ရှူးသွားလိမ့်မယ်''

''အဲဒါနဲ့ပဲ ကျုပ်ကို ရင်ဘတ်ခဏငှားတယ်ပေါ့၊ ဟုတ်လား''

သိမ်မွေ့က ခါးထောက်ပြီး မကျေမနပ်ပြောလိုက်တော့ ဂရေးက ဟက်ဟက်ပက်ပက်ရယ်သည်။

''ရှင်တောင် စကားပြောတာ ကဗျာဆန်လာပြီပဲ သိမ်မွေ့ရဲ့။ ကဲပါ, ဈေးကိုင်မနေစမ်းပါနဲ့။ အသည်းကွဲတဲ့အရသာလေး ပြောပြစမ်းပါ။ သောတနဲ့ပြတ်သွားတော့ နင်ခံစားရတာလေး ဘယ်လိုနေသလဲဆိုတာ''

''နင့်အမြင်ပဲ၊ ဘယ်လိုမှမနေဘူး''

''ဟယ်! သိမ်မွေ့ကလည်း ရည်းစားအရင်းခေါက်ခေါက်ကြီးနဲ့ပြတ်တာ ဘယ်လိုမှမနေဘူးရယ်လို့၊ ဟို. . . အသည်းလေးဘာလေး ကွဲမသွားဘူးလား''

''မကွဲပါဘူး။ ငါက သူ့ကိုချစ်မှမချစ်တာ''

''မချစ်ဘဲ ရည်းစားတွေဖြစ်ကြတယ်. . . ဟုတ်လား''





ဂရေးရဲ့မျက်ခုံးလေးပင့်ပြီး တအံ့တသြမေးဟန်ကြောင့် သိမ်မွေ့က နှုတ်ခမ်းလေးစုကျုံ့ပြီး အမူအရာတွေများနေရာမှ ဟက်ခနဲရယ်ကာ ခေါင်းညိတ်လေသည်။

''အံ့သြပါ့ဟယ်၊ ဖုန်းဆက်နေတာ ကျုပ်နားနဲ့ဆတ်ဆတ်ကြားတာပါ။ တစ်ချစ်တည်းချစ်နေလိုက်တာများ ခုကျတော့ ချစ်လည်းမချစ်ဘူး။ အသည်းလည်းမကွဲဘူးတဲ့''

''ဒီမှာ သေသေချာချာမှတ်, ဒေါ်ဂရေး။ အသည်းဆိုတာ ကွဲဖို့မဟုတ်သလို ကွဲလို့လည်းမရဘူး''

''တကယ်လို့ကွဲရင်ရော ဘယ်လိုနေမလဲဟင်''

မရမကမေးနေသော ဂရေးကိုကြည့်ပြီး သိမ်မွေ့က သက်ပြင်းချကာ မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် စဉ်းစားသလိုလုပ်နေလေ၏။ အတန်ကြာမှ. . .

''မသိဘူး ဂရေးရယ်၊ သီချင်းထဲမှာတော့ အသည်းလေးကွဲတာ မျက်ရည်တွေနဲ့ပေါ့တဲ့။ အဲလိုပဲဖြစ်မှာပေါ့ဟာ''

''ဟယ်! ဟုတ်ပြီ. . . မှန်လိုက်တာ''

ဂရေးသည် အားရဝမ်းသာပင် ထိုင်ရာမှ ခုန်ထကာ လက်



www.burmeseclassic.com

www.burmeseclassic.com



ဖျစ်တစ်ချက်ပင် တီးလိုက်မိလေသည်။

သိမ်မွေ့ပြောတာ ဟုတ်တာပေါ့. . .

အသည်းကွဲရင် မျက်ရည်တွေနဲ့. . .

အသည်းကွဲရင် မျက်ရည်တွေနဲ့လေ. . .

နွတ်က ခပ်တိုးတိုးရေရွတ်ရင်း အခန်းထဲမှာ လက်နောက်ပစ်လျက် ခေါက်တုန့်ခေါက်ပြန်လျှောက်နေသောဂရေးကိုကြည့်ကာ သိမ်မွေ့က ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းနေလေတော့၏။

ဂရေးကတော့ ကိုယ့်အတွေးနဲ့ကိုယ်။

ပြီးတော့ စုးနစ်ဆိုတဲ့ အသည်းကွဲ Dancer လေးကိုလည်း သတိတွေရလို့။

အင်း. . . ဇာတ်လမ်းတစ်ပုဒ်တော့ရပြီထင်တယ်။



အခန်း (၄)

"စုးနစ်, ဖုန်းလာနေတယ်၊ ကိုင်လိုက်လေကွာ"

တစ်ယောက်တည်း သီးခြားကမ္ဘာတစ်ခုကို ရောက်နေသလို ငြိမ်သက်ကြောင်ငေးနေမိသောစုးနစ်မှာ သွင်ခေတ်ရဲ့အသံကြားမှ ဆတ်ခနဲလှည့်ကြည့်လိုက်မိတော့ သွင်ခေတ်က vibration ကြောင့် စားပွဲပေါ်မှာ Ringtone သံလေးမြည်ရင်း လည်နေသောဖုန်းလေးကို မေးဆတ်ပြသည်။

သူ စိတ်မပါ့တပါနှင့်ပင် ဖုန်းလေးကို ကောက်ယူနားထောင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဟဲလို့ စူးနစ်လား''

ကြည်လင်ချိုမြသော ကောင်မလေးတစ်ယောက်ရဲ့ အသံလွင်လွင်လေးကြောင့် စူးနစ်ရင်ထဲ ထိတ်ခနဲပင်ဖြစ်သွားရ၏။

သူ ဘယ်သူလဲ. . .

''ဟုတ်, ကျွန်တော် စူးနစ်ပါ''

''ကိုယ့်ကား မီးခွက်လဲပြီးသွားပြီ၊ အဲဒါ''

''ဪ, ကျွန်တော်နားလည်ပါပြီ၊ ကျတဲ့ငွေကို ဘယ်မှာလာပေးရမလဲ''

''စိမ်းလန်းထဲက Zephyr ကို လာခဲ့ပါလား။ ကိုယ် အခု အဲဒီမှာရှိတယ်။ မင်းအိမ်နဲ့ရော နီးရဲ့လား''

''အင်း, ရပါတယ်''

အင်းလျားကိုသွားရမှာမို့ နည်းနည်းစိတ်အနှောင့်အယှက်ဖြစ်မိပေမယ့် ကိုယ့်ဘက်က လွန်ထားတဲ့ကိစ္စဆိုတော့ တခြားနေရာပြောင်းပြီး ချိန်းလို့လည်းမကောင်းချေ။

ဒါကြောင့် သူ ချက်ချင်းပဲ ခေါင်းညိတ်လိုက်၏။

''ကျွန်တော် အခုပဲလာခဲ့မယ်၊ မိနစ်နှစ်ဆယ်အတွင်း ရောက်





မှာပါ။ ခင်ဗျားစောင့်နိုင်ပါ့မလား''

''ပိုက်ဆံရမယ့်ကိစ္စပဲ၊ ကိုယ်စိတ်ရှည်ရမှာပေါ့''

သူမအသံက သွက်လက်ပေါ့ပါးကာ အတန်ငယ် မြူးပျနေတာကို သူသတိထားလိုက်မိသည်။

စကားနည်းနည်းသာပြောတတ်ပေမယ့် မျက်ဝန်းညိုကြီးတွေမှ အဓိပ္ပာယ်များစွာပါသည့်စကားတွေပြောတတ်သော ထိုကောင်မလေးရဲ့ innocent မျက်နှာကလေးကို ပြန်မြင်ယောင်မိရင်း ဝိုင့်ကိုပါ မဆီမဆိုင်သတိရသွားမိသည့်အခါ အင်းလျားသွားဖို့ကိစ္စကြီးကို သူ ခါးသီးသွားမိပြန်၏။

ဒါပေမဲ့ သူ မသွားလို့လည်း မရတော့ပါ။

ကားပိုင်ရှင်ကောင်မလေးက သူ့ဆီက သဘောတူညီမှုယူပြီး ဖုန်းချသွားပြီဖြစ်လေသည်။

''ဘယ်က ဖုန်းလဲ. . . စူးနစ်''

''ကောင်မလေးတစ်ယောက်ဆီက''

''ဟော!''

သွင်ခေတ်က ဘယ်လိုသဘောပေါက်သည်မသိ၊ တအံ့တသြ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဟန်နှင့် မျက်ခုံးပင့်လေသည်။

underground Dance အခွေကို အာရုံစိုက်ကြည့်နေသော ဗဟိုပင် ဆတ်ခနဲလှည့်ကြည့်ပြီး ပခုံးတွန့်၏။

"ထုံးစံအတိုင်း မင်းကိုလာဒိတ်တဲ့ယောကျ်ားတွေလား ဒါမှမဟုတ်"

စကားလမ်းကြောင်းက ဘယ်လိုရွေ့နေပြီဆိုတာ သိလိုက်တာမို့ သူ ကျစ်ခနဲစုတ်သပ်ပစ်ရင်း. . .

"တစ်ခုမှမဟုတ်ဘူး ဒါက ငါ့ကြောင့် ကားမီးခွက်ကွဲသွားတဲ့ ကားပိုင်ရှင်ဆီက ဖုန်း အခု ပိုက်ဆံသွားလျော်ရမှာ"

"ဟုတ်လား. . . ငါတို့တောင် ဘာမှမသိရပါလား"

ထိုအခါကျမှ မြစ်မင်းကလည်း တအံ့တသြဝင်မေးတော့သည်။

"ဘယ်နေ့က ဖြစ်လာတာလဲ"

"အင်းလျားမှာ ပိုင်နဲ့ပြဿနာဖြစ်တဲ့နေ့က"

"ဩော်, မှန်တယ်ပြီး ရပ်ထားတဲ့ကားကိုတောင် ဝင်တိုက်ပစ်ခဲ့တယ်ပေါ့။ ဟုတ်လား"

ဗဟိုက သူ့ကို အညာအတောကင်းမဲ့စွာ ဝေဖန်လေသည်။ သူတို့လေးယောက်က တက္ကသိုလ်ရောက်မှတွဲမိတဲ့ ဂီတသနာတူမိတ်ဆွေ သူငယ်ချင်းတွေဆိုပေမယ့် နှစ်တွေကြာလာတာနဲ့အမျှ ပြောမနာဆိုမနာ ညီအစ်ကိုရင်းတွေလိုပင်။





Barbarian ဆိုတဲ့ အကအဖွဲ့လေးကို အောင်မြင်စွာ ဖွဲ့စည်းရပ်တည်နိုင်တဲ့အထိ သူတို့ရဲ့တွဲလက်တွေ ခိုင်မာခဲ့ကြသည်။ အားလုံးထဲမှာအချမ်းသာဆုံးက သွင်ခေတ်ဆိုတော့ အစစအရာရာ သူက အနစ်နာခံပြီး အဖွဲ့အတွက် လိုတာမှန်သမျှ ဖြည့်ဆည်းပေးခဲ့တာမို့ သွင်ခေတ်ကိုပဲ ခေါင်းဆောင်တင်ထားတာဖြစ်သည်။

သွင်ခေတ်က ပညာပိုင်းမှာလည်း အားလုံးထက် တော်သည်။ ဒါပေမဲ့ အားလုံးထက် ဆွဲဆောင်မှုရှိပြီး ပရိသတ်မျက်စိကျတာက စူးနှစ်ကိုဖြစ်သည်။ စူးနှစ်ဆိုလျှင် ကောင်မလေးတွေ သည်းသည်းလှုပ်ပင်။

ဒါကြောင့် ဘယ်ကပဲ ဖုန်းလာလာ၊ စူးနှစ်ကို အီသောကောင်မလေးတွေဟုသာ တစ်ထစ်ချကြိုးမှတ်ထားလိုက်တာဖြစ်၏။

"ငါသွားလိုက်ဦးမယ်၊ Zephyr မှာစောင့်နေမယ်တဲ့"

"ဟော့ဟော့, မင်းအခုသွားတွေ့မယ့် ကားပိုင်ရှင်က ယောကျ်ားလား မိန်းမလား"

စူးနှစ်က အစအနောက်သန်သောဗဟိုအကြောင်း သိထားတာ



www.burmeseclassic.com

မို့ တမင်ညာပြောလိုက်၏။

"မိန်းမ, ဒါပေမဲ့ အသက်ငါးဆယ်နီးပါး အန်တီဝဝကြီးတစ်ယောက်။ မင်းလိုက်မလား"

"အိုး! နိုးနိုး. . . မင်းပဲသွားလိုက်ပါ၊ ငါက ကောင်မလေးတစ်ယောက်ဆီကလို့ ကြားလိုက်မိလို့ မင်းအတွက် ဖြေဆေးလေးဘာလေး ရပြီထင်နေတာ"

"တော်စမ်းပါကွာ၊ တစ်ခါက မတော်တဆ၊ နှစ်ခါဆို တိုက်ဆိုင်တာ၊ သုံးခါမြောက်ဆိုရင် ငါ ဘယ်လိုမှခံနိုင်ရည်ရှိမှာမဟုတ်ဘူး။ အနာမကျက်သေးဘူးကွာ"

ပြောပြီး ကားသော့ကိုလှမ်းယူကာ ထွက်လာတော့ သူတို့သုံးယောက်က ရယ်မောစနောက်ရင်း ကျန်ခဲ့၏။

သူ ဖုန်းကြိုဆက်ထားသလိုပင် မိနစ်နှစ်ဆယ်အတွင်းမှာ သူမချိန်းထားသောနေရာသို့ ရောက်သွားခဲ့ပါသည်။ စူးနစ်သည် သူမကို Zephyr ထဲမှ စားပွဲဝိုင်းတစ်ဝိုင်းတွင်ထိုင်ကာ သူ့ကိုစောင့်စားနေလိမ့်မည်ဟူသောအထင်နှင့် ဆိုင်ထဲဝင်ခဲ့သော်လည်း သူမကိုမတွေ့ရ၊ အနီးအနားက စားပွဲတွေမှာလည်း မတွေ့ရတာမို့ ကန်စပ်ကိုမျှော်ကြည့်လိုက်





ဆိုမှာတော့ ကန်စပ်ခုံတန်းလေးဘေးမှာ ရပ်နေသည့်သူမကို တွေ့လိုက်ရလေတော့၏။

သူ ကားသော့ကို ဘောင်းဘီအိတ်ထဲထည့်လိုက်ကာ ကန်စပ်သို့လျှောက်သွားလိုက်သည်။

သူမက စူးနစ်ကိုမမြင်၊ ကန်ဘက်သို့ မျက်နှာမူထားဆဲ။

"ကျွန်မ မောင့်ကိုသိပ်ချစ်ခဲ့တယ်၊ ဘယ်တော့မှလည်း မုန်းလို့ရလို့ရမှာမဟုတ်ပါဘူး မောင်ရယ်၊ ဒါပေမဲ့ ဘယ်လိုမှရှေ့ဆက်လက်တွဲလို့ မဖြစ်နိုင်လို့ပါ။ မောင်ကြားဖူးလားဟင်၊ သစ်ကိုင်းတစ်ကိုင်းမှာ ငှက်ကလေးတစ်ကောင် လာနားပြီး ပျံထွက်သွားတာတောင် အဲဒီသစ်ကိုင်းကလေး လှုပ်ခတ်ကျန်ခဲ့သေးတာ မောင်က ကျွန်မရင်မှာ အချိန်အကြာကြီး နားခိုခဲ့ဖူးတော့ ဘယ်လောက် အမှတ်ရ စွဲမြဲနေလိမ့်မလဲ။ ဘယ်လောက်လွမ်းဆွတ်ကြေကွဲရမလဲ၊ မောင့်ကို ကျွန်မ ရင်နင့်စွာနဲ့ လမ်းခွဲခွာခိုင်းတာပါ။ ကျွန်မကိုခွင့်လွှတ်ပါမောင်။ ပြီးတော့ သိပ်ချစ်ခဲ့တယ်ဆိုတာရယ်၊ တကယ်ချစ်ခဲ့ဖူးတယ်ဆိုတဲ့အသိရယ်ကို ဒီနေ့ကစပြီး မေ့လိုက်ပါ။ အဲဒါဆို မောင်ခံစားရတဲ့ဝေဒနာ သက်သာမှာပါ"

စကားသံအဆုံး အင့်ခနဲရှိုက်သံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမပခုံးနှစ်ဖက်က တသိမ့်သိမ့်လှုပ်သွား၏။

သူ မျက်မှန်ကို ခပ်ဖြည်းဖြည်းဆွဲချွတ်ရင်း မျက်မှောင်ကြုတ်လိုက်မိသည်အထိ သူမရဲ့စကားတွေမှာ နှစ်မျောပျော်ဝင်သွားရသည်။ သူမစကားတွေက ကိုယ့်ကိုပဲပြောနေသယောင်။

ဒါပေမဲ့ ထိုကဲ့သို့အံ့သြမင်သက်သွားခြင်းက တစ်ဒင်္ဂသာကြာမြင့်ပါသည်။

သူမတစ်ယောက်တည်း ကန်ချေပြင်ကို မျက်နှာမူကာ တီးတိုးရေရွတ်ပြောနေခြင်းမို့ သူ ဘယ်လိုမှနားမလည်နိုင်စွာပင် ခေါင်းရမ်းလိုက်မိသည်။

ဒီမိန်းမက ယဉ်ယဉ်လေးရူးနေတာလား။ ဒါမှမဟုတ် သူမရဲ့ခံစားချက်တွေကို ဒီမှာတစ်ယောက်တည်းလာပြီး ဖွင့်အံချနေခြင်းလား။

မေးခွန်းပေါင်းများစွာနှင့် ပတ်ချာလည်နေဆဲ သူမက ဆတ်ခနဲလှည့်လာသည်။ စူးနှစ်ကို မြင်လိုက်တော့. . .

"အမယ်လေး. . ."

ဂရေး တကယ့်ကို ရုက်လန့်ပူထူသွားမိပါ၏။

ဆိုင်ထဲက ခုံမှာပြန်ထိုင်ပြီး ခုနပြောကြည့်ခဲ့သောစကားတွေ





ကို စာရွက်ပေါ်ရေးချဖို့ စိတ်ကူးနှင့်လှည့်လိုက်ခါမှ နောက်မှာရပ်ပြီး မျက်မှောင်ကြုတ်ကာ သူမကို ခပ်တွေတွေကြီးငေးနေသည့်စူးနှစ်ကို ရုတ်တရက်မြင်လိုက်ရတာမို့. . .

"ဟယ်! ဘယ်ကဘယ်လိုရောက်၊ အဲဒါ ခုနဟာကလေ"

အို. . . ကယောင်ကတမ်းနှင့် ဘာတွေပြောမိပါလိမ့်။ စူးနှစ်, သူမကိုကြည့်ပြီး ပြုံးချင်ချင်ဖြစ်သွားရပါသည်။ တစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ် ပြောချင်ရာတွေပြောပြီး ခုမှ ရှက်ကိုးရှက်ကန်ဖြစ်နေပုံက ဗီဒီယိုကင်မရာရှိလျှင် ရိုက်ထားလိုက်ဖို့သာ ကောင်းတော့၏။

"ကျွန်တော်က ခင်ဗျားဆိုင်ရဲ့တစ်နေရာရာမှာ ရှိမယ်ထင်တာ"

"အင်း, ခုန ဆိုင်ထဲမှာပါ။ အခုလေးတင်ပဲ စိတ်ကူးရတာနဲ့ အဲဒါလေ"

"ရပါတယ်. ကျွန်တော်စိတ်မဝင်စားပါဘူး။ ရှင်းမပြလည်း ရပါတယ်"

သူ့ကို လုံးဝမော့မကြည့်တော့ဘဲ ဆံပင်တိုတိုလေးကို ဆွဲဖွလိုက်၊ လည်တိုင်ကို လက်ဖဝါးလေးနှင့်ပွတ်လိုက်လုပ်ကာ ရှက်နေသောသူမကိုအားနာမိသောကြောင့် တမင်ပြောလိုက်ခြင်းပေမယ့် ခုန သူမ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသောစကားတွေကို စိတ်ဝင်စားမိတာကတော့ တကယ်ပဲဖြစ်လေသည်။

သူ့စကားကြောင့် ဂရေးသည် စိတ်သက်သာရာရကာ သက်ပြင်းချနိုင်တော့၏။

"ကျွန်တော့်တို့ ဟိုမှာသွားထိုင်ရအောင်၊ တစ်ခုခုသောက်ရင်းပေါ့"

အလာတုန်းက အဲလိုဖော်ရွေရင်းနှီးဖို့တွေ ပါမလာ။ ခုမှ ဘယ်လိုစိတ်ကူးပြောင်းသွားလဲ ကိုယ်တိုင်ပင် မသိလိုက်တော့။ လတ်တလောမှာတော့ တစ်ယောက်တည်း စကားတွေပြောပြီး ဝမ်းနည်းနေသောကောင်မလေးကိုသာ စိတ်ဝင်စားလှသည်။ သူလည်း ကိုယ့်လို အသည်းကွဲနေသူလား။

ခုနပြောသွားတဲ့ဒိုင်တွေကရော့ တကယ့်အပြင်းစားပဲ ဖြစ်သည်။ ဘယ်သူ့ကိုခြွေဖို့ rehearsal လုပ်နေသည်မသိ၊ သူကတော့ နားစွန်နားဖျားကြားရုံနှင့်ပင် ကြွေချင်သလိုလိုဖြစ်သွားရပါ၏။

ဂရေးသည် ဟိုနေ့ကလို အေးစက်စက်ရှုတင်းတင်းအမူအရာမရှိတော့သည့်စူးနစ်ကိုကြည့်ကာ အံ့သြနေမိသည်။





ထို့ပြင် ဝတ္ထုရေးဖို့စဉ်းစားထားသည့် plot ထဲမှ ဇာတ်ကောင်တွေကို ရွေးတိကြည့်မိသည့်ကိုယ့်အဖြစ်ကိုယ်လည်း မကျေမနပ် ရှက်လန့်ကာ ဒေါသတွေဖြစ်နေမိတော့၏။ ဆိုင်မဆိုင်တော့မသိ။

အဲဒါ သိမ်မွေ့ကြောင့်ဟုပင် လှမ်းပြီးကျိန်ဆဲလိုက်မိသေးသည်။ နှုတ်က ရွတ်ဆိုကြည့်ရုံဆို တော်သေး။ အခုဟာက အသံနေအသံထားတွေရော အမူအရာတွေပါ,ပါကာ မျက်ရည်စို့တဲ့အထိ ဖီလင်က ဝင်လာတော့ နောက်မှာ လူတစ်ယောက်လုံး မားမားကြီးလာရပ်နေတာတောင် သတိမရတော့တဲ့အဖြစ်။

ပြီးတော့ ထိုစကားတွေကို သူတစ်မျိုးထင်သွားမှာလည်း စိုးရိမ်နေမိကာ ဘယ်ကစရှင်းပြရမလဲဟု တိတ်တိတ်ကလေးစဉ်းစားမိတော့၏၊

"ဘာသောက်မလဲ၊ အဲ, နာမည်လည်းမသိဘူး"

"ဂရေးပါ"

"ဂရေး. . . ဘာအဓိပ္ပာယ်လဲ၊ grace လား gray လား"

စူးနစ်စကားကြောင့် ဂရေးပြုံးလိုက်မိပါသည်။

"ဂရေးက ဂရေးပဲပေါ့။ မီးခိုးရောင်လို့ပဲ မှတ်ထားပါ။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



နာမည်လည်း အဲဒါ၊ ကျောင်းနာမည်လည်း အဲဒါပဲ။ ကျောင်းနာမည် အပြည့်အစုံကတော့ ဂရေးရင့်တဲ့''

''ဩော်, တစ်မျိုးပဲနော်။ ဘာသောက်မလဲ မဂရေး၊ အင်း, ခေါ်ရခက်တယ်နော်။ ဂရေးပဲထားပါတော့''

''ရပါတယ်၊ ကိုယ် ခုန မစ်ရှိုတ်သောက်ထားသေးတယ်။ အခု ကုတ်တစ်ဘူးပဲ မှာလိုက်တော့''

ဂရေးစကားအဆုံး၌ သူက ပြုံးပြုံးရွှင်ရွှင်နှင့်ပင် ကုတ်တစ်ဘူး နှင့် သူ့အတွက် အအေးတစ်မျိုး မှာပေးပါသည်။ ပြီးမှ. . .

''ဟို ဘောက်ချာစာရွက်ရော''

ဟု စမေးပါတော့သည်။

အင်း. . . တိတိကျကျလုပ်တတ်တဲ့ပုံပါလား။ ဂရေး အိတ်ထဲ မှဘောက်ချာစာရွက်လေးကိုထုတ်ပြီး ပေးလိုက်ပါသည်။ ထိုစာရွက်ထဲ မှာ မီးခွက်အတွက်ရော၊ ပြင်ဆင်ခတွေပါ ထည့်ပေါင်းပြီးသားဖြစ်သည်။

စူးနစ်, စာရွက်လေးထဲမှ ကျသင့်ငွေကိုကြည့်ပြီး မျက်ခုံးပင့် လိုက်မိတာကို ဂရေးက မြင်ဖြစ်အောင်မြင်လိုက်ကာ. . .

''များနေလို့လားဟင်''





ဟုမေးပါသည်။

''မများပါဘူး။ ဒီလောက်တော့ကုန်မှာပေါ့''

အစကတည်းက သိန်းဂဏန်းလောက် မှန်းထားပြီးသားမို့ ထို သို့မထင်ပါ။ မျက်ခုံးပင့်တာက ဘာရယ်မဟုတ် လုပ်တတ်သည့်သူ့အကျင့် တစ်ခုသာဖြစ်ပါသည်။

''တစ်ခုလောက် မေးလို့ရမလားဟင်''

''ဟာ! ''

''အိုး! ''

နှစ်ယောက်စလုံး ပြိုင်တူပြောလိုက်မိပြီးမှ တိုက်ဆိုင်မှုကို အံ့ ဩရတော့မလို ထရယ်ရတော့မလိုဖြစ်သွားသည်။

''ကဲကဲ, ဂရေးကို ကျွန်တော်ဦးစားပေးပါတယ်၊ မေးပါ''

''ရပါတယ်၊ မင်းအရင်မေးပါ။ ကိုယ်, ပြီးမှမေးတော့မယ်''

အဲဒီအချိန်မှာပဲ မှာထားသည့်အအေးနှစ်မျိုး ရောက်လာတာ မို့ စကားစပြတ်သွားခဲ့။

''မေးပါ. . . ဂရေး့မေးမှာကို ကျွန်တော်စိတ်ဝင်စားပါတယ်''

ဂရေးကပြုံးရင်း ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်မျိုးတော့ မထင်စေချင်ဘူးနော်၊ ကိုယ့် မင်းဆီက ဝယ်ချင်စိတ်ရှိတယ်၊ ပြီးတော့ မင်းဘက်က ရောင်းဖို့စိတ်ဝင်စားလား မဝင်စားလားဆိုတာ မသိရသေးဘူး။ ကိုယ် ဘယ်ကစပြောရမှန်းတောင် မသိဘူး"

စူးနစ် ကြိတ်ပြီး ဘုရားတလိုက်မိပါသည်။

ခုမှရင်နှီးခါစရှိသေးသည့်မိန်းကလေးတစ်ယောက်က သူ့ဆီက ဘာများဝယ်မှာပါလိမ့်။

သူမပုံစံက ကုန်သည်ပွဲစားရုပ်လည်းမပေါက်ချေ။

သူမက တစ်မျိုးမထင်စေချင်ဘူးဟု စကားပလ္လင်ခံကာ ခပ်ညည်းညည်းလေးကြိုတင်ရှေ့ချကာမှ သူက တစ်မျိုးမကအောင် အမျိုးမျိုးတွေးလိုက်ပြီးပြီ။

"ကျွန်တော့်ဆီက ဝယ်စရာရှိတယ်. . . ဟုတ်လား"

သူ့ကိုယ်သူ လက်ညှိုးနှင့်ညွှန်ရင်း မျက်ခုံးလေးပင့်ကာ တအံ့တဩပြောလိုက်သော စူးနစ်ရဲ့မျက်နှာချောချောကိုကြည့်ပြီး ပုန္နေးလှုပ်ခတ်သောရင်ခုန်သံတို့နှင့်အတူ ဂရေး ပြုံးပြုံးလေးခေါင်းညိတ်လိုက်မိပါ၏။





"ဟုတ်တယ်. . . ကိုယ်က မင်းဆီက ဝယ်ချင်တာ။ အဲဒါက အရာဝတ္ထုမဟုတ်ဘူး. . . ဒါပေမဲ့ တန်ဖိုးဖြတ်လို့မရတဲ့အရာလည်းဖြစ်တယ်"

သူ့စိတ်လှုပ်ရှားစ ပြုလာချေပြီ။

"ဘာများဖြစ်မလဲ၊ ကျွန်တော်စိတ်ဝင်စားပါတယ်။ ပြောကြည့်လေ"

"ကိုယ်ဝယ်ချင်တာ လက်တလော မင်းရင်ထဲမှာ ဖြစ်နေတဲ့ ခံစားချက်ပဲ။ ဘယ်လိုလဲ. . . ကိုယ့်ကိုရောင်းနိုင်မလား"

အံ့ဩဖွယ် ထိုမိန်းမရဲ့စကားအဆုံးမှာ အသက်ရှူဖို့မေ့လျော့သွားသူက စူးနစ်။

"ဘယ်လို! ကျွန်တော့်ခံစားချက်ကိုဝယ်မယ်၊ ဟုတ်လား"

"အင်း ဟုတ်တယ်၊ မင်းရင်ထဲမှာဖြစ်နေတာတွေ ကိုယ်သိချင်တယ်။ အဲ့အတွက် ဒီအတိုင်း မစပ်စုချင်ဘူး။ မင်းဆန္ဒရှိရင် တန်ရာတန်ကြေးနဲ့ရောင်းပါ"

"တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမကြားဖူးပါဘူး။ ကိုယ့်ခံစားချက်ကိုပဲ ရောင်းရမယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ အုကြောင်ကြောင်နိုင်ရန်ကောလို့ ပြောချင်နေတဲ့အကြည့်တွေမျက်လုံးတွေကိုလည်း ဂရေး နားလည်ပါရဲ့ကွယ်။ ဒါပေမဲ့ ဂရေးကလည်း ကိုယ့်စိတ်ကူးနဲ့ကိုယ်။

"ဒါ, ကိုယ်လိုချင်တာကို ပြောတာပါ။ မင်းစိတ်မဝင်စားဘူးဆိုလည်း ကိုယ်ဘာတတ်နိုင်မှာပါလိမ့်။ ဒါနဲ့ မင်းမေးချင်တယ်ဆိုတာကရော ဘာများလဲ"

"ခုန ကျွန်တော်လာတုန်းက ဂရေးပြောနေတာ ဘာတွေလဲဟင်။ ဟို, စပ်စုတာမဟုတ်ဘူးနော်၊ အဲဒီစကားထဲမှာ ဂရေးပြောတဲ့စကားတစ်ခွန်းကို စိတ်ဝင်စားလို့ပါ"

"ကိုယ်ပြောတဲ့စကား. . . ဘာများလဲဟင်"

စုးနစ်သည် ဘယ်ကပြန်စရမှန်းမသိသလို အကြံအိုက်သွားမိ၏။

ဂရေးကတော့ စုးနစ်ဖြစ်နေပုံလေးကို ရယ်ချင်ကာ ပရိသတ်တွေအများကြီးရှေ့မှာ ဟန်ပန်အမျိုးမျိုး ကပြလှုပ်ရှားနေတဲ့ စုးနစ်ဆိုတဲ့ကောင်လေးက ဒီလိုလည်း ရှက်တတ်နေပါလားလို့ တွေးနေမိလေသည်။





"ဟိုလေ, သိပ်ချစ်ခဲ့တယ်ဆိုတဲ့အသိကို မေ့ပစ်ရမယ်ဆိုလားဘာလား။ အဲဒါဆို ဝေဒနာတွေ သက်သာမယ်ဆိုတာလေ။ အဲဒါ ဘာအဓိပ္ပာယ်လဲဆိုတာ သိချင်လို့ပါ"

"ဪ, အဲဒါက ကိုယ့်ရဲ့ဝတ္ထုထဲမှာသုံးဖို့ ဒိုင်ယာလော့ခ်တွေပါ။ စုးနစ် နားလည်အောင် ရှင်းပြရမယ်ဆိုရင် တော်တော်ရှည်သွားမှာပဲ"

စုးနစ်သည် သူမရဲ့စကားကြောင့် အံ့ဩသွားမိပြန်သည်။ သူ့အုကြောင်ကြောင်ဟုထင်ခဲ့သောကောင်မလေးက ဝတ္ထုတွေ ရေးတယ်ဆိုပဲ။

"ဂရေးက စာရေးဆရာမလား"

"ဝတ္ထုတွေရေးတဲ့သူပါ"

"အတူတူပေါ့ဗျာ၊ အခုမှပဲနားလည်သွားတော့တယ်။ အစက ဘာလို့မပြောတာလဲ"

"မင်းက မေးခဲ့လို့လား"

"ဂရေးလည်း ကျွန်တော့်ကိုမမေးခဲ့ပါဘူး"

"မေးစရာလား. . . မင်းကိုမြင်တာနဲ့ ဘယ်သူဆိုတာ သိနိုင်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ”

“ဟုတ်လား, ကျွန်တော်က နည်းနည်းဘဝင်မြင့်တတ်တယ်ဗျ။ လျှော့ပြော. . .”

သူ့ရဲ့ ရယ်ရွှင်မြူးတူးစွာ ပြောလိုက်ပုံကြောင့် ဂရေး ရယ်မိသွားသည်။

ကြည့်စမ်း! သူနဲ့ကိုယ်ဟာ ကားမတော်တဆဖြစ်တဲ့ကိစ္စလေးတစ်ခု အရင်းပြုပြီး ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားလိုက်တာ။

သိမ်မွေ့ရေ, ရှင်မြင်ရင် သိပ်မနာလိုဖြစ်တော့မှာပဲ။ ခု ကျုပ်နဲ့စကားပြောနေတာ Barbarian အဖွဲ့ထဲက Dancer လေးတစ်ယောက် ရှင့်။

ရုပ်ကလေးချောသလောက် ဖော်ရွေတဲ့အပြုံးလေးနဲ့ စကားပြောကောင်းပုံက သိပ်ကိုနှစ်လိုဖွယ်ကောင်းတာပဲ။ တကယ်ပဲ ကျုပ်သူ့ကိုကြွေတယ် သိမ်မွေ့ရေ။

“အဟုတ်ပြောတာ စူးနစ်ရဲ့။ Champion of Dance မှာ မင်းတို့အဖွဲ့ ဝင်ပြိုင်ကတည်းက အမှတ်ရနေတာ။ အဲဒီတုန်းက မင်းတို့လေးယောက်လုံး mask တွေ သုံးထားတယ်။ ဒါပေမဲ့ မင်းကို ကိုယ်





ကောင်းကောင်းခွဲခြားနိုင်တယ်။ အားလုံးထဲမှာ မင်းရဲ့ကိုယ်နေဟန်က ကြည့်အကောင်းဆုံးလေ”

စူးနစ်သည် ဂရေးပြောသမျှ ပါးစပ်အဟောင်းသားနှင့် မျက်လုံးအစုံပြူးဝိုင်းကာ ငြိမ်ငြိမ်လေးနားထောင်နေပါသည်။

ပြောချင်ရာတွေစွတ်ပြောပြီးမှ ဂရေးလည်း ရက်ရက်ကောင်းမှန်း သတိရကာ စကားကိုရုတ်ချည်းရပ်ပစ်လိုက်ပေမယ့် သူ့နှုတ်ခမ်းလေး ကော့ညွတ်ပြီး ပြုံးတုံ့တုံ့ဖြစ်သွားတာကိုတော့ အချိန်မီမတားဆီးလိုက်နိုင်ပါ။

“ဆရာမက တကယ်အမြှောက်တော်တယ်ဗျာ”

အို, အဲလိုခပ်ဖော့ဖော့ပြောပေးတာ ကျေးဇူးတင်ပါတယ် စူးနစ်ရယ်. . .

ကိုယ်, မင်းကို အရူးအမူးစွဲလမ်းနှစ်သက်ခဲ့ရတာတွေ မသိစေချင်လို့ပါ။

“မြှောက်ပြောတာမဟုတ်ပါဘူး။ ကိုယ်သဘောကျတဲ့အနုပညာရှင်တစ်ယောက်ကို ခုလိုပြောခွင့်ရတာ နည်းနည်းနောနောအခွင့်အရေးမဟုတ်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ဂရေးလည်း ပြည်သူချစ်တဲ့စာရေးဆရာမပဲ။ ဒါပေမဲ့ ကျွန်တော်တော့ မသိဘူးနော်။ ကျွန်တော်က ဝတ္ထုတွေဘာတွေ သိပ်မဖတ်တော့လေ"

သူ့စကားသံက အားနာဟန်တွေတောင် စွက်နေရဲ့။

ကိစ္စမရှိပါဘူးကွယ်. . . ကိုယ်ဘယ်သူဆိုတာ မင်းမသိလည်း ရပါတယ်။

"ဒါကြောင့် ဂရေးက ကျွန်တော့်ကို စကားဆန်းဆန်းတွေပြောတာကိုး။ ဘာတဲ့. . . ခံစားချက်ကိုယ်ချင်တယ်ဆိုလား။ ကုန်ကြမ်းရှာတယ်ပေါ့လေ။ ကောင်းပါပြီဗျာ. . . ကျွန်တော်စဉ်းစားပေးပါ့မယ်။ ရောင်းဈေးကတော့ များမှာပဲ၊ ညှိနှိုင်းဈေးနဲ့အဆင်ပြေမှာပေါ့"

"ကုန်ကြမ်းရယ်လို့မဟုတ်ပါဘူး. . . မင်းမှာ စိတ်ဝင်စားစရာကောင်းတဲ့ဇာတ်လမ်းလေး ရှိမယ်လို့ အသေအချာသိထားလို့ပါ။ ပြီးတော့ အဲလိုခံစားချက်ရှိတဲ့လူက တခြားတစ်ယောက်ကို ရင်ဖွင့်လိုက်ရင် နည်းနည်းပေါ့သွားနိုင်တယ်လေ။ မင်းရော ကိုယ်ရော အကျိုးမယုတ်ပါဘူး။ မင်းက ကိုယ့်ကိုယုံယုံကြည်ကြည်ရင်ဖွင့်မယ်၊ ကိုယ်က အဲဒါကို လှပတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်အောင် အသက်သွင်းမယ်လေ။ မကောင်း





ဘူးလား"

ဂရေးရဲ့စကားသံတွေက အပေးအယူသဘောထက် သူ့ကိုကြင်နာယုယစွာ ဖေးမယုယလိုခြင်းတွေ ပြည့်နှက်လို့နေလေသည်။

စူးနစ်ကတော့ မျက်မှောင်ကြုတ်လျက် နားထောင်နေရင်းကမှ. . .

"မကောင်းပါဘူးဗျာ. . . ဘဝဆိုတာ လိုသလိုဇာတ်သိမ်းလို့ရတာမျိုးမှမဟုတ်တာ။ ကံကြမ္မာဆိုတာ ခင်ဗျားရေးနေကျ ဝတ္ထုထဲက ဇာတ်ကွက်တွေလို ပုံသေမရှိဘူးဗျ"

"အိုး. . . ကံဆိုတာ လူက ဖန်တီးတာပါ စူးနစ်ရဲ့။ ဘာပဲဖြစ်ဖြစ်ပေါ့လေ, မင်းစိတ်မဝင်စားတာကို အတင်းအကျပ်မတောင်းဆိုပါဘူး"

"ဒါနဲ့ ကျွန်တော်နဲ့ပတ်သက်တာတွေ ဘာတွေသိထားလို့လဲ။ ဂျာနယ်ထဲမှာ ရေးနေကြတဲ့သတင်းတွေဖတ်ပြီး ခုလိုအစ်တာကတော့ သိပ်မမိုက်ပါဘူး"

"ဂျာနယ်ဖတ်ပြီးပြောတာ မဟုတ်ပါဘူး။ ကိုယ်က မျက်မြင်ကိုယ်တွေ့လေ။ အဲ့နေ့ကပဲ မင်း ကိုယ့်ကားမီးခွက်ကို ခွဲပစ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားအဆုံး စူးနစ် ကျစ်ခနဲစုတ်သပ်လိုက်မိတော့၏။

တကယ်ပဲ ဒီစာရေးဆရာမက Paparazzi တစ်ယောက် လိုပါပဲလား. . .

''ခုလောလောဆယ်တော့ အဲဒါတွေ ပြန်ပြောဖို့ စိတ်ကူးမရှိသေးဘူးဗျာ။ ဒီမှာ ခင်ဗျားကို လျော်ရမယ့်ပိုက်ဆံ၊ ကျွန်တော်သွားတော့မယ်။ ဪ, ခင်ဗျားရဲ့စကားတစ်ခွန်းအတွက်တော့ ကျွန်တော် ကျေးဇူးတင်ပါတယ်။ အဲဒီအဓိပ္ပာယ်ကိုနားမလည်ပေမယ့် နည်းနည်းသိနေသလိုပဲ''

''ဘာကိုလဲ''

''သိပ်ချစ်ခဲ့တယ်ဆိုတဲ့အသိကို မေ့ပစ်ရင် ခံစားရတာ သက်သာမယ်ဆိုတာလေ''

စကားအဆုံး သူက စားပွဲပေါ်မှာတင်ထားသည့်မျက်မှန်နှင့် Wallet ကိုယူကာ ထထွက်သွားသည်။ ခပ်လှမ်းလှမ်းရောက်တော့မှ ဂရေးက. . .

''ဟိတ်! ဒီမှာ, ကိုယ်က ဝတ္ထုထဲမှာ သုံးဖို့ ကိုယ့်ဖာသာကိုယ် စီထားတာ။ မင်းအတွက် အသုံးဝင်မှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ မင်းဘယ်လိုမှမေ့နိုင်မှာမဟုတ်လို့ပဲ''





ဂရေးစကားအဆုံး သူက မျက်မှန်ကို ဟန်ပါပါပြန်တပ်ပြီး ဂရေးကို မေးတစ်ချက်ဆတ်ပြကာ နားထင်နားမှာ လက်ညှိုးလေးထောက်ပြီးမှ နှစ်ပတ်သုံးပတ်လောက် လှည့်ဝိုက်ပြပါသည်။

ဪ ဂရေးကို ဦးနှောက်မကောင်းဘူးလို့ပြောတယ်ပေါ့လေ။

ဒေါသဖြစ်ဖို့ကောင်းလေစွ။

ဒါပေမဲ့ လှည့်ထွက်သွားတဲ့သူ့ကျောပြင်ကိုကြည့်ပြီး ဂရေး ဟက်ဟက်ပက်ပက်ရယ်ချမိပါသည်။

သိပ်ချစ်ဖို့ကောင်းတဲ့ကောင်လေးပဲကွယ်။ ရှင့်ချစ်သူဖြစ်ခဲ့ဖူးတဲ့မိန်းမကို ဂရေး အားကျလိုက်တာ။ ပြီးတော့ ဝေဖန်ရှုတ်ချချင်လိုက်တာ။ ဘာကြောင့်များ ရှင့်ရဲ့ဘေးကနေ စွန့်ခွာထွက်ပြေးရလောက်အောင်တွေဝေမိုက်မဲခဲ့ပါလိမ့်။

အို. . . ကိုယ် မစဉ်းစားတတ်အောင်ပဲကွယ်။

ဒါကြောင့် ကိုယ် မင်းရဲ့ခံစားချက်တွေကို ဝယ်ချင်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"နေဦးလေကွာ. . . မြစ်မင်းက အရမ်းမြန်လွန်းနေတယ်။ အား. . . သေတော့မှာပဲ။ ဗဟိုငပျော့, နည်းနည်းလောက် တောင့်ထားစမ်းပါ။ မင်းအဲလိုလုပ်ပုံနဲ့ ငါ လက်ကျိုးလိမ့်မယ်"

နောက်တစ်လလောက်မှာ ကျင်းပတော့မယ့်ရှိုးပွဲအတွက် သူတို့အဖွဲ့ အသည်းအသန် အကတိုက်နေရခြင်းဖြစ်သည်။

ချွေးတွေတရွှဲရွှဲ ခြေလက်တွေ ကိုက်ခဲညောင်းညာနေပေမယ့် မြူးမြူးကြွကြွသံစဉ်စည်းချက်ကြားမှာ မမောနိုင်မပန်းနိုင် ကကွက်ဆန်းတွေထွင်ရင်း ပျော်နေကြတာ သူတို့လေးယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကနေရင်း ပါးစပ်ကလည်း အဆက်မပြတ်အော်ဟစ်နေသော သွင်ခေတ်ကိုကြည့်ပြီး သူရယ်မိသည်။

ဒါကို သွင်ခေတ်ကလည်း မြင်သည်။

“စူးနစ် မရယ်နဲ့၊ ဒီအကွက်မှာ မင်းက လုံးဝရုပ်သေတည့် ထားရမှာနော်”

ဟု ထပ်အော်ပြီး သတိပေးပြန်လေသည်။ သွင်ခေတ်အတန်တန်အော်နေတဲ့ကြားက မြစ်မင်း ခုန်အတက်မှာ ဗဟိုတစ်ယောက် ညွတ်ခနဲ ခွေလဲသွားသည့်အတွက် အားလုံးဝေါခနဲရယ်မိတော့၏။ သွင်ခေတ် မျက်နှာကြီး စူပုပ်မှုန်ကုပ်ပြီး CD player ကိုသွားပိတ်သည်။ မြူးကြွနေသော DJ သံစဉ်က အခန်းထဲမှာ တိခနဲရပ်သွားတော့မှ သူတို့လေးယောက် ခြေပစ်လက်ပစ်ထိုင်မိကြ၏။

“ကရတာ မမိုက်ဘူးကွာ။ ဘာလိုနေမှန်းမသိဘူး”

သွင်ခေတ်စကားအဆုံး စူးနစ် တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။ မြစ်မင်းက လက်အိတ်ကိုဆွဲချွတ်ရင်း. . .

“ဘာလိုရမှာလဲကွာ၊ လူတစ်ယောက် လိုနေတာပေါ့။ ဝိုင်ရှိရင် သိပ်ကောင်းမှာပဲ”





ဟု ညည်းညူသလိုပြောစဉ်မှာတော့ စူးနစ်ရဲ့ညာဖက်လက်က ရုတ်တရက် ထုံကျင်ကိုက်ခဲလာတာမို့ လက်ကောက်ဝတ်ကို ဆုပ်ညှစ်ပြီး ရှုံ့မဲ့လိုက်မိ၏။

စကားပြောလျှင် ပိသသလေးနဲ့ ဘေးပစ်ပြောတတ်သလောက် သူငယ်ချင်းတွေအပေါ် အလွန်ညာတာဖေးမတတ်သောဗဟိုက ချက်ချင်းပင် စူးနစ်ဘေးနားရောက်လာကာ. . .

“လက်က ကိုက်ပြန်ပြီလား စူးနစ်။ ဆေးလိမ်းပြီး ပတ်တီးစည်းထားပါလား”

“ရတယ်၊ အေးတော့ တစ်ချက်တစ်ချက် ကိုက်တယ်။ နည်းနည်းနွေးသွားရင် သက်သာမှာပါ”

စူးနစ်စကားအဆုံး သွင်ခေတ်က စိတ်မကောင်းဖြစ်ဟန်နှင့် ငေးကြည့်ပြီးမှ သက်ပြင်းတစ်ချက်ရှိုက်၏။

ပြောမိလိုက်ပြီးမှ အားနာသွားဟန်နှင့် မြစ်မင်းက သူ့ခေါင်းက ဆံပင်ရှည်ရှည်တွေကိုဆွဲဖွရင်း ခပ်တိုးတိုးရယ်တော့ ဗဟိုက လက်သီးနှင့် ခပ်ဖွဖွလှမ်းထိုးသည်။

စူးနစ်ကတော့ အတွေးနဲ့ငြိမ်သက်ငေးမောနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရော့, ဒါလေးဖျန်းပြီး ပတ်တီးစည်းထားလိုက်။ jointace လည်း ကောင်းတာပဲ။ ဟိုနေ့က ငါ့အမေ ရေချိုးခန်းထဲမှာ ခြေချော်တာ ခြေကျင်းဝတ် ယောင်သွားတယ်။ အဲဒါ jointace နဲ့ သက်သာသွား တာ။ လော်လောဆယ်တော့ ဒါပဲပါတယ်။ ဒီကပြန်ရင် ဝင်ဝယ်သွား"

သွင်ခေတ်ကမ်းပေးသော လိမ်းဆေးဘူးနှင့် ပတ်တီးလိပ်ကို ယူပြီး ဗဟိုက စူးနှစ်လက်ကို ဆေးလိမ်းပတ်တီးစည်းပေးသည်။

ဗဟို ဆေးလိမ်းပေးနေတာကြည့်ပြီး သူ ဝိုင့်ကို ပြင်းပြင်း ပြ လွမ်းဆွတ်မှတ်သိပ်လာမိ၏။ ယခင်က ဒီလိုဖြစ်တိုင်း ဆေးလိမ်းပေ သူဟာ သူ့ချစ်သူ ဝိုင်သာဖြစ်သည်။

ဆေးပုပ္ပတွေကို သူမလက်ကလေးနှင့် တို့ထိပြီး သူအသားထဲ စိမ့်အောင် မနာမကျင်စေရဘဲ ဂရုတစိုက်လိမ်းပေးရင်း နှုတ်မှလည်း အဘွားအိုလေးလို တတွတ်တွတ်မှာလို့ မဆုံးနိုင်အောင်ရှိတတ်သူ။

"ဒီဘက်လက်နဲ့ အလေးအပင် မ,မနဲ့ စူးနှစ်ရဲ့၊ ရှင်ကလေ သိပ်ပေတာပဲ။ ဒီအစွပ်ကိုလည်း အိုက်တယ်ဆိုပြီး အမြဲချွတ်ချွတ်ထား တယ်။ ညဘက် အရမ်းအေးနေတာကို။ ဒီလက်ကို နွေးနွေးထွေးထွေး ထားစမ်းပါ။ သိပ်လည်း အလုပ်မပေးနဲ့။ ဂစ်တာတောင် မတီးစမ်းပါနဲ့





စူးနှစ်ရယ်။ အဲဒီသွင်ခေတ်ကလည်း သိပ်ရက်စက်တာပဲ။ ဝိုင့်ရည်းစား ကိုများ မညှာမတာနိုင်းရတယ်လို့။ တော်ပြီ, နောက်ဆို သူပဲ အဲလို က ပါစေ။ ရှင် မကရဘူး။ တစ်ကိုယ်လုံးရဲ့ဝိတ်ကို ရှင့်လက်ပိန်ပိန်လေးနဲ့ ဘယ်လိုထိန်းမလဲ။ အသည်းယားဖို့ကောင်းလိုက်တာ။ ရှင်က dancer နော်, စူးနှစ်၊ ဆပ်ကပ်သမားမဟုတ်ဘူး။ နောက် အဲလို သည်းထိတ်ရင် ဝို့ အကွက်ဆန်းတွေ မထွင်စမ်းနဲ့ဟယ်"

သူမအသံသည် စူးနှစ်နားထဲတွင် ပီပီသသကြီးကိုပြန်ကြား ယောင်လာရသည့်အခါ ရင်ထဲ၌ နင့်သထက်နင့်ရသည်။

ဘေးနားမှာ ထိုင်ပြောနေသလိုလည်း ခံစားရ၏။ အဲဒီနောက် မှာတော့ နင့်ကိုမုန်းတယ်ဟုပြောကာ သူ့ကို ပိုးစိုးပက်စက်ကျောခိုင်း ထွက်ခွာသွားသည့်ပုံရိပ်တွေကို မြင်ယောင်လာကာ သူ့လက်ကိုဆတ်ခနဲ ရုပ်ပစ်လိုက်မိသည်။

"ဟာ! ဒီမှာ ပတ်တီးစည်းနေတာ မပြီးသေးဘူးကွ။ ဘယ်လို ဖြစ်တာလဲ"

ဗဟိုက သူ့လက်ကို ပြန်ဆွဲထားရင်း အထိတ်တလန့်အော် သည်။ သူ ဆောင့်ရုန်းလိုက်တဲ့အရှိန်ရယ်၊ ဗဟိုပြန်ဆွဲလိုက်တဲ့အရှိန်



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကြောင့် လက်က ပိုပြီးနာကျင်အောင့်မျက်သွားရလေတော့၏။

သူ နှုတ်ခမ်းကို တင်းခနဲကိုက်လိုက်မိသည်။

သူ့ရင်တစ်ခုလုံး စုတ်ပြတ်ကြေမွနေပါပြီ။

ဝိုင်, မင်းကျေနပ်ပါတော့။

တိတ်ဆိတ်ခြင်းက အခန်းထဲမှာ ကြီးစိုးနေသည်။ အားလုံ

အတွေးကိုယ်စီနဲ့ တိတ်ဆိတ်လို့နေကြ၏။

သူ ထိုင်ရာမှ ထရပ်လိုက်သည်။ စားပွဲပေါ်မှာတင်ထားသော

ကျောပိုးအိတ်ထဲမှ ဟန်းဖုန်းကလေးကိုထုတ်လိုက်သည်။ ထို့နောက်

အလွတ်မရသောဖုန်းနံပါတ်က တစ်စုံကို စတင်နှိပ်လိုက်၏။

သူမ အံ့သြချင်အံ့သြသွားမည်။

သူကတော့ ရင်ထဲ၌ ပြည့်နင့်မွန်းကျပ်နေပြီမို့ ကုကယ်ရာ

အားငယ်မှုနှင့် တစ်ဖက်က ဖြေကြားသံကို နားစွင့်နေလိုက်၏။

ကျေးဇူးပြုပြီး ဖုန်းကိုင်စမ်းပါ ကောင်မလေး. . .

အခု ငါ မင်းရဲ့နှစ်သိမ့်မှုကိုလိုအပ်တယ်. . .

ပြီးတော့ ရင်ဖွင့်ချင်တယ်. . .

ဘာကြောင့် မင်းကို ငါယုံကြည်ကိုးစားမိမှန်းတောင်မသိတော





ပါဘူး။

တတွတ်တွတ်ပြည့်သံကို မုန်းမိပေမယ့် စိတ်ရှည်လက်ရှည်စောင့်

မယ်။

အခု ငါမင်းရဲ့စကားသံတချို့ကိုလိုအပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သိမ်မွေ့သည် ကျယ်လောင်စူးရှလှသောဖုန်းသံကြောင့် ဂက်(စ်) မီးဖိုကိုအမြန်ပိတ်ကာ အိမ်ရှေ့သို့ပြေးထွက်လာရလေသည်။

"အင်း, ဂရေးဖုန်းတွေ လာပြန်ပြီထင်တယ်။ ဟန်းဖုန်းလေး သာရှိရင် ငါအလုပ်ရှုပ်ရမှာမဟုတ်ဘူး။ သင်း, ကပ်စီးနဲ့တာနဲ့ပဲ ဒီအိမ် ပန်းအစုတ်နဲ့ နားငြီးနေရ, အိပ်ရေးပျက်ရ"

နှုတ်က မကျေမနပ်မြည်တွန်တောက်တီးရင်း ဖုန်းကိုကောက် ကိုင်လိုက်သည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"ဂရေးလား၊ ကျွန်တော် ခင်ဗျားကို ရောင်းဖို့ဆုံးဖြတ်လိုက်ပြီဗျ"

"ဟင်! ဘာ. . . ဘာရောင်းမှာတုန်း"

"ခံစားချက်တွေ အကုန်ရောင်းမှာ"

"ဘာတွေလာပြောနေတာလဲ၊ အလုပ်ရှုပ်ရတဲ့ကြားထဲ လာမစားနဲ့"

ပြောပြောဆိုဆို သိမ်မွေ့ ဖုန်းကို ဂွမ်ခနဲမြည်အောင်ပြန်ချပစ်လိုက်သည်။ ထို့နောက် ခါးကို ဟန်ပါပါထောက်ရင်း မျက်မှောင်ကြီးကြုတ်ကာ ပွစိပွစိပြောလိုက်သေး၏။

"အဲဒီဂရေး၊ ဘာတွေရှုပ်ထားလဲမသိဘူး၊ ဟိုတစ်ယောက်ကလည်း အကြောင်းကြောင်း ခံစားချက်ရောင်းမယ်ဘာမယ်နဲ့၊ တကယ်ပဲ အာရုံနောက်တယ်"

"သိမ်မွေ့"

"ဟယ်! ဂရေး၊ ရှင်က အခုမှပြန်လာ၊ ဒီမနက် ရှင့်ဆီဖုန်းလာတာ နှစ်ခါရှိပြီ"

"ဘယ်သူလဲ"





ဂရေးက လက်ထဲက စာအုပ်ထုပ်တွေချပြီး လှမ်းမေးသည်။

"တစ်ယောက်ကတော့ ရှင့်ပရိသတ်တဲ့၊ နောက်တစ်ယောက်ကတော့ ရှင့်နာမည်ခေါ်ပြီး သက်သက်ကြောင်တာပါ။ ခံစားချက်ရောင်းမယ်ဆိုလားဘာလား"

"ဟယ်! တကယ်"

အားရဝမ်းသာနဲ့ မျက်နှာတစ်ခုလုံး လင်းချင်းဝင်းပသွားသည့် ဂရေးကိုကြည့်ပြီး သိမ်မွေ့က မျက်မှောင်ကြီးတွန့်ချိုးကာ နားမလည်သလို ပြန်ကြည့်လေသည်။

"အဲဒါက ဘယ်လိုဖြစ်ရတာလဲ။ ဟိုက ကြောင်တာနဲ့ နင်ပါ ကြောင်တောင်တောင်ဖြစ်သွားပြီလား"

"ဘယ်ကလာ၊ ပြီးမှရှင်းပြမယ်. . . ပြီးမှ ရှင်းပြမယ်။ အခု ဒီ သူ့ကိုဖုန်းပြန်ဆက်လိုက်ဦးမယ်။ သွား. . . သွား နင်လုပ်စရာရှိတာသွားလုပ်"

ဂရေးစကားအဆုံး သိမ်မွေ့က မျက်စောင်းတစ်ချက်ထိုးပြီး ဖြစ်ရပြန်ပြီဆိုတဲ့ပုံစံနဲ့ ချာခနဲလှည့်ထွက်သွားသည်။

ဂရေး သူ့ဖုန်းနံပါတ်တွေကိုနှိပ်ပြီး ချက်ချင်းပြန်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို၊ စူးနစ်လား"

"ဩော်၊ ဂရေး ကျွန်တော် ခုနဖုန်းဆက်သေးတယ်။ ဂရေး မဟုတ်ဘူး။ ကျွန်တော်က ပြောချင်ဇောနဲ့ ဂရေး ဟုတ်မဟုတ်တောင် သေချာမမေးတော့ဘူး။ ပြောချင်တာ တန်းပြောလိုက်တာ။ ဘာမှန်းမသိဘူးဆိုပြီး ဖုန်းချသွားတာဗျ။ ကျွန်တော့်ကိုတောင် ကောသွားသေးတယ်"

အဲဒီသိမ်မွေ့ကတော့လေ...

သူ့ရည်းစားတွေဆို အဲလိုအော်ထုတ်မှာမဟုတ်ဘူး...

"ဒါနဲ့ မင်းခုနပြောသွားတာ သေချာလား။ တကယ်ပဲ ဆုံးဖြတ်လိုက်ပြီပေါ့။ ဟုတ်လား"

သူက ချက်ချင်းမဖြေ။ ခပ်ဆိုင်းဆိုင်းနေပြီးမှ တိုးဖွဖွသက်သာ ရယ်နေလေသည်။

"ကျွန်တော်တို့ နည်းနည်းအခုကြောင်ကြောင်ဖြစ်နေမလားမသိဘူးနော်။ ပြီးတော့ ကျွန်တော့်အဖြစ်အပျက်တွေကို ခင်ဗျားက ဝတ္ထုပြန်ရေးမှာဆိုတော့လေ"

"အို၊ စိတ်မပူပါနဲ့။ ကိုယ်က စာပြန်ရေးရင်တောင် theme ကလေးလောက်ပဲယူမှာပါ။ ဇာတ်သည်မရွေး ပြန်မဖွပါဘူး။ သိချင်ရုံသက်





သက်ပါပဲ။ ကိုယ့်မိတ်ဆွေရင်းချာတစ်ယောက်လိုသဘောထားပြီး လွတ်လွတ်လပ်လပ်ပြောလို့ရပါတယ်"

"ဒါနဲ့များ ဂရေးက ကျွန်တော့်ကို အရောင်းအဝယ်သဘောမျိုး ပြောသေးတယ်နော်"

"ဒါကတော့ ဒီဇာတ်က မင်းရဲ့ကိုယ်ပိုင်ဖြစ်နေတာကိုး။ ပိုင်ရှင်ဆီက ခွင့်ပြုချက်ရဖို့ ဝယ်သင့်ရင်လည်း ဝယ်ရတာယ်လေ။ ဒါပေမဲ့ အရမ်းဈေးကြီးရင်တော့ မတတ်နိုင်ပါဘူး"

"ဈေးမကြီးပါဘူးဗျာ၊ ဈေးပေါပေါဇာတ်လမ်းမျိုးပါပဲ"

"ဒါပေမဲ့ မင်းက ရင်ဘတ်နဲ့ရင်းခဲ့ရတာလေ"

ဂရေးစကားက သူ့ကိုအရိုက်ထိသွားပုံရလေသည်။ ရုတ်တရက် ဘာမှပြန်မပြောနိုင်တော့ချေ။

"စိတ်မကောင်းဖြစ်သွားရင် ကိုယ်တောင်းပန်ပါတယ် စူးနစ်"

"ရပါတယ် ဂရေး။ အနာတစ်ခုဆိုတာ ပျောက်သွားပါပြီဆိုပေမဲ့တောင် အမာရွတ် ကျန်ခဲ့စမြဲပဲ။ ကျွန်တော့်ဒဏ်ရာက ခုမှအတွင်းထိသိုက်စားလို့ ကောင်းနေဆဲပါ"

သူ့စကားက ဂရေးရင်သို့ ပစ်စလက်ခတ် တိုးဝင့်မွှေနှောက်

www.burmeseclassic.com



သွားသည်။

ဒီလိုခံနိုင်ရည်မဲ့ပုံနဲ့ မင်းနာကျင်ခံစားခဲ့ရတာတွေကို နားထောင်လို့မှ ဖြစ်ပါ့မလားမသိ။

''ကိုယ်တို့ ဘယ်နေ့ဆုံကြမလဲ စူးနစ်''

''ဂရေးအဆင်ပြေတဲ့တစ်နေ့ ဆုံတာပေါ့။ ကျွန်တော်တို့က နေ့တိုင်း အကတိုက်ရတယ်။ ဒီလကုန် ရှိုးပွဲအတွက် ကျင့်နေတာလေ''

''အဲဒါဆိုလည်း အေးအေးဆေးဆေးမှတွေ့တာပေါ့။ စူးနစ်ပြောချင်တာတွေ ကိုယ့်ကိုဖုန်းဆက်ပြောလည်း ဖြစ်ပါတယ်''

''ကောင်းသားပဲ ကျွန်တော် ခင်ဗျားကို ညတိုင်းဖုန်းဆက်မယ်။ ကျွန်တော်ခံစားရတာတွေ ပြောပြမယ်''

စူးနစ်ရဲ့အသံက အားကိုးရှာတွေ့သွားသော ကလေးတစ်ယောက်ရဲ့အသံမျိုးပင်။

အစတုန်းကတော့ ပြောပြရမှာ တွန့်ဆုတ်ဝန်လေးနေဟန်နှင့် တစ်ယောက်တည်း မျိုသိပ်ထားချင်ပုံရသော်လည်း ယခုတော့ အားလုံးဖွင့်အံထုတ်လိုက်တော့မည်ထင်၏။

ဂရေးသည်လည်း သူ့ကို တကယ်ပင် စာနာနားလည်မိ





သည်။ ပြီးတော့ မချိုတင်ကဲ ခံစားရတဲ့ဝေဒနာတွေကိုလည်း လျော့ပါးသက်သာသွားစေချင်ပြီလေ။

ဒါ စေတနာအမှန်တွေပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

''အို! ဘုရားရေ၊ ရှင်တကယ်ပြောနေတာလား ဂရေး''

သိမ်မွေ့သည် ဂရေးဝယ်ကျွေးသောပီဇာကို တစ်ဝကြီးစားပြီး ဆိုပီဇာမျက်နှာကိုမှမထောက်၊ မယုံသက်ကာဟန်နှင့် အထင်အမြင်သေးစွာ မေးလေသည်။

''ဟဲ့၊ တကယ်ပေါ့၊ ရှင်က မယုံလို့လား''

''အံ့သြသွားတာတော့အမှန်ပဲ။ စူးနစ်လို ရွှေမင်းသားလေးက ရှင်နဲ့တရင်းတနှီးကြီးဖြစ်နေတယ်ဆိုတော့၊ ရှင်ဖြစ်ချင်တာတွေကို စိတ်ကူးယဉ်ပြီး လုပ်ဇာတ်ကြီး လာပြောနေတာတော့မဟုတ်ပါဘူးနော်



www.burmeseclassic.com

www.burmeseclassic.com



ဂရေး''

''အံမာ! ဒါ လုပ်ကြံပြောစရာလား. . . တကယ်ပြောတာဟဲ့ တကယ်ပြောတာ''

''ဟယ်, ရှင်တော့ စန်းပွင့်လာပြီထင်တယ် ဂရေး။ ရှင်နဲ့သူ ဆုံကြပုံကိုက ရုပ်ရှင်ထဲကလိုမျိုး။ ဒါနဲ့နေပါဦး၊ တစ်ခါပဲဆုံပြီး ရှင်တို့က ခင်သွားရောလား''

သိမ်မွေ့ရဲ့အမေစကားကို ဂရေးက ချက်ချင်းမဖြေသေးဘဲ သခွားမွှေးဖျော်ရည်အေးအေးလေးကို အရသာခံကာ စုပ်သောက်နေလိုက်၏။ ပြီးမှ. . .

''တစ်ခါပဲဆုံပြီး ခင်တယ်တော့ ဟုတ်မလားဟဲ့။ နောက်ထပ်ဆုံဖို့အကြောင်းက ဖန်လာတော့ ထပ်တွေ့ပြီး ရင်းနှီးသွားတာလေ။ သူ့ပုံစံက ခပ်တည်တည်တင်းတင်းနော်။ ကျုပ်က ခင်ချင်တဲ့သူဆိုတော့ သူစိတ်ဝင်စားစေမယ့်စကားတွေ ရွေးပြောရတာပေါ့''

''မဆိုးဘူး ဂရေး၊ ရှင် စာတတ်လာပြီ၊ brovo! bravo''

''ဘာလဲ bravo ကော်ဖီဆိုင်လား၊ ကော်ဖီတိုက်မယ်ပြောတာလား''





ဂရေးရဲ့အကြောင်းကြောင်းမေးပုံကြောင့် သိမ်မွေ့ရဲ့ထောင်နေသောလက်မက ချက်ချင်းပြန်စိုက်ကျသွား၏။

''မှားပါတယ် တော့်မရယ်၊ မြှောက်ပြောမိတဲ့ ငါ့အမှားသာထားလိုက်ပါတော့။ ကဲ, ဆက်ပြော. . . ဆက်ပြော''

''ကျုပ်ကလေ သူ့အကြောင်းတွေကို သိချင်တော့ ဒီအတိုင်းမမေးရဲဘူး''

''အဲဒီတော့''

''အဲဒီတော့ သူ့ရဲ့ခံစားချက်တွေကို ဝယ်ချင်တယ်လို့ပြောလိုက်တာပေါ့''

''ဟယ်! ကြွေလောက်တဲ့စကားပဲ၊ ကဲ, အစောကြီးကတည်းက ကျုပ်မပြောဘူးလား။ ဝတ္ထုထဲက စာသားတွေ အပြင်မှာ ထုတ်သုံးကြည့်ပါလားလို့၊ ခုတော့ ဘယ်လောက်အသုံးဝင်လဲ၊ သိပြီမှတ်လား''

''နည်းနည်းတော့ ကြောင်တယ်ဟ''

''ဘာဖြစ်လဲ, ကြောင်တော့၊ အဲလိုကြောင်လို့ သူနဲ့ရင်းနှီးခွင့်ရတာပဲဟာ''

''ဟုတ်တော့ဟုတ်ပါတယ်၊ ကျုပ်လည်း အဲလိုပြောပြီးမှ စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မလုံသလိုလို တစ်မျိုးကြီးပဲ။ ဒါပေမဲ့ သူ့ဖုတ်လမ်းကို ကျူပ်က မျက်ဝါး ထင်ထင်မြင်လိုက်ရတာဆိုတော့ စိတ်ဝင်စားမိတာလည်းအမှန်ပဲ''

''အေး, အဲဒါနဲ့ပဲ ရှင်လည်း ဖုန်းတစ်လုံးဝယ်တော့မယ်မေ့ နော်။ ကောင်းတယ်ကောင်းတယ်၊ ဟန်းဖုန်းတစ်လုံး ရှိသင့်တာကြာပြီ ရှင်က ဒိတ်အောက်ဖြစ်နေတာ, ခုမှပဲ။ အဲ, ရှင့်စတိုင်(လ်)ကိုလည်းပြောင်း နော်။ ဆာမူရိုင်းလိုလိုအုန်းမှုတ်ခွက်လိုလိုဆံပင်ကြီးလည်း ပြောင်းလိုက်။ ခုမှနှစ်ဆယ်ကျော်ရုံလေးရှိသေးတာ။ လန်းလန်းလေး နေစမ်းပါ ဂရေး ရှင့်ဖုန်းဝယ်ပြီးရင် ကျူပ်ကို နေ့ခင်းဘက်ပေးကိုင်၊ ညရောက်ရင် ရှင် ပြန်ယူ။ ဟုတ်ပြီလား''

''ဟင်! အဲဒါဆို ဖုန်းဘီ(လ်)လည်း ရှင် တစ်ဝက်ဆောင်ပေါ့''

ဂရေးစကားအဆုံး သိမ်မွေ့မျက်နှာက ခရမ်းချဉ်သီးပုပ်လို ရှုံ့တွန့်မဲ့ရွဲ့သွားကာ. . .

''ဆောင်နိုင်ပေါင်ဗျ ရှင်တို့က ညလုံးပေါက် ဖုတ်လမ်းတွေပြော လို့ ဘီ(လ်)တွေ စွတ်တက်နေရင် ဘယ်နှယ်လုပ်မလဲ''

''အံမာ..ရှင်ရော တစ်နေကုန် ရည်းစားနဲ့ထိုင်ကြူနေမှာပဲဟာ''

''ဟဲ့, ရည်းစားနဲ့ကြူတာ ရုံးဖုန်းသုံးလို့ရတယ်ဟဲ့။ ဒါက သက် သက်အလုကိုင်သွားမှာ။ ဘာပဲဖြစ်ဖြစ်ဟယ်။ Secretary ဆိုတော့ တန်းဖုန်းကလေးတော့ ကိုင်သင့်တယ်မှတ်လား''





''အဲဒါဆိုလည်း ကတ်ဖုန်းလေးဘာလေး ကိုင်ပေါ့ဟဲ့''

''ဟန်းဆက်ဖိုးက ကုန်ဦးမယ်။ ပြီးတော့ နံပါတ်က ခဏခဏ ပြောင်းရနဲ့၊ ဘယ်ကောင်းမလဲဟာ။ ဒီတော့ နင့်ဖုန်းကလေးကိုပဲ ရှယ် ပါရစေနော်''

''ဖုန်းဘီ(လ်)ကျတော့ မရှယ်ဘူး။ ကပ်စေးနဲ့မ''

''အံမယ်! သူကများ ပြောရတယ်ရှိသေး''

ဂရေးနဲ့သိမ်မွေ့ဟာ အဲသလို တစ်ယောက်နဲ့တစ်ယောက်မခံ ချင်အောင် ပြောကြအော်ကြဟစ်ကြနှင့် နောက်တော့လည်း ဘယ်သူ သာတယ် ဘယ်သူနာတယ် မတွက်ဘဲ အဆင်ပြေ သင့်မြတ်သွားသည် ချည်းပင်။

သူ့စိမ်းတွေရှေ့မှာ ဘယ်လိုပင် လူကြီးလုပ်ကောင်းတွေလိုဟန် ဆောင်ကာ တ္တမြေကြီးတစ်ခွဲသားနှင့် ပဲများနေတတ်ကြသော်လည်း နှစ် ယောက်တည်းရှိနေချိန်မှာတော့ ဆယ်ကျော်သက် မြီးကောင်ပေါက်မ လေးတွေလို တဟီးဟီးတဟားဟားနှင့် ပေါရဲကြသူများတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဂရေးဆို ပိုလို့တောင် ဆိုးသေးသည်။

ဖြုတ်စဖျင်းတောင်း ဖရိုဖရဲနိုင်တာတွေ၊ အူကြောင်ကြောင်နိုင်ပေမယ့် စပ်စုတတ်တာတွေ၊ အမြဲလို ပျာယာခတ်တာတွေ၊ တစ်ခုမှ သူမသိစေရအောင် အမြဲဟန်ဆောင်ထားနိုင်ခဲ့သည်။

စုးနစ်ဟာ ရှိလှမှ သူနဲ့သက်တူရွယ်တူနှစ်ဆယ်ကျော်ပေါ့။ ဒါပေမဲ့ ဂရေးက စာရေးဆရာမဆိုတဲ့ခေါင်းစဉ်ကြီးအောက်မှာ ဝါရင့် သမ္မာရင့်ကြီးလိုလိုပုံဖမ်းကာ ပြောရဆိုရ၊ အိုက်တင်တွေခံ အမူအရာတွေ မိုရတာ ပြန်တွေးရင် ရယ်စရာ။

သို့ပေမဲ့ ခံစားတတ်တဲ့နှလုံးသားကလေးကတော့ တကယ့်ကို လတ်လတ်ဆတ်ဆတ်လေးပင်။ ရှင်းရှင်းပြောရလျှင် ဂရေးရဲ့အသည်းက ထိလွယ်ရှလွယ် ကွဲကြေလွယ်သော ဖြိုစင်တွေနှင့် ဖွဲ့စည်းထားခြင်း ဖြစ်ပါ၏။

စုးနစ်ရေ, မင်းခွဲလိုက်တဲ့ ကားမီးခွက်လောက်တောင် ကိုယ့်အသည်းက မမာဘူးကွယ်။



## အခန်း (၈)

"အစ်မ, စာရေးဆရာမ ဂရေးရဲ့စာအုပ် ရှိလားဟင်"

ကြားဖူးသလိုလိုရှိသောအသံကြောင့် စာအုပ်စင်ရဲ့ဟိုဘက်ကို သုပ်ကြည့်လိုက်စဉ်မှာ သူ့ကိုတွေ့လိုက်ရတာမို့ ဂရေးအလွန်အံ့ဩကာ ထိုက်ဆိုင်မှပေးသောကံကြမ္မာကို အရမ်းကျေးဇူးတင်သွားမိသည်။

သူက အနက်ပေါ်မှာ အဖြူရောင်ဘောလုံးပုံအစက်အပြောက်ကလေးတွေပါသည့် ခေါင်းစွပ်အနွေးထည်လေးဝတ်ထားပြီး ဦးထုပ်အဖြူကလေး ဆောင်းထားတာမို့ နုသစ်လန်းဆတ်သောလူငယ်ကလေးတစ်ယောက်အသွင်ပေါ်ကာ ချောမောသန့်စင်လို့နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂရေးကတော့ ရှပ်လက်ရှည်အနက်ကွက် ခပ်ကျဲကျဲယောက်
အဆင်ကြီးနှင့် နက်ပြာရောင် ဘဲ(လ်)ပင်(န်)ပွပွကိုဝတ်ထားတာမို့ ကြည့်
ရတာ ဖရိုဖရဲက ကာသီလင်တကြီးဖြစ်နေသည်။

မျက်နှာမှာလည်း ဘာဆိုဘာမှမပါ၊ ပြောင်သလင်းခါလျက်
ကာ အင်မတန်စိတ်ပျက်ဖွယ်ကောင်းသောအနေအထားကို စာအုပ်ဆို
ရဲ့နံရံရှိ မှန်ထဲတွင် မြင်နေရလေသည်။

ဒီလိုဆွဲဆောင်မှုမရှိတဲ့ပုံစံနှင့် သူ့ကိုထွက်မတွေ့လို့။

ဒါကြောင့် သူလျှောက်လာနိုင်သောလမ်းကြောင်းနှင့် ဆန့်ကျ
ရာကိုရွေးပြီး နေရာယူကာ စာအုပ်တစ်အုပ်ကို စိတ်ဝင်စားသယော
လှန်လှောကြည့်နေလိုက်၏။

ဆိုင်ထဲက ရှောင်ပြေးသွားလျှင်လည်း သူပြောဆိုနေတာတွေ
မကြားရတော့မှာစိုး၏။

"စာရေးဆရာမဂရေးရယ်လို့ မကြားဖူးပါဘူး။ အသစ်ဆိုရင်
တော့ မပြောတတ်ဘူး။ ဒီမှာက အသစ်တွေလည်း ရှိပါတယ်။ အဲ
နာမည်နဲ့တော့ မရှိဘူး"

အရောင်းဝန်ထမ်းမိန်းကလေးရဲ့စကားကြောင့် သူက စိတ်





သွားဟန်နဲ့ မျက်မှောင်ကြုတ်လျက် ဟိုဒီငေ့ကြည့်နေသည်။

ဘာဆက်မေးရမှန်းမသိအောင်လည်း ဖြစ်သွားပုံရသည်။

ဖြစ်မှဖြစ်ရလေ ကောင်ကလေးရယ်. . .

ကိုယ်ရဲ့ကလောင်နာမည်ကိုတောင် တခုတ်တရ အရေးတယူ
ခဲ့ဘူးနော်။

ခုတော့ ဂရေးဆိုတဲ့နာမည်နဲ့ စာအုပ်တန်းထဲမှာ ဘယ်လို
ရှာမလဲ။ ဂရေးဆိုတာ ကိုယ့်ရဲ့ကျောင်းစာအုပ်မျက်နှာဖုံးပေါ်မှာ
ခဲ့တာ ကြာခဲ့ပေါ့ကွယ်။

စာအုပ်ဆိုင်ထဲမှာ ဘာမှလည်းဝယ်စရာမရှိတော့တာကြောင့်
အသာပြန်လှည့်ထွက်လာခဲ့သည်။

ထိုစဉ်မှာပင် သူ့ဖုန်းက တဒုန်းဒုန်းထမြည်သော Ringtone
သံကြောင့် စိတ်က စာအုပ်ကိစ္စ မတွေးဖြစ်တော့ဘဲ display မှာ
နေသော သွင်ခေတ်ရဲ့ဖုန်းနံပါတ်ဆီသို့သာ ရောက်သွားမိသည်။

ဒါပေမဲ့ ဂရေးဆိုတဲ့မိန်းမကိုတော့ သူ မယုံမရဲဖြစ်နေမိလေ
ည်။ တကယ်ရော စာရေးဆရာမဆိုတာ ဟုတ်ပါရဲ့လားပေါ့။

"ဟော့ကောင် စူးနစ်၊ မင်းဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ငါလား အခု စင်ထရယ်ရှေ့မှာ''

''ဘာလုပ်နေတာလဲ''

''ဘာရယ်မဟုတ်ပါဘူး စာအုပ်ဝင်ကြည့်တာ''

''ကျားသားမိုးကြိုး စာမဖတ်တဲ့လူက။ မသိပါဘူး ခုန ဖုန်းခေါ်တာမရလို့ မင်းအင်တာနက်ကဖေးရောက်ပြီး blog တွေ ဝင်မွှေနေပြီထင်တာ''

''အင်း, အခုပဲသွားမလားလို့ မင်းဘယ်ရောက်နေလဲ''

''ကန်တော်ကြီးမှာ. . . ဟဲဟဲ''

သွင်ခေတ်က မလုံမလဲဖြေသံနှင့် ရယ်ပင်ရယ်လိုက်သေးသည်။ စူးနစ်မျက်နှာ ပြုံးမဲ့မဲ့ဖြစ်သွားရသည်။

''တစ်ယောက်တည်းတော့ မဟုတ်ဘူးထင်တယ်''

''အင်း, အိတ္တာ ပါတယ်''

အိတ္တာဆိုတာ သွင်ခေတ်နဲ့လွန်ခဲ့တဲ့တစ်လလောက်ကမှ ချ. . . သူတွေဖြစ်ခဲ့ကြသည့် အဆိုတော်ပေါက်စမလေးဖြစ်သည်။ show ပွဲတွေ. . . မှာတွေ့ရင်း ဖုန်းနံပါတ်ချင်းလဲကြ၊ e-mail account တွေပေး. . . နှင့် မကြာခင် ချစ်သူတွေဖြစ်သွားတော့တာပင်။





''အမှတ်သည်းခြေမရှိတဲ့ကောင်''

''ဟာ! ဟေ့ကောင်၊ အဲလိုတော့ မပြောနဲ့လေကွာ။ ငါတို့လည်း ပုထုဇဉ်ပဲ၊ အချစ်ဆိုတာ ရှောင်လွှဲလို့မရဘူးကွ။ မင်း, အချစ်နဲ့အကျိုးမပေးတိုင်း ငါတို့ပါ ကံဆိုးရမှာလား။ ဒီတစ်ခါတော့ တကယ့်အစစ်ပါကွ''

''အဲလိုပြောကြတာပဲ၊ သိပ်ချစ်တယ်ပြောတိုင်း မျက်စိမှိတ်မယုံနဲ့၊ နောက်ကျော ဓားနဲ့ထိုးသွားကြတာ,များတယ်၊ ငါက ကိုယ်တွေ့''

''နောက်ကျော ဓားနဲ့မထိုးအောင် အမြဲတမ်းမျက်နှာချင်းဆိုင်ထားရမှာပေါ့ကွ၊ ဒါက နှလုံးသားကိစ္စပါကွာ၊ အတွေ့အကြုံတွေဝါတွေ သမ္မာတွေနဲ့မဆိုင်ဘူး၊ တကယ်ကြုံလာရင် ဆရာကျပါတယ်ဆိုတဲ့ မင်းတောင် လူးလိမ့်သွားသေးတာပဲ၊ ဟား. . . ဟား. . . ပုံသေနည်းမရှိတဲ့အထဲမှာ အချစ်လည်းပါတယ်''

သူခပ်တိုးတိုးဆဲရေးလိုက်ပြီး ဖုန်းပိတ်ပစ်လိုက်သည်၊ ဒီအချိန်ဆို မြစ်မင်းနဲ့ ဇဟိုက Gym ရောက်နေလောက်ပြီမို့ ဘယ်လိုသွားရမှန်းမသိ။ ယောင်ချာချာနှင့်ပင် ဒီဘက်ပြန်လှည့်လိုက်တော့. . .

''ဘုတ်''



www.burmeseclassic.com

www.burmeseclassic.com



"အင့်!"

"ဆောရီး. . . ဟာ!"

သူအံ့ဩလွန်းလို့ ဟာခနဲတောင် အာမေဋိတ်သံထွက်သွား ရပါသည်။

"ဟင်! စုးနစ်"

ကြည့်စမ်း. . . အတန်တန်ရှောင်နေတဲ့ကြားက ဂရေးကိုက နမော်နမဲ့နိုင်လွန်းတာ။ မတွေ့အောင် ရှောင်ထွက်လာပါတယ်ဆိုမှ တည့်တည့်ဝင်တိုးမိကြတဲ့အဖြစ်။

"ဩော်, ဂရေး ခင်ဗျားကို ကျွန်တော်တွေ့ချင်နေတာ။ တိုက်ဆိုင်လိုက်တာဗျာ"

ဂရေးကတော့ ကိုယ်က မြင်ရက်နှင့် စရှောင်နေမိတဲ့အဖြစ်ကို လိမ်ပြောမလုံလှတာမို့ ဘယ်ကဘယ်လိုစကားစပြီး နှုတ်ဆက်ရမှန်းတောင် မသိတော့ချေ။

"အင်း, စုးနစ်က ဘယ်လိုလာတာလဲ"

"ကျွန်တော် ခင်ဗျားစာအုပ်လာဝယ်တာ. . . အဲဒါ"

ကိုယ်က ညာပေမယ့် သူက အမှန်အတိုင်းပြောလိုက်တာမို့





ပိုလို့ပင် စိတ်မလုံ။

"အဲဒါတွေ့လား။ ဝယ်လို့ရခဲ့လား"

"ဟင့်အင်း, ဂရေးဆိုတဲ့နာမည်နဲ့ မရှိဘူးတဲ့။ ခင်ဗျားက ဘယ်နာမည်နဲ့စာရေးတာလဲ"

"မင်းလိုချင်ရင် ဝယ်စရာမလိုပါဘူး။ စာတကယ်ဖတ်တဲ့လူဆို လက်ဆောင်ပေးချင်ပါတယ်"

ဂရေးစကားအဆုံး သူက နှစ်လိုမြတ်နိုးဖွယ် လှစ်ခနဲရယ်လိုက်ပြီး. . .

"အဲဒါဆိုရင်တော့ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ နာမည်က ဘယ်လို"

"တိမ်ညိုခြင်ပါ"

"ဩော်, တိမ်ညိုခြင်၊ တိမ်ညိုခြင်တဲ့လား။ မှတ်ထားပါ့မယ်"

"ကိုယ်ကတော့ မင်းကိုတကူးတကမှတ်စရာမလိုပါဘူး။ စပြီးတွေ့ကတည်းက နာမည်နဲ့လူနဲ့တွဲမှတ်ထားလိုက်တာ။ မင်းတို့အဖွဲ့နာမည်ပြောပြီး တစ်ယောက်ချင်းစီရဲ့နာမည်တွေနဲ့ မိတ်ဆက်တယ်လေ။ အဲဒီကတည်းက ကောင်းကောင်းသတိထားမိတာ။ မင်းက အကနဲ့ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပါရမီရှိတယ်လို့တောင် မှတ်ချက်ချမိသေးတယ်"

သူမပြောသမျှကို သူ ငြိမ်သက်စွာနားထောင်ရင်း ရင်ထဲမှာ ရှိန်းမြနွေးထွေးသောခံစားမှုတစ်ခု စီးဆင်းလို့လာလေသည်။

ဂရေးပုံစံက သာမန်မိန်းကလေးတစ်ယောက်ထက် ဘာမှမပိုသော်လည်း စကားပြောဟန် ရယ်မောဟန်တွေက တစ်ဖက်သားအပေါ် နွေးထွေးစွာ ဩဇာသက်ရောက်လိုမှုနှင့်အတူ ဖော်ရွေရိုးသားဟန်တွေလည်း ရောနှောပါဝင်လေသည်။

အထူးခြားဆုံးက ညိုလဲ့ရီဝေနေသည့် မျက်ဝန်းရွဲရွဲကြီးတွေနှင့် မို့ဖောင်းနေသော ပါးပြင်ကလေးတွေပင်။ မျက်ခုံးက သိပ်အထင်းကြီး မပေါ်ပေမယ့် နဖူးပြေပြေနှာတံကော့ကော့ကလေးနှင့် နှုတ်ခမ်းဖူးဖူးကလေးကြောင့် ရှိရင်းစွဲအသက်ထက် ပိုပြီးနုမျစ်နေလေသည်။

ဒါပေမဲ့ စကားပြောပုံကတော့ ကိုယ့်ကိုယ်ကိုယုံကြည်မှုအပြည့်ထည့်ကာ လူကြီးလုပ်တတ်ခါစ ကလေးမလေးတစ်ယောက်၏အမူအရာမျိုးတည်း။

ယောက်ျားလေးဖြစ်တဲ့ စူးနစ်လောက် အသားမဖြူပေမယ့် ကြည်လင်စင်းဖန့်နေသော ခရင်(မ်)ရောင်အသားအရည်လေးကို ပိုင်





ဆိုင်ထားသောသူမက ဘယ်လိုပဲပုံပန်းမကျသည့်အဝတ်အစားတွေ ဆင်ထားစေကာမူ ချစ်စဖွယ်ကြည့်ကောင်းနေပြန်၏။

"လူတစ်ယောက်ကို ချစ်သောမျက်စိနဲ့ကြည့်ရင်. . . ချစ်စရာကောင်းတာပါပဲ" ဆိုသည့်မြစ်မင်းရဲ့စကားကိုတောင် ဖျတ်ခနဲသွားသတိရလိုက်သေးသည်။

"စူးနစ်"

"ရှာ. . ."

"ဘာတွေစဉ်းစားနေတာလဲ၊ ကိုယ်ပြောတာကြားရဲ့လား"

"ဘာပြောလိုက်တာလဲဟင်"

ဇဝေဇဝါပြန်မေးလိုက်သည့်သူ့ပုံစံကိုကြည့်ပြီး ဂရေးရယ်လိုက်မိသည်။

ရယ်တာကိုက လက်ဖဝါးလေးကို နှုတ်ခမ်းရှေ့မှာ အုပ်ကာပြီး ခစ်ခနဲရယ်တာမို့ သိမ်မွေ့သာမြင်လျှင် နှာခေါင်းရှုံ့မှာ သေချာလေသည်။

"အခုနေ့လယ်စာစားချိန်ရောက်ပြီ၊ ထမင်းသွားစားရအောင်လို့ပြောတာ၊ ဘယ်လိုလဲ, လိုက်မှာလား။ ကိုယ်တော့ ဗိုက်ဆာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း- လိုက်မယ်လေ၊ ဒီနားမှာ ထမင်းဆိုင်ကောင်းကောင်း ရှိလား"

"ရှိတယ်၊ နေပြည်တော်ဘောဂဆိုင်သွားရင်တော့ ဒီကနေ လမ်းလျှောက်ရဦးမယ်။ သုံးဆယ့်တစ်လမ်းထဲမှာပဲ စားတာပေါ့။ လာပါ၊ အဲဒီဆိုင်မှာ ကိုယ်စားဖူးတယ်။ ကောင်းပါတယ်၊ ကိုယ်က မြန်မာထမင်းဟင်း ကလွဲရင် ဘာမှမကြိုက်ဘူး"

"ဟုတ်လား။ ကျွန်တော်က တရုတ်စာ၊ ဥရောပစာ၊ ထိုင်းစာ အကုန်ကြိုက်တယ်။ မြန်မာအစားအစာထဲမှာ မုန့်ဟင်းခါးအကြိုက်ဆုံး"

"ကိုယ်ကတော့ မုန့်ဟင်းခါး လုံးဝမကြိုက်ဘူး။ မစားဖြစ်သလောက်ပဲ"

ဂရေးစကားကြောင့် သူက အံ့သြဟန်နှင့် ခေါင်းငုံ့ကြည့်လေသည်။

"မြန်မာမှန်ရင် မုန့်ဟင်းခါးကိုကြိုက်တာချည်းပဲ။ ဂရေးက တစ်မျိုးပါလား"

"ဂရေးက မြန်မာမစစ်လို့ မကြိုက်ဘူးလို့ဘဲ မှတ်ထားပေါ့"

သူနှင့်ဂရေးသည် စာအုပ်တွေအကြောင်းမှ အစားအသောက်





ဆီဦးတည်ကာ နောက်တော့ မိသားစုကိစ္စတွေဆီ ရောက်သွားပြန်သည်။

"ဒါဆို ဂရေးက ကပြားပေါ့,ဟုတ်လား။ ဘာကပြားလဲဟင်"

"ဟော. . . ဂရေး စာအုပ်တန်းထဲ ဘာလာရှာတာလဲ"

သူ့စကားကိုမဖြေခင် အသံတစ်ယောက်က လှမ်းနှုတ်ဆက်တာမို့ ဂရေး ပြန်နှုတ်ဆက်လိုက်ရသေးသည်။ အဲဒီတစ်ယောက်မှ ဖြေလို့မဆုံးခင် နောက်ထပ်တစ်ယောက်နဲ့တွေ့ပြန်။

"ဟယ်. . . တိမ်ညိုခင်၊ စာအုပ်ဆိုင်ကိုလာတာလား"

သူငယ်ချင်းစာရေးဆရာမ မြူခွန်းချယ်က ဂရေးကိုနှုတ်ဆက်ရင်း စူးနစ်ကိုပါ ကွက်ကြည့်ကွက်ကြည့်လုပ်နေသည်။

နှုတ်က ဖွင့်မပြောပေမယ့် ဒီကောင်လေးကို ငါမြင်ဖူးပါတယ် ဆိုတဲ့အထာမျိုးပင်။

"သြော်, မဆု၊ စာအုပ်ထွက်နေပြီနော်။ တွေ့တယ်တွေ့တယ် အဆင်ပြေလား"

"တိမ်ညိုရော"

"ဟုတ်, အဆင်ပြေပါတယ်"

မြူခွန်းချယ်က ဂရေးနဲ့အတူ မဂ္ဂဇင်းတွေမှာ စာရေးဖော်ရေး



www.burmeseclassic.com

www.burmeseclassic.com



ဖက်၊ စာနယ်ဇင်းသင်တန်းဘာညာတွေတက်တော့လည်း အတူတူ၊ အဲဒီတုန်းက သူ့နာမည်က ဆုယွန်းနွေ။ ဒါကြောင့် ဂရေးကလည်း သူ့ကို မဆုဆိုပြီး နှုတ်ကျိုးနေပြီ။

''ဒါနဲ့ ပန်းရတုနဲ့ရော တွေ့ဖြစ်သေးလား တိမ်ညို''

သူမက ဂရေးနှင့်စုးနစ်ကို တွဲပြီးမြင်ရတာမို့ အကဲခတ်ဟန်ရှိကာ အချိန်ဆွဲပြီး စကားတွေဆိုနေ၏။

''သူ ပြင်ဦးလွင်ကို စာသွားမရေးခင်ကတော့ ဖုန်းပြောဖြစ်သေးတယ်။ အခုတော့ မတွေ့တာ တစ်လလောက်ရှိပြီ။ ပြန်ရောက်ပြီထင်တယ်။ ဒီမှာတောင် အရမ်းအေးတော့ ဟိုမှာ နေမှာမဟုတ်ပါဘူး။ ဒါနဲ့ မဆု လိုက်ဦးမလား၊ ဂရေးတို့ ထမင်းသွားစားမလို့''

''ဩော်၊ ဟုတ်လား။ မလိုက်တော့ဘူး တိမ်ညို။ လမ်းသုံးဆယ်ဆေးခန်းက သူငယ်ချင်းတစ်ယောက်ဆီ သွားစရာလေးရှိလို့ သွားမယ်နော်''

''ဟုတ်ကဲ့''

သူမက နှုတ်ဆက်ပြီး ထွက်သွားတော့မှ စုးနစ်ကိုလှည့်ကြည့်ရတော့၏။





''အသိတွေ ပေါလှချည်လား ဆရာမ''

''ဒါအကုန်ပါပဲ''

အဲဒီသူငယ်ချင်းကတော့ ဂရေးကို ကောင်းကောင်းမေတ္တာပို့မှာအမှန်ပင်။

စုးနစ်က ဂရေးရဲ့ဘာမှမဟုတ်တာမို့ မိတ်ဆက်မပေးတာကို နားလည်ပါ့မလား။

''အဲဒီစာရေးဆရာမကာ ချောတယ်နော်''

''အင်း''

ထမင်းဆိုင်ထဲရောက်မှ သူက စကားပြန်စသည်။ ရင်ထဲမှာ ညည်းနည်းနင်သွားရသည်မို့ ရေတစ်ခွက် အရင်သောက်လိုက်ရ၏။ မင်းက စိတ်ဝင်စားလို့လားလို့မေးချင်ပေမယ့် ကလေးကလားကျနေမှာစိုးသောကြောင့် မမေးတော့ပါ။

''ဘာနဲ့စားမလဲ စုးနစ်''

''ဆိတ်ကလီစာနဲ့ ပြောင်းဖူးကြော်၊ မှိုကန်စွန်းဖြစ်ဖြစ် ကိုက်သန်ဖြစ်ဖြစ် တစ်ခုခုရရင် စားချင်တယ်။ အရည်သောက်က သီးစုံချဉ်ရည်ဟင်း''



www.burmeseclassic.com

www.burmeseclassic.com



သူပြောသမျှကို ဆိုင်ရှင်အဒေါ်ကြီးက ခေါင်းတညိတ်ညိတ်နှင့် လိုက်မှတ်ပြီး ဂရေးဘက်သို့လှည့်ကြည့်သည်။

"ဂရေးလည်းမှာလေ. ဘာနဲ့စားမှာလဲ"

"ပုစွန်ကြော်နဲ့ ပန်းပွင့်ကြော်၊ အဒေါ်, ပုစွန်က အခွံနဲ့နော် အစပ်ကြော်"

"ရတယ် ရတယ်"

အဒေါ်ကြီးထွက်သွားတော့ သူက သိချင်စိတ်ကို မဖုံးဖိနိုင်စွာ စပ်စုသောပုံစံနှင့်. . .

"ပုစွန်ဆို ကျွန်တော်က အခွံမာတွေပါရင် မကြိုက်ဘူး၊ ဂရေးက ဘာလို့အခွံနဲ့လို့ တကူးတကမှာတာလဲ"

"ကြိုက်လို့ပေါ့"

ဂရေး ပြန်ဖြေတာကို သူက သိပ်သဘောကျပုံမရ။

"အခွံတွေနဲ့စားရတာ ကြမ်းတယ်။ သံချပ်ကာဝတ်စုံတွေ ဝတ်ထားသလိုကြီး။ စားလို့လည်းမကောင်းဘဲနဲ့"

ဟု ကလေးလေးနှယ် ဂရေးကိုပြောသည်လည်း မဟုတ်သလို သူ့ဘာသာ တီးတိုးရေရွတ်နေလေသည်။





ဂရေး ရယ်ချင်ပေမယ့် နှုတ်ခမ်းကိုတင်းတင်းစေ့ရင်း ခုံပေါ် လက်တင်မေးထောက်ပြီး အပြင်ဘက်ကိုလှမ်းငေးကာ မသိဟန်ဆောင် နေလိုက်သည်။

ခဏကြာတော့ ထမင်းရောဟင်းတွေပါ စုံစုံလင်လင်ရောက် လာတော့၏။

"အဒေါ်, ရေနွေးကြမ်းရတယ်မှတ်လား"

ဂရေး မှာလိုက်တာကို သူက အထူးအဆန်းသဖွယ် မျက်လုံး ပြူးကြည့်သည်။ ရေနွေးကြမ်းအိုးနှင့် ပန်းကန်လုံးလေးတွေကို ဗန်းနှင့် ထည့်ကာ လာပို့သည်ကိုမြင်လျှင်. . .

"ဂရေးကလည်း လုကြီးကျနေတာပဲ၊ ထမင်းစားတာ ရေနွေး ကြမ်းတွေဘာတွေနဲ့"

ဟုပြောပြန်သည်။ ဂရေးက ပန်းကန်လုံးထဲသို့ ရေနွေးပူပူတွေ ငှဲ့ထည့်ကာ သူ့ရှေ့သို့ တိုးပေးလိုက်တော့ ရေသန့်ဘူးကိုင်ထားတဲ့ သူ့ လက် တွန့်ခနဲဖြစ်သွား၏။ ထို့နောက် ထမင်းစားရင်း ဂရေး ရေနွေး ကြမ်းသောက်သည်ကိုကြည့်ကာ အားကျဟန်နှင့် ပန်းကန်လုံးကို ခပ် တည်တည်ကောက်ကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂရေးက မျက်လွှာပင့်ကြည့်တော့ သူက ဟီးခနဲရယ်ကာ. . .

''ဂရေးသောက်နေတာကြည့်ပြီးသဘောကျလို့ ကောက်ညှင်းနံ့လေးကလည်း သင်းနေတော့လေ။ အား. . . ဖွီး. . . ဖရူး''

''ဟယ်. . . ပုကန်ပြီ''

ထင်တော့ထင်သား။ ပန်းကန်လုံးက ခပ်ထူထူဆိုတော့ ကိုင်လိုက်ရုံနဲ့ အထဲက ရေနွေးရဲ့အပူကို ရုတ်တရက်မသိနိုင်။

ဂရေးလည်း ကိုယ်တိုင်အပူလောင်သွားသလို လန့်ဖျပ်ပြီး ဘာလုပ်လို့လုပ်ရမှန်းပင်မသိ။

သတိရလို့ကြည့်လိုက်တော့ သူ့လက်ဖျံမှာ ပူနွေးစွာ စွတ်စိုသွားတဲ့ရေနွေးတွေကို ကိုယ်သုံးနေကျ တစ်ရှူးအကောင်းစားနဲ့ တယုတယသုတ်ပေးနေမိတဲ့အဖြစ်၊ သူကလည်း ကလေးတစ်ယောက်က မိခင်တစ်ယောက်ရဲ့ဂရုစိုက်မှုကိုခံယူနေသလို မျက်လွှာလေးချကာ ငြိမ်သက်နေသည်။

''ကျေးဇူးပဲ ဂရေး. . . ရုတ်တရက်ဆိုတော့ လန့်ပြီး ထွေးပစ်လိုက်တာ။ ကြိတ်မှိတ်ပြီး မျိုချင်ရင်လည်း ရတဲ့ဟာကို''

''မင်းက အတင်းစွတ်သောက်တာကိုး။ မှုတ်ပြီး နည်းနည်းချင်းမသောက်ဘဲနဲ့''





''တော်ပြီ၊ အေးမှသောက်တော့မယ်''

''အေးရင် သောက်လို့မကောင်းဘူး။ ဗိုက်လေးတာပဲ အဖတ်တင်မယ်''

ဂရေးပြောပုံကိုကြည့်ပြီး သူပြုံးမိသွားသည်။

''ဟုတ်ကဲ့ဆရာမ၊ နောက်မှပဲ ရေနွေးကြမ်းသောက်နည်း လာသင်တော့မယ်။ ခုတော့ လျှာကျက်သွားပြီထင်တယ်။ ထမင်းတောင်ဆက်မစားချင်တော့ဘူး''

သူ့စကားအဆုံး ဂရေးက တကယ်စိတ်ဆိုးသည်မဟုတ်ဘဲ မိန်းကလေးဆန်စွာ မျက်စောင်းထိုးလေသည်။

သူမရဲ့မျက်စောင်းက ညို့ဓာတ်မပါဘဲ ရင်ထဲသို့ လှုပ်ခတ်စေနိုင်သောအစွမ်းရှိလေသည်။

သူမ ပြုမူသမျှ၊ ပြောဆိုသမျှတွေက တမင်လုပ်ယူထားသည်ဆိုလျှင်တောင် အပြစ်ကင်းစင်နေသည်ဟု သူထင်မှတ်ယုံကြည်မိပါသည်။

တစ်ခါတလေ ပျာပျာသလဲ ဂရုစိုက်ဖေးမဟန်တွေက သူ့ဆီက သတိထားအသိအမှတ်ပြုမှုကိုပင် ဂရုမစိုက်ဘဲ။ သူ့ဘာသာအလို



www.burmeseclassic.com

www.burmeseclassic.com



အလျှောက်ပြုမှုမိသွားတာမျိုးတွေ ဖြစ်နေတတ်သည်။

ထိုအရာတွေကြောင့် သူမကို သူခင်မင်မိပါသည်။

ခုချိန်မှာ သူလိုအပ်နေတာ ဖြူစင်ရိုးသားစွာ စာနာပေးမှုများဖြစ်သည်။

သူ ဂရေးကိုရင်ဖွင့်ဖို့ အချိန်တန်ပြီဟုလည်း နားလည်လိုက်မိ၏။



## အခန်း (၉)

ညရှစ်နာရီတိတိတွင် ဂရေးရဲ့အသစ်စက်စက်လက်ကိုင်ဖုန်းကလေးဆီမှ ဝိုင်းစုခိုင်သိန်းရဲ့ 'အပြစ်မမြင်' သီချင်းသံ (Ringtone) ကလေး မြည်လာတော့သည်။

"ဟဲလို, ဂရေးပါ"

"ဂရေး, အခုကျွန်တော့်ရင်ထဲမှာရှိနေတဲ့ နာကြည်းကြေကွဲရာတွေ တစ်ချိန်က လွမ်းဆွတ်တမ်းမက်စရာတွေကို တစ်ခုစီ တစ်စစီ ခဲ့ ခြွေထုတ်ပစ်တော့မယ်။ အဲဒါတွေကိုလက်ခံနားထောင်ပေးဖို့ အသင့်ဖြစ်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ နားထောင်ချင်တာကြာလှပေါ့"

"ကျွန်တော်ကတော့ ပြန်ပြောပြဖို့တော်တော်အားမွေးရတယ်။ ကိုယ်တိုင်ရှုံးနိမ့်လဲကျခဲ့ရတဲ့ မရှုမလှဇာတ်သိမ်းခန်းကြီးကို ဘယ်သူက မြိန်ရေယှက်ရေပြောချင်မှာလဲဗျာ။ ဒီမယ် ဂရေး. . . ခင်ဗျားမဟုတ်တဲ့ တခြားတစ်ယောက်ဆို ကျွန်တော် ဘယ်တော့မှပြန်ပြောမှာမဟုတ်ဘူး"

စူးနစ်စကားကြောင့် ဂရေးရင်ထဲ သိမ့်ခနဲလှုပ်ခတ်နွေးထွေးသွားလေတော့၏။ သူ့အသံလေးကြားနေရသောဖုန်းကလေးကို နားမှာအပ်ထားရတာကိုက ဘယ်လိုကြည်နူးဆွတ်ပျံ့ဖွယ်ကောင်းနေမှန်းမသိ။

တကယ်တော့ ဒီဇာတ်လမ်းကို အပေါ်ယံရုပ်ပြီး သိရုံနှင့် သူ ဘယ်လောက်ခံစားရမယ်မှန်း သိနိုင်နေပြီ။

ဂျာနယ်တွေ တော်တော်များများမှာလည်း Barbarian အဖွဲ့ထဲက တစ်ယောက်တည်းသော မိန်းကလေးအဖွဲ့ဝင် နုတ်ထွက်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဂယက်ရိုက်သွားသည်။

အဲဒီမိန်းကလေးနှင့်စူးနစ်ရဲ့ နှစ်ယောက်တွဲ performance တွေကြောင့် ပိုပြီးနာမည်ကြီးသွားရသည့်သီချင်းတွေဆိုလည်း ဒုနဲ့ဒေးရှိခဲ့ဖူးတာမို့ သူမ နုတ်ထွက်သွားခြင်းကို ဂရေးလည်း အတော်ကြီးစိတ်ထိခိုက် ဝမ်းနည်းခဲ့ရသည်။

ဒါပေမဲ့ ဒီလို စိတ်ဝင်စားဖွယ်ကောင်းတဲ့အချစ်ဇာတ်လမ်းလေး ရှိနေမှန်းမသိခဲ့။ မမျှော်လင့်ဘဲ မြင်တွေ့ခဲ့ရမှ ဂရေးမှာ သိချင်စိတ်တွေပြင်းပြထက်သန်လာတော့တာဖြစ်သည်။ ဂရေးစိတ်ထဲ မရှင်းတာတွေ၊ မသိနားမလည်နိုင်တာတွေရှိတိုင်း စူးနစ်ရဲ့အမူအရာ အပြောအဆိုတွေကိုပဲ အဘိဓာန်တစ်အုပ်လို့ ဖတ်ရှုလေ့လာနေချင်တာ ဘယ်အချိန်ကတည်းက ရင်မှာ ကိန်းအောင်းလာမှန်းမသိသည့် အာသီသတစ်ခု ဖြစ်နေသည်။

ထို့အတူ စူးနစ်ကလည်း ဂရေးနှင့်တွေ့တိုင်း အနိုင်ကျင့်ခံလိုက်ရသည့်ကလေးတစ်ယောက် အားကိုးရာ ရှာတွေ့သလို ဖြစ်သမျှအဆိုးအကောင်းမှန်သမျှ ဖွင့်အံ ထုတ်ပစ်ချင်နေတာမို့ အလိုအလျောက်ပင်အပေးအယူတည့် အဆင်ပြေနေတော့၏။

"ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ကိုရင်ဖွင့်လိုက်လို့ မင်းရင်ထဲမှာ ခံစားရတာတွေ သက်သာသွားမယ်ဆိုရင် ကိုယ်အရမ်းဝမ်းသာရမှာပဲ"

တကယ်တမ်း သူပြောလာမယ့်စကားတွေကြောင့် ကိုယ်ရင်နင့်ရလိမ့်မယ်လို့တော့ ယောင်၍မျှပင် မတွေးမိခဲ့။




ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သူနှုတ်က ဖွင့်ပြောလာမယ့်အဖြစ်အပျက်ကို ကလေးငယ်တစ်ယောက် ပုံပြင်ပြောသလို စွဲလမ်းမှုကြီးစွာ တောင်းဆိုခဲ့မိတာ။

ဒါ ဒဏ်ရာဟောင်းကို တူးဖော်ခြင်းမဟုတ်ပါဘူး စူးနစ်ရယ်။ မင်းရင်ထဲမှာရှိနေတဲ့ အညစ်အကြေးတွေကို ဆေးကြောသန့်စင် ပစ်ချင်ရုံသက်သက်ပါ။

"သေချာနားထောင်နော် ဂရေး ကျွန်တော် သူနဲ့စတွေ့တဲ့နေရာကနေ ပြောပြမယ်။ သူနဲ့ကျွန်တော် စတွေ့တဲ့အဖြစ်က ရိုးမလိုလိုနဲ့ ဆန်းတယ်ဗျ။ အဲဒီအချိန်တုန်းကတော့ တကယ်နှင့်နေအောင် ခံစားခဲ့ရတာပေါ့ဗျာ။ ခုတော့လည်း အဲလောက်မဟုတ်တော့ပါဘူး"

အဲလောက်မဟုတ်တော့ပါဘူးဆိုတဲ့ သူ့အသံမှာပဲ ဝမ်းနည်းဆွတ်ကျင်ရိပ်တွေ အများကြီးယှက်သန်းနေလေသည်။

ဂရေးလည်း ပကတိငြိမ်သက်စွာ နားစွင့်ထားလိုက်မိ၏။



## အခန်း (၁၀)

သူတို့လေးယောက်စုပြီး Barbarian ဆိုသည့်အကအဖွဲ့လေးကိုဖွဲ့ပြီး Chanpion of Dance မှာ ပြိုင်ပြီးခါစအချိန်မှာ ဖြစ်ပါသည်။ Show ပွဲတော်တော်များများမှာ ပရိသတ်နှင့်အကျွမ်းဝင်သွားပြီး ပထမဆုံး Shempoo ကြော်ငြာတစ်ခုရိုက်ဖို့အတွက် ကမ်းလှမ်းခံရသည်မို့ အားလုံး အကလေ့ကျင့်နေကြချိန်မှာ သူမ စတင်ရောက်ရှိလာခဲ့ခြင်းဖြစ်၏။

"တီး! တောင်!"

အလွန်ကျယ်လောင်စူးရှသောဘဲလ်သံကို သူ အလွန်မုန်းလှသည်။ သွင်ခေတ်ရဲ့တိုက်ခန်းကျယ်ထဲမှာ စုဝေးလေ့ကျင့်နေကျမို့ တော်



www.burmeseclassic.com

www.burmeseclassic.com



ရုံနေ့တွေ အလုပ်ရှုပ်ချိန်မျိုးဆို အိမ်ကိုတောင် မပြန်ဖြစ်ကြတော့ပါ။

ဒါကြောင့် ဒီလိုမုန်းစရာကောင်းတဲ့ ဘဲလ်သံစူးစူးကြီးနှင့်လည်း အလွန်နားယဉ်နေပေပြီ။

"အသံကြားတယ်၊ စူးနစ် သွားဖွင့်လိုက်ကွာ။ ကြော်ငြာရိုက်မယ့် ကိုအောင်လေးထင်တယ်"

ဗဟိုက စူးနစ်ကိုလှမ်းကြည့်ပြီး ဝမ်းသာအားရလှမ်းပြော၏။ သူကတော့ satellite ကလာသည့် အဖွဲ့လိုက်အကအစီအစဉ်တွေကို အာရုံစူးစိုက်စွာ ငေးမောကြည့်ရှုနေသည်။

သွင်ခေတ်နှင့်မြစ်မင်းက chess ဝါသနာအိုးတွေပီပီ ခဏလေး နားခိုက်မှာတောင် chess-board ရှေ့ချပြီး ခေါင်းချင်းဆိုင်နေတာ တုတ်တုတ်မလှုပ်။

စူးနစ်တစ်ယောက်တည်းသာ အင်တာနက်ဂျာနယ်နှင့်။ မသိလျှင် ဂျာနယ်ဖတ်တဲ့သူက အလကားအားနေတဲ့သူလို။

TV ရှေ့က မျက်နှာမခွဲသောဗဟိုကိုကြည့်ပြီး သူ မကျေမနပ်နှင့်ပင် တံခါးထဖွင့်လိုက်ရသည်။

တံခါးဖွင့်ဖွင့်ချင်းပေါ်လာတဲ့မျက်နှာက မိန်းကလေးတစ်ယောက်





ဖြစ်သည်။

ဗဟိုထင်သလို ကြော်ငြာရိုက်မယ့် ပရိုဂျူဆာကိုအောင်လေး မဟုတ်ဘဲ အလွန်အထက်စီးနင်းဆန်သောမျက်နှာနှင့် စမတ်ကျကျ ဝတ်ဆင်ထားသည့်မိန်းကလေးတစ်ယောက်ပင်။

လှသည်ဆိုရုံနှင့်ပင် မလုံလောက်နိုင်အောင် သူမပုံစံက ခေတ်ရှေ့ပြေးသော အဆင်အပြင်တွေနှင့် လန်းပျံတွက်နေတာမို့ သူ မသိသော မော်ဒယ်(လ်)တစ်ယောက်များလားဟုပင် ထင်မိပါသည်။ နှုတ်ဆက်လာပုံကိုလည်း နားထောင်ဦး။

"Hi!... ဒါ Barbarian အဖွဲ့ရဲ့လိပ်စာအတိုင်း ဟုတ်ပါတယ်နော်"

"ဪ, ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ"

စူးနစ်ရဲ့မေးခွန်းကို သူမက မနှစ်မြို့သည့်ဟန်နှင့် နှာခေါင်း တစ်ချက်ရှုံ့လိုက်ပြီး. . .

"ဘာကိစ္စလဲသိချင်ရင် အထဲကိုအရင်ဆုံးဝင်ခွင့်ပေးရမယ်"

ဟု ဂျစ်ကန်ကန်မာကျောကျောပြောလိုက်သည်မို့ ထိုပုံစံကို သူ အလွန်အမြင်ကပ် အသည်းယားလွန်းသွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှန်းမသိညာမှန်းမသိ ဝင်ခွင့်ပေးလို့ ဖြစ်ပါ့မလားဗျ။ ခင်ဗျားက ဘယ်သူနဲ့တွေ့ချင်တာလဲ ဘာကိစ္စလဲပြောပေါ့"

"Wow! သိပ်ကို အစစ်အဆေးအမေးအမြန်းထူတဲ့နေရာပါလား"

သူမက ညည်းညူသလိုရေရွတ်ရင်း သူမမျက်နှာမှာ တပ်ဆင်ထားသည့် Oakley မျက်မှန်ကြီးကို စတိုင်(လ်)ကျကျွာ ဆွဲချွတ်လိုက်စဉ်မှာတော့ သူတောင် ငေးခနဲဖြစ်သွားရပါသည်။

နဂိုလား မျက်ကပ်မှန်ကြောင့်လားမသိ၊ ပြာလဲ့ကြည်စင်နေသောမျက်ဝန်းအစုံကို ရှည်လျားကော့ပျံ့နေသောမျက်တောင်တွေ ဝန်းရံဘောင်ခတ်ထားပုံက အလွန်ကဗျာဆန်လှပြီး ခပ်ပါးပါးပေမယ့် ပုံပန်းကျလှသောနှုတ်ခမ်းလွှာတို့က နီစွေးရဲရိုကာ အချိုးအစားညီညီ သေသပ်လှပနေသည်။ ဖြောင့်စင်းချွန်မြသောနှာတံနှင့် ဟိုဘက်ဒီဘက်ထိစပ်သယောင်ဖြစ်နေသော မျက်ခုံးတန်းနက်နက်တွေက တစ်မျိုးတစ်ဘာသာ ညှို့ဓာတ်ဝင်နေ၏။

မျက်ခုံးအထက်နားကျကျမှာ ခပ်ကုပ်ကုပ်နဲ့ ထူထပ်သိပ်သည်းစွာ အုပ်ချထားတဲ့ဆံယဉ်စတွေက ရွှေညိုရောင်ပြောင်လက်နေပြီး အပေါ်





ခပ်စောင်းစောင်းနေရာမှာ ငှက်မွှေးလို ခပ်ပွပွ အမွှေးရှည်ရှည်ကလစ်တစ်ခု ပန်ထားပုံက ခုပဲ ဖက်ရှင်ရှိုးလျှောက်တော့မယ့်သူလို လှပကြွရွနေပြန်သည်။

"ဒီမယ်, လူကို မယုံသင်္ကာလာမကြည့်နဲ့။ ရှင်တို့ရဲ့ခပ်စုတ်စုတ်တိုက်ခန်းကိုရောက်ဖို့ ခြေသလုံးတောင့်အောင် တက်ခဲ့ရတာ။ အားနာဖို့ သတိရဦး"

"ဘာ!..."

ခပ်စုတ်စုတ်တိုက်ခန်းဆိုတဲ့အသုံးအနှုန်းကြောင့် ဗဟိုပင်လျှင်အထိတ်တလန့်လှည့်ကြည့်သည်။

ဒါက သွင်ခေတ်ရဲ့အဖေပိုင်သည့် ကွန်ဒိုတိုက်ခန်းတစ်ခုဖြစ်ကာ ဒီကိုရောက်ဖို့ သက်တောင့်သက်သာ lift နှင့် တက်လာရုံပင်။

ဒါကိုတောင် ခပ်စုတ်စုတ်ဆိုတော့ သူမက ဘယ်ကနေ ဘုံကြီးပြတ်ပြီး ကျလာတာမို့လဲဆိုတဲ့သိချင်စိတ်နှင့် TV ပိတ်ပြီး ထလာသည်။

"အစ်မပြောသလောက် ဒီတိုက်ခန်းက စုတ်တယ်ပဲထားပါဦး၊ ခြေသလုံးတောင့်စရာတော့ မလိုပါဘူးဗျ။ ဓာတ်လှေကား ရှိနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်လေ့ကားစီးရတာနဲ့ကို ခြေသလုံးတောင့်နေပြီ။ ကဲပါ၊ အဲဒါတွေနောက်မှမေး။ အခု Barbarian နဲ့တွေ့ချင်တယ်"

"Barbarian နဲ့တွေ့ချင်ရင် အာဖရိကတောနက်ထဲကို သွား။ ဒီမှာတော့ ကျွန်တော်တို့လေးယောက်ပဲရှိတယ်"

ဗဟိုက ရှုတ်နောက်နောက်ပြောပြီး အမိုက်စားလေဒီကို စုန်ချည်ဆန်ချည်အကဲခတ်နေသည်။

စုးနစ်ကတော့ မိန်းမတွေကို သိပ်မကြည့်တတ်သူပီပီ စကားတွေဆက်မရှည်လိုတာမို့ သူမကိုဝင်ခွင့်ပေးလိုက်သည်။

တန်ဖိုးကြီး စလင်းဘက်အိတ်ကို တံတောင်ဆစ်မှာ ချိတ်ပြီး နက်ပြောင်နေသည့် အကောင်းစားရှူးဖိနပ်လေးနှင့် မေးကိုပင့်ချီကာ အခန်းထဲဝင်လာပုံက သူ့အိမ်သူ့ယာကို ပြန်လာတဲ့သူဌေးမကြီးအိုင်။

မိန်းကလေးတန်မဲ့ ဆောင့်ကြွားကြွား မြောက်ကြွကြွဖြစ်နေပုံကို သူ အလွန်အသည်းယားကာ အမြင်တွေ စွတ်ကပ်နေမိတော့၏။

"အဟမ်း. . . ဟမ်း"

တမင်လုပ်ပြီး ဟန့်သော ချောင်းသံအဆုံး အခန်းထောင့်မှာ ခေါင်းအုံးတို့နှင့် တီရှပ်လေးတွေဝတ်ပြီး ပေါင်ပေါ်လက်တင်မေးထောက်





ကာ Chess ထိုးနေသော သွင်ခေတ်နှင့် မြစ်မင်းက မျက်လုံးကလေးတွေပြူးလျက် မော့ကြည့်ပြီး အိုးတိုးအန်းတန်းဖြစ်နေကြသည်။

'ဘာလဲဟ'ဆိုတဲ့ ပုံစံနဲ့မြစ်မင်းက ဗဟိုကိုလှမ်းပြီး မေးဆတ်ပြတော့ ဗဟိုက သူမ မမြင်အောင် လက်ဝါးနှစ်ဖက်ဖြန့်ပြီး ပခုံးတွန့်ပြသည်။

စုးနစ်ကတော့ သူ့ရဲ့အော်ရီဂျင်နယ်မျက်နှာအတိုင်း စုပုပ်ပုပ်မှုန်ကုပ်ကုပ်နဲ့ ခုံမှာ ဝင်ထိုင်လို့။

"ကဲ. ဘာကိစ္စလဲပြောဗျာ။ ခင်ဗျားတွေ့ချင်တဲ့ Barbarian အဖွဲ့က ကျွန်တော်တို့လေးယောက်ပဲ"

စုးနစ်ရဲ့မကျေမနပ် ဆောင့်အင့်အင့်စကားအဆုံး သူမက စွဲမက်နှစ်သက်ဖွယ်ပြုံးကာ. . .

"သိသားပဲ"ဟု ခပ်တိုးတိုးရေရွတ်ရင်း သူမရဲ့လက်ထဲက iphone ကလေးကို တဆဆလုပ်နေလေသည်။ အဲဒီအချိန်မှာပဲ ဖုန်းကလေးမှ အသံမြည်လာတာမို့ တစ်ယောက်ပုံစံတစ်မျိုးနှင့် ကြောင်ငေးမင်တက်နေသည့် သူတို့လေးယောက်ကို လက်ကလေးတွေ ကာပြကာ ခဏနေဦးဟုမပြောတော့ဘဲ ထိုသဘောနှယ် အသံတိတ် ခွင့်တောင်းလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အင်း ပြော၊ ဟုတ်တယ်၊ အခုပဲရောက်တာ၊ အဆင်ပြေပ ပါ။ ဝိတိ အဆင်သင့်စောင့်နေလိုက်လေ။ OK! ဒါပဲနော် bye bye"

သူမသည် အလွန်ဘိုဆန်သော အသိုင်းအဝိုင်းထဲက ထွက်လာခဲ့ဟန်ရှိသည်။

စကားပြောပုံဆိုပုံတွေသာမက၊ ပြုံးတာရယ်တာတွေပါ အင် လိုနေရင်း အနောက်တိုင်းဆန်နေတော့တာဖြစ်သည်။

စုနစ်တို့ယောကျ်ားလေးတွေချည်းရှိသောနေရာကို တစ်ကိုယ် တော်ရောက်လာပုံက တော်ရုံရဲတင်းစွန့်စားမှုမျိုးတော့မဟုတ်။ ဘာကို မှ ဂရုမစိုက်ဟန်၊ အထင်မကြီးဟန်ကလည်း မျက်နှာမှာ အထင်းသား ပေါ်နေပြန်သည်။

အားလုံး ဘာမှန်းမသိ ငြိမ်သက်ငေးမောနေစဉ် စကားစလိုက် သူက သူမပင်။

"ကျွန်မနာမည် ချယ်ရီပိုင်ချိုပါ။ ရှင်တို့အဖွဲ့ကို စိတ်ဝင်စား လို့ လိပ်စာစုံစမ်းပြီး ရောက်လာတာ"

သူမစကားအဆုံး သွင်ခေတ်ရဲ့မျက်နှာက ဝင်းခနဲဖြစ်သွား





ကာ...

"အော်၊ သဘောပေါက်ပြီ။ ကျွန်တော်တို့အဖွဲ့နဲ့ကြော်ငြာရိုက်ချင်လို့လား။ ဒါမှမဟုတ် အစ်မက သီချင်းဆိုပြီး ကျွန်တော်တို့က..."

"No! No!... အဲလိုမဟုတ်ဘူး ကျွန်မက နိုင်ငံခြားမှာ နှစ်နှစ်လောက်နေပြီး... အကနဲ့ပတ်သက်တာတွေ လေ့လာသင်ယူခဲ့တာ။ dancing နဲ့ပတ်သက်ပြီး ငယ်ငယ်ကတည်းက ကျွန်မ အရမ်းအရူးအမူးဖြစ်ခဲ့ရတာလေ။ ဒီလိုပြန်ရောက်တာ တစ်လတောင် မပြည့်သေးပါဘူး။ ပြီးတော့ ရှင်တို့ရဲ့ Barbarian အဖွဲ့အကြောင်းသိရတာလည်း မကြာသေးပါဘူး။ ဒါပေမဲ့ သီချင်းခွေတွေကြည့်ဖြစ်ရင်း စိတ်ဝင်စားမိလို့ အခုလိုလာဆက်သွယ်တာပါ။ ကျွန်မ ရှင်တို့အဖွဲ့ရဲ့ member ဖြစ်ချင်တယ်"

သူမစကားအဆုံး အားလုံးတိတ်ဆိတ်ငြိမ်သက်သွားကြသည်။ သူမမျက်ဝန်းက မျှော်လင့်ချက်အရိပ်အရောင်တို့နှင့် အရောင်တလက်လက် ယှက်ဖြာနေသည်။

"မဖြစ်နိုင်ပါဘူး"

တိတ်ဆိတ်ခြင်းသက်ကြီးစိုးနေသည့်အခန်းထဲမှာ တိုးပြတ်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကြွပ်ဆတ်မာကျောသောအသံတစ်သံက အားနာတုံ့ဆိုင်းနေခြင်း အလျဉ်းမရှိဘဲ ထွက်ပေါ်လာတော့သည်။

"ဘာဖြစ်လို့လဲ"

ရုတ်တရက်နဲ့တော့ ဘာမှကန့်ကွက်ငြင်းဆန်လောက်စရာမရှိ လောက်ဘူးဟု ထင်ခဲ့သမျှ ဒီလိုအပြတ်ပြောတာ ခံလိုက်ရတာမို့ ချယ်ရီ ဝိုင်ချို့ရဲ့မျက်နှာက ရုတ်ချည်းနီမြန်းသွားကာ ပြန်မေးသောအသံက အေး စက်စက်နှင့် နာကျင်ခံခက်နေပုံလည်း ပေါ်လေသည်။

သွင်ခေတ်က စူးနစ်ရဲ့ရှုတင်းတင်းမျက်နှာကိုလှမ်းကြည့်သည် ပြီးတော့ သူမမျက်နှာကို အားတုံ့အားနာဟန်နှင့် တစ်လှည့်ကြည့်လိုက် ရင်း မသိမသာသက်ပြင်းရှိုက်သည်။

"ဘာဖြစ်လို့ ကျွန်မကို ဒီလိုကြီး အပြတ်ငြင်းလိုက်ရတာလဲ စူးနစ်။ ကျွန်မသိရသလောက် Barbarian... မှာ သွင်ခေတ်က ခေါင်း ဆောင်မဟုတ်လား။ အဖွဲ့ခေါင်းဆောင်တစ်ယောက်တည်းနဲ့တောင် ဆုံး ဖြတ်ဖို့မဖြစ်နိုင်တဲ့ကိစ္စကို ရှင်က ဘာဖြစ်လို့ အပြတ်ငြင်းလိုက်ရတာ လဲ"

သူမစကားကြောင့် သူတို့လေးယောက်လုံး အံ့ဩရိပ်တွေ ကိုယ်





စီနှင့် မျက်လုံးပြူးပြန်သည်။

သူမက မရဘူးဆိုတာနှင့် ခေါင်းညိတ်လှည့်ပြန်သွားမည့်ပုံ လည်းမရှိ။ ဆိုဖာပေါ်မှာ ခပ်မတ်မတ်ဒူးချိတ်ထိုင်နေသည့်ပုံစံပင် တစ် စက်ကလေးမှမပျက်စေရဘဲ စူးနစ်ကို ပွင့်ပွင့်လင်းလင်းပင် ချေပ ပြောဆို လိုက်သေး၏။ ဒါ့အပြင် သူမက စူးနစ်တို့ သွင်ခေတ်တို့နာမည်တွေကို ပါ လူနှင့်တွဲရက် သိနေပြန်သည်။

သူတို့အဖွဲ့က ဆယ်ကျော်သက်တို့အသည်းစွဲမို့ အင်တာနက် ဝက်(ဘ်)ဆိုက်တွေပေါ်မှာလည်း တွေ့နိုင်တာကြောင့် အံ့ဩစရာတော့ မရှိ။

သွင်ခေတ်က ခေါင်းဆောင်ဖြစ်တာကြောင့် စူးနစ်ကို အရေး မပါသလိုကြီးပြောလိုက်သဖြင့် သွင်ခေတ်က အားနာမျက်နှာပူဟန်နှင့်။

"အဲလိုလည်း မဟုတ်သေးဘူး မချယ်ရီဝိုင်ချို့၊ ကျွန်တော်က ခေါင်းဆောင်ဆိုပေမယ့် အဖွဲ့နဲ့ပတ်သက်တဲ့ကိစ္စဆို ကျွန်တော်တို့လေး ယောက်လုံးမှာ တာဝန်ရှိပါတယ်"

"ဟုတ်ပြီလေ၊ ဒါဆို member အသစ်ထည့်တဲ့ကိစ္စမှာလည်း လေးယောက်လုံး သဘောတူဆွေးနွေးဆုံးဖြတ်ပြီးမှ အကြောင်းပြန်ပေါ့။ ခု



www.burmeseclassic.com

www.burmeseclassic.com



လို ချက်ချင်းကြီးပြောလိုက်တော့. . .''

''ဟုတ်ပါတယ်၊ ကျွန်တော် တောင်းပန်ပါတယ်။ သူပြောတာ ကိုလည်း စိတ်မဆိုးပါနဲ့။ ဟိုးအရင်ကတည်းက ဒီအဖွဲ့ စဖွဲ့ကတည်းက Barbarian က ယောကျ်ားလေးချည်းသီးသန့် စဖွဲ့ခဲ့တာမို့ပါ''

မြစ်မင်းက ကြားထဲက ပြေရာပြေကြောင်းဝင်ပြောသည်။

တကယ်တော့ သူဝင်ပြောတာ အပေါ်ယံလောက်သာဖြစ်ပြီး Barbarian အဖွဲ့မဖွဲ့ခင်က နောက်ကြောင်းရာဇဝင်တစ်ခုရှိသည်။ ဒီ အဖွဲ့ထဲမှာ စူးနစ်ကလွဲပြီး ကျန်တဲ့သုံးယောက်လုံးက တက္ကသိုလ်မှာ မိန်းကလေးတွေကြောင့် အသည်းကွဲ လေလွင့်ခဲ့သူတွေဖြစ်ပြီး စူးနစ် ကတော့ အိမ်ထောင်ရေးဖောက်ပြန်တဲ့မိခင်ကြောင့် မိန်းမတွေကို မုန်း တီးစိတ်နာကာ ဝေးဝေးရှောင်နိုင်သမျှ ရှောင်နေတတ်သူဖြစ်သည်။

ဒါကြောင့် သူစိမ်းမိန်းမ မပြောနှင့်၊ သွင်ခေတ်ရဲ့ညီမအရင်း ကိုတောင် အဖွဲ့ထဲ မပါဝင်စေခဲ့တာဖြစ်သည်။ သွင်ခေတ်ရဲ့ညီမ ဝသုန် ဆို အနုပညာပိုးပါကာ အကနဲ့ပတ်သက်ပြီး စိတ်ဝင်တစားကြိုးစားသူ လေးဖြစ်သည်။

ဒါပေမဲ့ အားလုံးထက် စူးနစ်က မိန်းကလေးတွေနှင့် ပိုပြီး





တင်းရှုင်းနေချင်တာကြောင့် ဝသုန်ကိုလက်မခံခဲ့။

ခုကျမှ ဘယ်လိုစွမ်းအင်ညှို့ဓာတ်တွေကြောင့်လဲမသိ။ ချယ်ရီ ပိုင်ချို့ဆိုသည့်မိန်းမကို စူးနစ်ကလွဲပြီး အားလုံးစိတ်ဝင်စားစွာ လက်ခံ လိုက်ကြလေသည်။

''သိပ်ကိုအံ့ဩစရာကောင်းတာပဲ။ ရှင်တို့ ဘာလို့ ဒီလောက် အယူသည်း အတွေးတွေ ခေါင်နေကြတာလဲဟင်။ ချယ်ရီပိုင်ချို့ဆိုတာ ဘယ်လိုမိန်းမလို့ထင်နေလဲ။ ဒီမယ်, ရှင်တို့ဆီမှာ အခက်ခဲဆုံး၊ ပရိသတ် အကြွဆုံးကကွက်တွေက ကျွန်မအိမ်မှာ အညောင်းပြေကသလောက် ရှိတယ်။ တကယ်ဆို ရှင်တို့က ကျွန်မကို ဝမ်းသာအားရကြိုဆိုပြီး ညာယူတတ်ရမှာ။ အိုး. . . ရယ်စရာပဲ''

သူမသည် ခေါင်းတခါခါ ရင်ဘတ်တဖိဖိနှင့် ညည်းညူရေရွတ် နေကြလေသည်။

သူမ ဘာသာ ဘာကြီးပဲဖြစ်နေနေ၊ ဘယ်လိုအကြောင်းနဲ့မှ အောက်ကျို့ပေး လက်ခံလိုက်စရာမရှိပါ။ အဲ့လို လေလုံးထွားနေတာကို လည်း သူက ကြည့်လို့မရတော့ချေ။

''ခင်ဗျား ကြီးကြီးကျယ်ကျယ်တွေ မပြောနဲ့. . . ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်ဂျက်ဆင်က ဆရာခေါ်ရပါတယ်ဆိုရင်တောင် လုံးဝမထင်မကြီး သေးဘူး။ ခင်ဗျားကိုယ်ခင်ဗျား သိပ်တော်နေတယ်ထင်ရင် One Lady Show လုပ်ပြီး ပရိသတ်ကို ကပြလိုက်။ Barbarian... ကတော့ ခင်ဗျားကို လုံးဝအလိုမရှိဘူး''

ကြည့်စမ်း...

ဘယ်လောက်ရိုင်းလိုက်တဲ့ယောကျ်ားလဲလို့။

ဝိုင်ကတော့ သူ့ကို ဟိုမှာနေကတည်းက သူငယ်ချင်းပို့ပေး တဲ့အခွေတွေကြည့်ပြီး သည်းသည်းလှုပ်မြတ်နိုးလိုက်ရတာ။

သင်းတုန့်ပြန်ပုံက မောက်မာရင့်သီးလိုက်တာ။ ဝိုင်သည် ရုတ် တရက် ပွင့်ကန်ပေါက်ကွဲတော့မလိုဖြစ်လာသောဒေါသကို မနည်းအရှိန် သတ်ထိန်းချုပ်ထားလိုက်ရသည့်အတွက် မျက်နှာပြင်တစ်ခုလုံး နီရဲပူနွေး လာကာ မျက်ဝန်းအိမ်ထဲမှာပင် မျက်ရည်တချို့ ရစ်ဝိုင်းစို့စွတ်လာလေ တော့၏။

ဝမ်းနည်းနာကြည်းခြင်း၊ ခံပြင်းဒေါသဖြစ်ခြင်းတို့ကြောင့် သွေး တိုးသံတဒိတ်ဒိတ်ကိုပင် ကိုယ်တိုင်ပြန်ကြားနေရသည်။

မိန်းမတစ်ယောက်ရဲ့အရှက်နဲ့သိက္ခာဆိုတာ ရှင့်ရဲ့လူမှုရေး





အတိတန်ထဲမှာ နည်းနည်းမှ မပြဌာန်းခဲ့ဘူးလား စူးနစ်ရယ်။

ချယ်ရီဝိုင်ချိုအလိုရှိရင် ရှင်တို့တစ်ဖွဲ့လုံးကိုတောင် အပိုင်ဝယ် သိမ်းလိုက်လို့ရတယ်ဆိုတာ သိရဲ့လား။

အထူးသဖြင့် ဝိုင့်မြတ်နိုးမက်မောမိတဲ့ရှင့်ကိုပေါ့။ ဒါပေမဲ့ ရှင် က အလှကြည့်ဝယ်သိမ်းဖို့မသင့်တော်တဲ့ဘီလူးရုပ်ပဲ။

ယောကျ်ားတန်မဲ့ မှုန်ညက်နေအောင် ချောသလောက် ရင့် သီး ရိုင်းစိုင်းလိုက်တာ။

''စူးနစ်ကလည်းကွာ၊ ဒီက အစ်မကိုအားနာစရာ''

သွင်ခေတ်က တင်းမာနီရဲနေသော သူမရဲ့ဒေါသမျက်နှာကြောင့် စူးနစ်ကိုဝင်ဟန့်ရင်း ပြေရာပြေကြောင်း လေပြည်ဝင်ထိုးသည်။

သို့ပေမဲ့ ချယ်ရီဝိုင်ချိုဆိုတဲ့ မိန်းမတစ်ယောက်ရဲ့အဆိပ်အိတ် ကတော့ တိတ်တဆိတ်ပေါက်သွားခဲ့ပြီ။ ဟန်ဆောင်ပြုံးထားတဲ့နှုတ်ခမ်း အစွက မာနရောင်နဲ့ လက်စိုနေသည်။

''ကိစ္စမရှိပါဘူး သွင်ခေတ်။ ကျွန်မက ရှင်တို့အဖွဲ့ကိုသဘော ကျအားပေးတဲ့လူတစ်ယောက်ပါ။ ပြီးတော့ ရှင်တို့အကျိုးကို အမြဲလို လားတဲ့ပရိသတ်တစ်ယောက်မို့ သူပြောတာတွေ မွေမယူပါဘူး။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့အေးဆေးစဉ်းစားပါဦး၊ ကျွန်မ နောက်တစ်ကြိမ်လာခဲ့ပါဦးမယ်"

ထိုစကားတွေကို သူမက စူးနစ်ကိုကြည့်ပြီး ပြောလိုက်တာဖြစ်သည်။

စူးရဲတောက်ပနေသည့်မျက်ဝန်းတွေက စူးနစ်ဆီကို အဆိပ်အပ်တွေလို အချိန်အတော်ကြာ ကျရောက်လာပြီးမှ မျက်လွှာချသွားသည်။

"See you!... စူးနစ်၊ ရှင့်ကိုတွေ့ချင်ပါသေးတယ်"

နှုတ်ဆက်စကားလား၊ စိန်ခေါ်ခြင်းလား မကွဲပြားသည့်စကားတစ်ခွန်းကိုဆိုပြီး သူမက ချာခနဲလှည့်ထွက်သွားသည်။

အခန်းတံခါးဝရောက်မှ ခြေစုံရပ်လိုက်ကာ သူမအိတ်ထဲက ကတ်ပြားလေးတစ်ခုထုတ်ပြီး နီးရာခုံပေါ် ပစ်တင်ထားခဲ့ရင်း...

"အဲဒါ ကျွန်မအဖေရဲ့ visiting card၊ ကျွန်မကိုဆက်သွယ်လို့ရတယ်။ ဘယ်အချိန်မဆိုပေါ့"

အဲဒီနောက်မှာ သူမ ထွက်ခွာသွားတော့သည်။

ဗဟိုက ခုံပေါ်မှကတ်ကို ကောက်ကိုင်လိုက်ပြီး...

"ဒါ စူးနစ်ကိုပေးတာလား၊ ငါတို့ကိုပေးတာလားမသိဘူး။





မိုက်တာတော့ ခပ်မိုက်မိုက်ပဲကွ။ စူးနစ်ကိုတော့ ပေါ်တင်ပဲ challenge လုပ်သွားပြီ"

ဟုဆိုကာ ကတ်ကလေးကိုစိတ်ဝင်တစားကြည့်လိုက်လေသည်။ စကြည့်တုန်းက ကျုံ့ထားတဲ့ ဗဟို့မျက်ခုံးအစုံက တဖြည်းဖြည်းပြေလျော့သွားပြီးမှ မြင့်တက်လာပြန်ကာ...

"အိုး! ဦးမင်းချိုဆိုပါလား၊ MC group တဲ့၊ လိပ်စာတွေက စင်္ကာပူတို့ ဘန်ကောက်တို့မှာရှိတဲ့ ကုမ္ပဏီလိပ်စာတွေ။ ဒီနိုင်ငံမှာတော့ MC group က စီးပွားရေးလုပ်ငန်းတော်တော်များများကိုချုပ်ကိုင်ထားတယ်။ တကယ့်အင်ပါယာအကြီးကြီးရဲ့ MD က ချယ်ရီဝိုင်ချိုရဲ့အဖေကွ။ ကြည့်စမ်း! ဒီကလေးမ ပြောပြောက, မစောဘူး"

ဗဟို့စကားကြောင့် သွင်ခေတ်နဲ့ မြစ်မင်းက အထင်ကြီးလေးစားအားကျသည့်အကြည့်တွေနှင့် လိပ်စာကတ်လေးကို ဆိုးဆိုးဆတ်ဆတ်ဆွဲယူကြည့်ရှုကြပြီး အံ့သြဘနန်းတွေဖြစ်လို့မဆုံး။

"ကြည့်စမ်း! ငါတို့အဖွဲ့ထဲကို ဦးမင်းချိုရဲ့သမီးကိုယ်တိုင် ဝင်ချင်တာတဲ့ကွ။ စူးနစ်, မင်းကွာ၊ ဘုမသိဘမသိ ကောလွှတ်လိုက်တယ်။ ဟိုက တကယ့်နတ်သမီးလေးကွ။ တော်တော်ကြီး crazy ဖြစ်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



သာ ကိုယ်တိုင်လာတာကွ။ အမှန်ဆို သူ့အဖေပါဝါသုံးပြီး ကြိုက်တာလုပ်လို့ရတယ်''

''ဟုတ်ပါ့၊ ဒီလောက်ချမ်းသာနေတဲ့မိန်းမက dancer တစ်ယောက်ဖြစ်ချင်နေတာ တော်ရုံစိတ်နဲ့မဟုတ်ဘူး''

''ငါက ပထမတော့ ရဲရဲတင်းတင်းနဲ့ အတင်းဝင်ရောချင်လို့ ခွင်ဖန်တယ်ထင်တာ။ ဒီလိုမှန်းသိလို့ကတော့''

''ငါ့အဖေဆို MC group... မှာ ရှယ်ယာဝင်ချင်လွန်းလို့ အခွင့်အရေးမရလို့''

တစ်ယောက်တစ်ပေါက်ပြောနေကြတဲ့ ကျိတ်မနိုင်ခဲမရစကားသံတွေကို သူ အတော်လေး နားကြားပြင်းကပ်လာသည်မို့ 'တော်တော့ကွာ'ဟု ဖြတ်အော်ပစ်လိုက်ရသည်။

ဒီမိန်းမဟာ တော်တော်အမှိုက်ဆန်တာပဲ။

သူ့အဖေက တကယ့်ဖိတ်ဖိတ်ကျဲသူဌေးကြီးတစ်ဦးဆိုတာ မသိသိအောင် တမင်လုပ်သွားသေးရဲ့။

အံ့သြစရာပဲ။

သူမကြောင့် Barbarian အဖွဲ့ထဲမှာ ပထမဆုံးအကြိမ်အဖြစ်





သဘောထားမတိုက်ဆိုင်မှုတွေ စတင်ဖြစ်ပွားတော့မယ်ဆိုတာ အလိုလိုသိရှိနားလည်လိုက်တာမို့ သူ့စိတ်တွေ လေးလံ ထိုင်းမှိုင်းသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

"အိုး! ဖာတ်လမ်းအဖွင့်ကတော့ သိပ်မိုက်တာပဲ၊ ယှဉ်ပြိုင်တာတွေ မာနတွေ။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် မကျေမနပ် အငြိုးအတေး အာဃာတတွေနဲ့ပါလား"

သိမ်မွေ့က ပြောလည်းပြော၊ ရွှေပုစွန်ခြောက်ကြီးတွေ နိုင်းချင်း ထည့်သုပ်ထားသည့် ခရမ်းချဉ်သီးသုပ်ထဲသို့ ဂရုတ်သီးစိမ်းလေးတွေ တတောက်တောက်ညှပ်ထည့်ပေးကာ. . .

"ဖာတ်လမ်းလည်းပြော၊ ကျုပ် ခရမ်းချဉ်သီးသုပ်လေးလည်း အားပေးဦး"

ရွှေဝဒေသာစာပေ



www.burmeseclassic.com

www.burmeseclassic.com



မြေပဲကို ကြော်ရုံလေးထောင်းကာ ပဲမှုန့်များများနှင့် နှမ်းတွေဖြူးထားပြီး ကြက်သွန်နီပါးပါးလေးလှီးထည့်ထားသော သိမ်မွေ့ရဲ့လက်စွမ်းပြ ခရမ်းချဉ်သီးသုပ်က ရေနွေးကြမ်းကလေးနှင့် စားချင့်စဖွယ်။

အံ့မယ်. ကြည်သွန်ဖြူလေးတွေတောင် ပါလိုက်သေး။

ဂရေး တစ်ဇွန်းခပ်စားပြီး ရေနွေးကြမ်းထည့်ထားသည့်ဖန်ခွက်ကလေးကောက်ကိုင်လိုက်တော့ စူးနစ်ကိုတောင် သတိရလိုက်မိရဲ့။

''ကဲ. . . ခရမ်းချဉ်သီးသုပ်စားပြီး ဖိမ်ခံတော်မူမနေပါနဲ့ဦး ဖုရား။ ဇာတ်လမ်းလေးကိုလည်း မြွက်ကြားတော်မူပါဦး''

သိမ်မွေ့စကားကြောင့် ဂရေးက ခရမ်းချဉ်သီးသုပ်စားရင်း မျက်လွှာပင့်ကြည့်ကာ. . .

''ဘာပြောရမှာလဲဟဲ့၊ ကုန်ပြီ''

''ဟင်, ဘာကုန်တာလဲ၊ ခုမှ သူတို့နှစ်ယောက် စတွေ့တုန်းရှိသေးတာ။ ဇာတ်လမ်းက ဆန့်တငင်ငင်ကြီးလား''

''ကျန်သေးတာပေါ့ဟဲ့။ ဒါပေမဲ့ ဒီနေ့ညအတွက် ကုန်ပြီလို့ပြောတာ''

ပြောပြီး ဂရေးက ရေနွေးကြမ်းကို ဖြည်းဖြည်းချင်းသောက်လိုက်၏။





သိမ်မွေ့ သိပ်တော့ကျေနပ်ပုံမပေါ်။

''နင်တို့ဟာကလည်း ကိုးရိုးယားဇာတ်လမ်းတွဲကျနေတာပဲ။ တစ်ပိုင်းတစ်စနဲ့ ကောင်းခန်းရောက်မှ ဖြတ်ချလိုက်သေးတယ်။ သူဖြတ်တာဖြတ်ပေါ့ဟယ်။ နင်က ထင်ရာမြင်ရာဆက်ပြောပေါ့''

''အဲလိုပြောလို့ရမလားဟဲ့''

''ဒါဖြင့်လည်း အခုဖုန်းဆက်ပေးဟာ၊ ဘာဆက်ဖြစ်ကြလဲလို့''

''ဟဲ့, ရှင်ကလည်း ဇွတ်ကြီးပါလား။ သူ့ဇာတ်လမ်းကို တစ်ညလုံးထိုင်ပြောတောင် မကုန်ဘူးတဲ့။ တော်ရောပေါ့။ နောက်ညတွေ ဆက်ပြောမှာပဲဟာ''

''ရှုပ်လိုက်တဲ့ဟာယ်၊ တစ်ခါတည်း ဖြစ်ကြောင်းကုန်စင်ကို အတိုချုပ်လိုက်လည်း ပြီးတာပဲဟာ။ မရစ်သင့်ဘဲ ရစ်နေတယ်''

သိမ်မွေ့က ကိုးရိုးယားဇာတ်လမ်းတွဲတောင် အပိုင်းပိုင်းတွေနဲ့ စိတ်မရှည်လို့ ဘယ်တော့မှစောင့်မကြည့်။

ကြည့်ပြီဟေ့ဆိုရင်လည်း နေ့မအိပ်ညမအိပ် အလုပ်ပါခွင့်တင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သုံးရက်လောက် ဆက်တိုက်ကြီးကို အပြီးကြည့်တတ်သူဖြစ်ရာ စူးနစ်ရဲ့ဇာတ်လမ်းကို ဂရေးထံမှတစ်ဆင့်ကြားရတာနဲ့တင် မရိုးမရွသိချင်စိတ်တွေ ပြင်းထန်နေတော့၏။

သိမ်မွေ့ရေ. . . ရှင်သိချင်တာ ကျုပ်လောက်မဆိုးသေးပါဘူး ပြီးတော့ ဂရေးက သူ့စကားတွေကို နားနဲ့နားထောင်တာမဟုတ်ဘူး ရင်ဘတ်နဲ့နားထောင်ပြီး နှလုံးသားထဲ ထည့်လိုက်တာမျိုး။

အဲဒါကြောင့် သူ့စကားတစ်ခွန်းစတိုင်း ရင်ထဲမှာ နင့်ခနဲလှိုက် ခနဲနေအောင် ခံစားရလိုခံစားရ ဖြာခနဲ ကျဉ်ခနဲနေအောင်လည်း ခံ စားရလို ခံစားရနဲ့ တကယ်မလွယ်တာပါကွယ်။

"ဟဲ့, ဘာတွေတွေးနေတာလဲ။ ခုပဲ စာထရေးလိုက်တော့မ လား"

"အင်း, စိတ်ကူးနဲ့ စာတွေစီနေတာလေ"

"အဲဒါများဟယ်၊ တစ်ခါတည်း အပြီးမေးထားလိုက်တာမဟု ဘူး။ တော်ကြာ ဇာတ်လမ်းမဆုံးခင် ဇာတ်လမ်းပမာပြောသူ ဂန့်နေ

"ဖွဟဲ့၊ မပြောကောင်းမဆိုကောင်း သိမ်မွေ့ရယ်"

"အဲတော်, ရှင် အရင်က အဲလိုတွေ သည်းသည်းလှုပ် အ





မကြီးတတ်ပါဘူး။ ခုမှ ပူပင်ကြောင့်ကြ နာခေါင်းပွနေလိုက်တာ။ စူးနစ် တစ်ခုခုဖြစ်မှာ စကားလေးနဲ့တောင် အပြောမခံနိုင်ဘူးပေါ့၊ ဟုတ်လား"

သိမ်မွေ့ရဲ့ မဲ့ကာရွဲ့ကာအမေးကို ဘာမှမဖြေ။

ဒါပေမဲ့ ဂရေးမျက်နှာမှာ ရှက်ရွံ့ကြည်နူးနေတဲ့အပြုံးလေးက အထင်းသား။

"အံမယ်,အံမယ် ရုပ်ကိုက ရှက်ပြုံးကြီးနဲ့။ ရှင် သူ့ကိုကြိုက် နေသလားဟင် ဂရေး"

သိမ်မွေ့ရဲ့တိုးဖွဖွညင်သာသာမေးသံကလေးဟာ ဂရေးရင်ထဲ ကို ဒိန်းခနဲမြည်အောင် ဝင်ဆောင့်လေသည်။

အံ့သြဖွယ်ကောင်းလေစွ။

"ဘာကိုကြိုက်ရမှာလဲ၊ သူ က,တာကိုလား"

"အို, မဟုတ်ပါဘူး။ လူကို. . . လူကို ချစ်မိနေတာလားလို့ မေးတာ"

"သိဘူးလေ"

ကုပ်ပိုးကို လက်ဖဝါးလေးနှင့်ပွတ်ရင်း ရှက်အန်းအန်းပြန်ဖြေ တော့ သိမ်မွေ့က မျက်စောင်းတစ်ချက်ရွယ်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ ဒီအမူအရာလောက်ဆို သိပြီ သိပြီ။ အခုမြင်နေရတဲ့ sign and symptom တွေအရတော့ ရောဂါက သိပ်မသေးတော့ဘူး။ အမြစ်တွယ်နေပြီ၊ ကာယကံရှင်မသိဘဲ ဝင်နေတဲ့ အချစ်ပိုးရုပ်(စ်)တွေပေါ့၊ ဟား. . . ဟား. . ."

"သိမ်မွေ့နော်၊ ဘယ်လိုစကားကြီးလဲ"

"အို၊ စာရေးဆရာမနှယ်၊ ရှက်နေပြန်ပါပြီ။ ရှင် Dancer လေးကို ကြိတ်ကြွေနေပြီ၊ ရှင်သိရဲ့လား။ အစက ရိုးရိုး ခုမှတစ်မျိုးတိုးပြီး သံယောဇဉ်တွေ တွယ်နေတာ။ ဟိုကရော ဘယ်လိုလဲ"

ဂရေးမျက်လုံးအဝိုင်းသားနှင့် ခေါင်းခါလိုက်မိပါသည်။

"ဟင့်အင်း၊ သူက ကျုပ်ကိုမချစ်ပါဘူး"

"ရှင်က ဘယ်လိုလုပ်သိလဲ"

သိမ်မွေ့စကားအဆုံး ဂရေးက သက်ပြင်းမောလေးရှိုက်ရင်းက. . .

"သူ ကျုပ်ကိုစိတ်ဝင်စားရင် သူ့ရည်းစားအကြောင်း ခရေစေ့တွင်းကျ ပြောပြပါ့မလား သိမ်မွေ့ရဲ့။ သူ ကျုပ်အပေါ် အဖြူရောင်ပဲဆိုတာ သိသာနေတာပဲ။ ယောက်ျားတွေက သူတို့စိတ်ဝင်စားတဲ့မိန်းမတော်ယောက်ရှေ့မှာ ရည်းစားဟောင်းအကြောင်း စိတ်လိုလက်ရပြောလေ့ရှိဘူး သိမ်မွေ့ရဲ့"

"ဂရေးရယ်၊ ရှင်ကလည်း အတွေးခေါင်နေသေးတယ်နော်။ တချို့ယောက်ျားတွေက အဲလိုမဟုတ်ဘူး ဂရေးရဲ့။ သူတို့ချစ်တဲ့မိန်းမရှေ့မှာ ရိုးသားပွင့်လင်းပြပြီး အမှတ်ယူတတ်တာ။ တစ်ခါတလေ သူတို့စိတ်က နားလည်ရခက်တယ်ဟ။ လူချင်းမတူသလို မူချင်းလည်း ကွဲပြားနိုင်တာပဲလေ"

"ဘာပဲဖြစ်ဖြစ် သူကတော့ ကျုပ်ကို တကယ်ရိုးရိုးသားပါ"

"ဒါပေမဲ့၊ အဲဒါ အချိန်မရွေးပြောင်းလဲလို့ရတာပဲ။ စူးနစ်ကစိတ်ထဲကခံစားချက်ကို တခြားလူမမြင်အောင် ဖုံးထားတတ်တဲ့လူဆို၊ ရှင်ဘယ်လိုလုပ် အကဲခတ်မလဲ"

"ဟုတ်တော့ဟုတ်တယ်၊ သူက အခုဝတုန်းက မိန်းမဆို သူ့အမေကိုတောင် နာကြည်းမုန်းတီးနေတဲ့သူတဲ့။ ခုတော့ အဲလောက်တော့ဘူး။ ကျုပ်နဲ့စတွေ့ကတည်းကနေ ခုထိတော့ ဘာမှထူးခြားတာ မတွေ့သေးဘူး။ ကျုပ် သူ့ကို လုံးဝအကဲဖမ်းလို့မရသေးဘူး သိမ်မွေ့ရယ်"




ရွှေပဒေသာစာပေ

www.burmeseclassic.com



စကားအဆုံး သူမတို့နှစ်ယောက်လုံး ငြိမ်သက်တိတ်ဆိတ်သွားကြသည်။ ခဏကြာမှ သိမ်မွေ့က. . .

"ဟယ်. ဆယ့်တစ်နာရီတောင် ခွဲနေပြီတော့။ ဂရေးရေ ကျွ
အိပ်တော့မယ်။ မနက်ဖြန် ရုံးနောက်ကျလို့မဖြစ်ဘူး"

ဟု ပျာပျာသလဲနှုတ်ဆက်ကာ ဝါးခနဲသမ်းဝေလိုက်ပြီး ဂရေ
အခန်းထဲမှ ထွက်သွားသည်။

ဂရေးကတော့ အိပ်လို့မရနိုင်သေးတာမို့ စာရေးဖို့ Lapt
ကလေးကို ဖွင့်လိုက်သည်။

ပြီးတော့ ဂရေးလက်အစုံက keyboard ပေါ် တရွေ့ရွေ့
လွှားသွားကြသည်။ အဲဒီနောက် ကဗျာတစ်ပိုင်းတစ်စ. . .

**တကယ်တော့...**

**အချစ်နဲ့ကံကြမ္မာက အတူတူပဲ။**

**ထင်မှတ်မထားတဲ့အချိန်မှာ....**

**မျှော်လင့်မထားတဲ့ အဖြစ်အပျက်တွေနဲ့....**

**အလစ်ဝင် အလဲထိုးသွားတတ်တာမျိုး၊**

**သတိရလို့ ကြည့်လိုက်တော့**





ကိုယ့်နှလုံးသားက ဒဏ်ရာနဲ့သွေးအလိမ်းအလိမ်း
ရှောင်တိမ်းဖို့တောင် နောက်ကျနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

''မင်းမလိုက်လည်းနေခဲ့, ဟောကောင်။ ငါတို့ကတော့ သွားမှာပဲ''

''အငတ်က တစ်မျိုး''

မြစ်မင်းစကားအဆုံး ဇဟိုက ခပ်တိုးတိုးရွတ်ချဝေဖန်ပြန်သည်။ ဒါပေမဲ့ မြစ်မင်းက တစ်ပတ်မလျှော့။

''လိုက်ခဲ့ပါကွာ. . . သူက အားလုံးကိုဖိတ်ထားတာ။ ဒီလောက် သဘောကောင်းတဲ့လေဒီ တစ်ခါမှမမြင်ဖူးသေးဘူး။ တော်ရုံမမှားနေရာ ဆို မြစ်မင်းတို့က ဆောရီးပဲ။ ခုဟာက Traders Hotel က Dinner ဖြစ်နေလို့''



www.burmeseclassic.com

www.burmeseclassic.com



ဒေါနစိမ်းရောင် MK တီရှပ်နှင့် စတိုင်(လ်)ပင်(န်)ကို သေသပ်စမတ်ကျစွာ ဝတ်ဆင်ထားသောသွင်ခေတ်ပုံစံကလည်း နှုတ်ကသွားချင်နေပြီဟု ဖွင့်မပြောပေမယ့် ချယ်ရီဝိုင်ချို့ရဲ့ဖိတ်ကြားမှုကိုလက်ခံပြီး သွားဖို့အသင့်ဖြစ်နေတယ်ဆိုတာ အသိသာကြီးပင်။

စူးနစ်တစ်ယောက်တည်းသာ စိတ်ကောက်နေသော ကလေးဆိုးကြီးလို မှုန်တေတေ ဂျစ်ကန်ကန်နှင့် ပေကပ်ပြီး ထိုင်နေဆဲ။

ဗဟိုကတော့ စူးနစ်ကို အေးအေးဆေးဆေးစောင့်ကြည့် အကဲခတ်နေပုံရလေသည်။ မြစ်မင်းက ခေါင်းကို Gel နှင့် သရင်း၊ မှန်ရှေ့မှာ လေတချွန်ချွန်လုပ်နေသည်။

"မင်းတို့ဘာသာ သွားကြကွာ၊ ငါလုံးဝမလိုက်ဘူး"

"အဲလိုတော့မကောင်းပါဘူးကွာ၊ အားနာစရာ။ သူ့အဖေလည်း ပါမှာဆိုတော့"

အဲလို သူ့အဖေဝိတ်သုံးပြီးတော့ မလှုပ်နိုင်အောင် ချည်လိုက်တာကိုပဲ သူအမြင်ကပ်တာဖြစ်သည်။

အခုတလော သူတို့အဖွဲ့နှင့် ရိုက်ဖို့လာအပ်တဲ့ကြော်ငြာတွေက ဆယ်ခုထက်မနည်း။





အဝတ်အစားကြော်ငြာ၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းကြော်ငြာကအစ ဟိုတယ်နှင့်ခရီးသွားလာရေး လေကြောင်းလိုင်းအဆုံး ကြော်ငြာရိုက်ဖို့ လာလိုက်သမျှ MC Group က ဆိုလိုချည်းဖြစ်နေတာ။ သူမလက်ချက်သာ ဖြစ်ဖို့များသည်။

အလုပ်ကိစ္စမို့ ဝမ်းသာအားရလက်ခံကြပေမယ့် မလွဲမရှောင်သာသည့်အနေနှင့်သာ သူပါဝင်လှုပ်ရှားခဲ့သည်။

ဘာကြောင့်မှန်းမသိ ချယ်ရီဝိုင်ချို့ကို သူ ဘယ်လိုမှအမြင်ကြည်အောင်ဖူးတင်လို့မရချေ။

ပိုက်ဆံပေါတိုင်း ထင်ရာမြင်ရာကို ခေါင်းမာမာနှင့် ဖွတ်လုပ်နေသည့်မိန်းမဟုသာ ထင်မိသည်။ မခံချင်စိတ်ထားပြီး တမင်အရွဲ့တိုက်တာ သူတို့အဖွဲ့ကို ငွေနှင့်ပစ်ပေါက်ကစားနေသည်လိုလည်း တစ်ထစ်ချ ယုံကြည်ထားတာကြောင့် သူမရှေ့တစ်လှမ်းတိုးလေ သူက နောက်ဆုတ် ရှောင်ကပ်နေချင်လေဖြစ်ကာ လိုက်သူနှင့်ပြေးသူက မီလုမီခင် သက်တစ်ကမ်းအလိုမှာ ရောက်နေပြီ။

ဒါပေမဲ့ ဝေးသလောက်တော့ ရောက်အောင် ရှောင်ပြေးချင်သေးသည်။ မျက်ဝန်းချင်း ရှည်ကြာစူးစိုက်စွာဆုံဖြစ်တိုင်း အရည်ပျော်မတတ်



www.burmeseclassic.com

www.burmeseclassic.com



ညို့နေတဲ့မျက်ဝန်းတွေကို သူကြောက်နေမိပြီ။

ခါးသီးမုန်းတီးနေရက်နှင့် ရှုံ့သွပ်ရိဝေစွာ မကျဆုံးလို့။ ဒါက သူ့ဆန္ဒအမှန်ပင်။

သူမ တစ်ဖက်လှည့်နဲ့ပို့ထားလို့ သွင်ခေတ်တို့ဆီမှာ ရောက်နေတဲ့ခွေတွေ ကြည့်လိုက်ကတည်းက အကပိုင်းဆိုင်ရာပညာတွေနဲ့ပတ်သတ်ပြီး ဘယ်လောက် talent ရှိတယ်ဆိုတာ ခန့်မှန်းလို့ရနေပြီ။

ဘာပဲလုပ်လုပ် ဖွဲ့နဘဲရှိတာတော့ မိန်းကလေးတန်မဲ့ စိတ်ဓာတ်ဘယ်လောက်မာကျောသလဲဆိုတာ ပြလိုက်တာပင်၊ စူးနစ်ကတော့ သူမကို အထင်ကြီးလေးစားလို့လည်းမရ ခင်မင်ဖို့လည်းမဖြစ်နိုင်နှင့်၊ အားလုံးခင်မင်နေတာတောင် သူနဲ့လုံးဝ စိမ်းသက်အေးစက်နေကြတုန်းပင်။ သူမကလည်း ခက်ခဲတာကိုမှ ပိုပြီးမက်မောလိုချင်နေပုံမျိုး။ သူ့ကိုသာ မရမကဆွဲထုတ်ခေါ်ငင်ချင်သည့်အကြည့်ရွဲ့ရွဲ့တွေနှင့် အမြဲလိုလို ညို့ယူနေပြန်သည်။

ကြာရင်ခက်မယ်. . . မဖြစ်သေးဘူး။

"ငါမလိုက်ချင်ဘူး သွင်ခေတ်ရာ၊ မင်းတို့လည်းသိရဲ့သားနဲ့။ သူနဲ့ငါ ဘယ်တော့မှ peace ဖြစ်မှာမဟုတ်ဘူး။ တွေ့တာနဲ့ ဖိုက်ကုန်ကြ





မှာပဲ၊ ငါကလည်း နည်းနည်းမှ တင်စီးတာမျိုးကြိုက်တာမဟုတ်ဘူး။ သူ့အဲလိုအကြောကြီးနဲ့ ငါ့ကိုလာပတ်သက်နေသရွေ့ လုံးဝပဲ၊ သွားပါကွာ. . . သူ့အဖေနဲ့လာမှာဆိုတော့ နောက်ကျနေလို့မကောင်းဘူး၊ သွားလိုက်ပါ။ ငါ နေမကောင်းဘူး ဘာညာ. . . အကြောင်းပြလိုက်ပေါ့"

အားလုံးသက်ပြင်းရှိုက်ပြီး ခေါင်းတရမ်းရမ်းနှင့်ထွက်သွားသည်။

သူ အိမ်လည်းမပြန်ချင်တာမို့ ဒီမှာပဲ သူတို့ပြန်အလာကိုစောင့်နေလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

အမေမရှိတော့ကတည်းက အိမ်ကို သူမပြန်ဖြစ်။ အဖေနဲ့အမေ လက်ထက်က အလုပ်သမားတွေပင် အိမ်မှာ တစ်ယောက်မှမရှိတော့။ သူပြန်သွားတိုင်း အိမ်က တိတ်ဆိတ်ခြောက်ကပ်နေတတ်သည်။

ထိုအခါ အမေ့ကိုသတိရပြီး သူ နာကျင်ဝမ်းနည်းရဦးမည်။

ဒီလိုနဲ့. . .

သူ အိမ်ပြေးတစ်ယောက် ဖြစ်မှန်းမသိဖြစ်လာတော့တာပင်။

တစ်ယောက်တည်း ပျင်းပျင်းရှိလှတာမို့ Channal V မှလာနေသော နိုင်ငံခြားဂီတအစီအစဉ်တွေကို ထိုင်ကြည့်နေလိုက်သည်။ ဖက်ရှင်၊ ဂီတ၊ အကတွေ တစ်မျိုးပြီးတစ်မျိုးလာနေပေမယ့် စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားလှသည်လည်းမဟုတ်တာမို့ သူ မေးခနဲအိပ်ပျော်မလိုဖြစ်သွားစဉ် 'တီးတောင်' ဟူသောဘဲလ်သံကြောင့် လန့်နိုးလာရတော့၏။

ဟိုကောင်တွေပြန်လာတာ မြန်လှချည်လားလို့တွေးရင်း. . .

သူ တံခါးသွားဖွင့်ပေးလိုက်တော့. . .

သင်းပျံ့ထုံအီသော မွှေးရနံ့က စူးခနဲ။

သူမျက်လုံးတွေကို အတင်းဖွင့်ကြည့်မိတော့ သူမ ချယ်ရီဖိုင်ချို။

သူ အလွန်အံ့ဩတုန်လှုပ်သွားရသည်။

"Happy birthday... စူးနစ်"

သူမလက်ထဲမှာ ဖယောင်းတိုင်တွေ (မီးတော့မညှိရသေး) အဆင်သင့်ထိုးစိုက်လာပြီးသား ကိတ်မုန့်တစ်ခု။

"ဝိုင် အထဲဝင်မယ်နော်"

သူမကိုယ်သူမ ကျွန်မဟုသုံးနှုန်းနေရာမှ ဝိုင်ဟုပြောင်းသုံးသည်ကိုသတိထားလိုက်ရင်း အယောင်ယောင်အမှားမှားနှင့် ခေါင်းညိတ်လိုက်မိသည်။

ဒီနေ့ ဖွန်လဆယ့်ခြောက်ရက်နေ့၊ သူ့မွေးနေ့၊ သူ့အသက် နှစ်





ဆယ်တင်းတင်းပြည့်သည့်နေ့ပါလား။

ယခင်နှစ်ကတော့ သူ့အမေရှိလို့ တခုတ်တရသတိပေးမည့်သူရှိကာ သတိရသည်။

သူ. . . မွေးနေ့ကိုတောင် မေ့နေတာပါလား။

ဒီမိန်းမက ဘာလို့ သူ့မွေးနေ့ကို ကြိုသိနေတာလဲ။

အံ့ဩစိတ်နှင့်အတူ သူမရဲ့လုပ်ရပ်တွေကို စိတ်ဝင်စားရပြန်ပါပြီ။

"ဟိုကောင်တွေရော"

"သွင်ခေတ်တို့လား။ Traders မှာ ဦးမင်းချို့နဲ့ ညစာစားနေမှာပေါ့"

"ခင်ဗျားက သူတို့ကိုဖိတ်ထားတာမဟုတ်ဘူးလား"

သူမက လျှို့ဝှက်သောအပြုံးတစ်ခုကို လှပစွာပြုံးရင်း ကိတ်မုန့်ပေါ်က ဖယောင်းတိုင်တွေကို မီးညှိနေသည်။

အခုမှသေချာကြည့်မိသည်။

ကိတ်မုန့်က အသည်းပုံချောကလက်ကိတ်မုန့်ပါလား။

သူ မျက်မှောင်ကြုတ်လိုက်စဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်က ရှင့်မွေးနေ့မှာ ရှင်နဲ့နှစ်ယောက်အတူရှိနေချင်လို့ သူတို့ကို ကြံဖန်ပြီး ပထုတ်လိုက်ရတာ။ အခုလောက်ဆို သူတို့ ဦးမင်းချို အတူကြီးနဲ့ ညစာစားနေကြမှာပေါ့"

"ဘာ! ဦးမင်းချိုအတူ, ဟုတ်လား၊ ခင်ဗျားပြောတော့ ခင်ဗျား အဖေကိုယ်တိုင်က ကျုပ်တို့အဖွဲ့ကို အရေးတယူနဲ့တွေ့ချင်တာဆို၊ ဒါက ဘာသဘောလဲ"

သူ ဘယ်လောက်အော်အော်၊ သူမက လုံးဝအပြုံးမပျက်၊ ဟက်ခနဲပင် ရယ်ချလိုက်ကာ. . .

"ရှင်ကလေ စိတ်ဆိုးတဲ့အခါ ကလေးပိစိလေးလိုပဲ အသံပြကြီးနဲ့ စွတ်အော်တော့တာပဲ။ ဝိုင်ရှေ့မှာ သိပ်စိတ်မဆိုးမိစေနဲ့,သိလား၊ ရှင်စိတ်ဆိုးတိုင်း ဝိုင်က ရှင့်ကိုပိုပိုစိတ်ဝင်စားလာလို့။ အဲလိုပေါက်ကွဲဒေါသဖြစ်နေတာကိုက ညို့နေသလို"

"တော်စမ်းပါဗျာ၊ ခင်ဗျား အဲလိုပြောတာတွေကို ရွံတာ။ ဘာကိစ္စ ကျုပ်သူငယ်ချင်းတွေကို မလိမ့်တပတ်လုပ်တာလဲ"

သူမသည် အရယ်အပြုံးမပျက် ခေါင်းညိတ် လက်တစ်ဖက်မြှောက်ကာပြရင်း. . .





"ကဲပါ, အဲဒါတွေ ရှင်းပြပါ့မယ်။ အခု ဖယောင်းတိုင်မီးတွေ လာငြိမ်းစမ်းပါ။ ဒီနေ့ ရှင့်မွေးနေ့လေ။ ဘာလို့ဒေါသဖြစ်နေတာလဲ"

"ခင်ဗျားက ဒေါသမဖြစ်ဖြစ်အောင် လာလုပ်နေတာကိုး။ မငြိမ်းဘူးဗျာ။ ခင်ဗျားဖယောင်းတိုင်တွေဘာတွေ ကျုပ်စိတ်မဝင်စားဘူး"

"ရော်, ခက်နေပါပြီ စူးနစ်ရယ်။ ဒီမယ်, ဝိုင့်ဒက်ဒီက ဒီနိုင်ငံမှာ မရှိဘူး၊ ကနေဒါရောက်နေတယ်။ ဟိုမှာအလုပ်ကိစ္စတွေရှိလို့ ပြန်မလာနိုင်တာကြာပြီ။ ရှင့်သူငယ်ချင်းတွေမှမဟုတ်ဘူး၊ ဘယ်သူပဲဖြစ်ဖြစ် ဦးမင်းချိုအတူနဲ့ပဲ တွေ့ခွင့်ရတယ်။ ဝိုင်တောင် ကိုယ့်အဖေအရင်းခေါက်ခေါက်ကို လူချင်းမတွေ့ရတာ သုံးနှစ်ရှိပြီ၊ သိလား၊ ဒီကိစ္စက လျှို့ဝှက်ထားတဲ့ကိစ္စ။ တော်ရုံလုပ်ငန်းရှင်တွေတောင် မသိဘူး၊ အခု ဦးမင်းချိုကိုယ်စား ဒီကလုပ်ငန်းတွေကိုအုပ်ချုပ်နေတာ ဝိုင့်ဦးလေး ဦးဝင်းကိုရှင်းပြီလား၊ ဦးလေးက ဒက်ဒီနဲ့ချွတ်စွပ်တူတယ်၊ အသံကလည်းခန့်နစ်ကျော်ကျော်ပဲ ယယ်တာလေ။ ဘယ်သူမှလျှောက်မပြောနဲ့နော်၊ ရှင့်ကိုပြောပြတာ၊ သွင်ခေတ်တို့တောင် မသိဘူး"

"ဩော်"

သူတကယ်ပဲ အံ့သြသွားခဲ့ပါသည်။ ဒီလိုဉာဏ်နီဉာဏ်နက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သည့်လူကြီးတစ်ယောက်က မွေးထားတဲ့သမီးက အားလုံးကို တ
ကွက်ကျော် တစ်ပတ်ရိုက်တာ ဘာများဆန်းပါလိမ့်လို့လည်းတွေးမိရ
သူပြုံးမိတော့မလိုဖြစ်ရသည်။

ခုလိုတော့လည်း သူမပုံစံက နူတ်ခမ်းတလန် ပန်းတလန်ပြော
တွေကအစ လုံးဝအပြစ်ကင်းကာ ကလေးသူငယ်မလေးတစ်ယော
နှယ် ပွင့်လင်းရိုးသားနေပြန်သည်။

ဖွတ်တရွတ်နဲ့ ငွေရှိတိုင်း ထင်ရာစိုင်းသည့် အတ္တကြီးကြီးသူဌေ
သမီးတစ်ယောက်ရဲ့ဝတ်ရုံတွေက ကွာကျနေတော့ သူမဟာ ချစ်စရ
ကောင်မလေးတစ်ယောက်ထက် ဘာမှမပို။ အထူးခြားဆုံးက သူ့ဘ
လောက်ဆိုးဆိုးရွားရွားတွေ အော်ပေါက်ပြောပြော လုံးဝစိတ်မဆိုး အ
မပျက်သည်းခံတတ်ခြင်းပင်။

"ဟော့, စဉ်းစားမနေနဲ့။ ဗိုင်ပြောတာ အမှန်တွေချည်းပဲ။ ထ
တာ ပါသွားရင် ဒီကအပြန် ကားတိုက်ပြီး ပွဲချင်းပြီး နတ်ပြည်ရော
စေရဲ့။ လာပါ စူးနစ်ရဲ့ × × × Happy birthday to you × ×

"Happy birthday to you × × × Happy birthd
to you × × × Happy birthday × × × Happy birthday





× စူးနစ်"

တစ်ယောက်တည်းဆို၊ တစ်ယောက်တည်း Birthday wish လုပ်ကာ လက်ခုပ်တွေတီးနေသောသူမကြောင့် သူ ယောင်တောင်ပေါင်တောင်နှင့် ဖယောင်းတိုင်မီးကို သူမနှင့်ခေါင်းချင်းဆိုင်ကာ ဂူုးခနဲမှုတ်လိုက်ရတော့၏။

"ဟေး. . . မွေးနေ့ရှင် Birthday ကိတ် ခွဲကျွေးပါ၊ ရော့, ဒီမှာ ဓား"

သူ့လက်ထဲ ငွေရောင်ဓားကလေး ဖွတ်အတင်းထည့်ပေးပြီး ကိတ်မုန့်ကို ခွဲခိုင်းသည်။

သူ မမေ့ကို ပြင်းပြစွာ လွမ်းဆွတ်လာတာကြောင့် မျက်ရည်တွေပင် ရစ်ဝဲလာရ၏။

ဓားကလေးကို ကိုင်ထားရသည့်သူ့လက်က တဆတ်ဆတ်တုန်နေသည်။ ယခုချိန်မှာ သူက ကလေးတစ်ယောက်ဖြစ်သွားပြီး သူမက သူ့ရဲ့အုပ်ထိန်းသူ လူကြီးသူမသဖွယ်ဖြစ်နေပြန်၏။

အသည်းပုံချောကလက်ကိတ်က နှစ်ပိုင်းပြတ်သွားသည်။

သူဘာဆက်လုပ်ရမှန်းမသိ၊ သူမက တကယ့်အစားသောင်းကျန်း



www.burmeseclassic.com

www.burmeseclassic.com



သည့်ကလေးလို အလိုက်ကန်းဆိုးမသိ ပါးစပ်ဟပြင်ပြင်လုပ်ကာ...

"ဗိုင့်ကိုခွဲ့လေ စူးနစ်၊ ခွဲ့တော့လေ"ဟု ဘေးကနေ တဖွဖွပြေ နေသည်။

သူမမျက်နှာက ဒေါကြည့်ချင်စဖွယ် လှပဖူးသစ်နေသည်။ ရှင် တရက်အကြိတစ်ခုက သူ့ခေါင်းထဲ ဖျတ်ခနဲခုန်ဝင် လင်းလက်လာသည် မို့ ခေါင်းတစ်ချက်ညိတ်ရင်း...

"OK!... ခင်ဗျားက ကျုပ်မွေးနေ့ကို စိတ်ဝင်တစားလာပြီ ကျင်း ပပေးတဲ့သူပဲ။ ကျွေးရမှာပေါ့။ စိတ်ချ, အဝကျွေးမယ်"

စကားအဆုံး ခရင်(မ်)ဖြူဖြူတွေ အပုံလိုက်ပါသည့် ချောကလက် ဗန်းကိုမကာ သူမမျက်နှာဆီသို့ ချိန်ရွယ်လျှက်။

"အား...ဖွီး...ရှင် ဘယ်လိုလုပ်တာလဲ စူးနစ်။ လုပ်ပြီ ကပ်စီးစီးနဲ့။ ရွံစရာ...သွားပါပြီ၊ ဗိုင့်မျက်နှာကြီးတော့ သွားပါပြီ"

သူမအသံက အထိတ်တလန့် ပြာအက်တုန်ခိုက်ကာ ဆွေ့ဆွေ့ ခုန်နေတော့၏။

မျက်နှာတစ်ခုလုံး အဖြူတစ်ကွက် အညိုတစ်ကွက်နှင့် ပျော ရုပ်ပေါက်နေသောသူမကိုကြည့်ကာ သူ အူလှိုက်သည်းလှိုက်ရယ်





လိုက်မိသည်။

"ဟား ဟား ဟား ဟား... ခင်ဗျား ခုမှလှသွားတာ ချယ်ရီ ဗိုင်ချို။ ဟား ဟား...ခဏလေး ခဏလေး ဓာတ်ပုံရိုက်ထားချင်လို့"

သူက အသင့်တွေ့ရသည့်သူမရဲ့ဖုန်းနှင့်ပင် သူမရဲ့ကြောက်စရာ ပုံစံကို ဓာတ်ပုံရိုက်ယူထားလိုက်သည်။

ချယ်ရီဗိုင်ချိုက ခရင်(မ်)တွေကို လက်နှင့်သပ်ချကာ...

"ရှင်သိပ်ရက်စက်တာပဲ စူးနစ်...အဲလိုလုပ်ရက်လိမ့်မယ်လို့ လုံးဝထင်မထားဘူး။ ဗိုင့်ကို ဘယ်သူမှ အဲလိုပိုးစိုးပက်စက်လုပ်ကြဲခွင့် မရှိဘူး။ သိရဲ့လား။ ဗိုင့်အလှပျက်အောင်၊ ရုပ်ဆိုးအောင်လုပ်တဲ့လူဆို သိပ်မုန်းတာ။ ဒါပေမဲ့ ရှင့်ကိုတော့ ခွင့်လွှတ်လိုက်မယ်"

ဟု အသံတုန်တုန်နှင့်ပြောပြီး ကြောင်ငေးနေသည့် သူ့လက်ထဲ မှ ဟန်းဖုန်းနှင့် ခုံပေါ်မှကားသော့ကို ဆိုးဆိုးဆက်ဆက်ဆွဲယူကာ အခန်း ထဲမှ ထွက်သွားလေတော့သည်။

ခဏအကြာ သူမရဲ့ကားထွက်သွားသံကို ကြားလိုက်ရ၏။ သူ အင်္ဂလိပ်သီချင်းဟောင်းတစ်ပုဒ်ကိုလေချွန်ရင်း ဆိုဖာပေါ် ပစ်လှဲချလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဝမ်းနည်းဒေါသဖြစ်သွားခြင်းကို နည်းနည်းမှစိတ်မကောင်း မဖြစ်ပါ။

ဒီည သူပျော်ပါသည်။ ယခုတော့ဖြင့် ချယ်ရီပိုင်ချို က သူ့အတွက် ထိတ်လန့်ကြောက်ရွံ့နေစရာမဟုတ်တော့ပြီ။ အပျင်းပြေကစားဖို့ အရုပ် မလှလှလေးမင်း၊ သူမက တစ်ခါတလေ အူကြောင်ကြောင်နိုင်ကာ နောက်ဆုံး၌ ဒေါသတကြီး ဆူညံပေါက်ကွဲတတ်မြဲ။

သူမစိတ်ဆိုးသွားအောင် လုပ်လိုက်နိုင်သည့်အတွက် သူအလွန် တရာကျေနပ်ဝမ်းမြောက်မိတော့သည်။

ဒါ အစပဲရှိသေးတယ် ချယ်ရီပိုင်ချို။



## အခန်း (၁၃)

နောက်ရက်အနည်းငယ်အကြာမှာတော့ သူမက ဘာမှမဖြစ်ခဲ့ လေဟန် ရယ်မောပျော်ရွှင်လျှက်ပင် သူ့ထံရောက်လာပြန်သည်။

ဒီတစ်ခါတော့ သူမကို တစ်မျိုးပညာပြဖို့ စိတ်ကူးရသွားသည်။

အဲ့အတွက် ဗဟိုရဲ့အချစ်တော် ဂျက်ကီကို မဖြစ်မနေသုံးရမည်။ ဂျက်ကီက တန်ဖိုးကြီးတယ်ရီယာခွေးကလေးဖြစ်ပေမယ့် အကျင့်ဆိုး တစ်ခုရှိသည်။ ဗိနှပ်ဆို ဘယ်လိုအမျိုးအစားမှ ချမ်းသာမပေးတတ်သော သဲဆိုးလေးဖြစ်သည်။

တစ်ခါက အမှုမဲ့အမှတ်မဲ့ချွတ်ထားမိသော မြစ်မင်းရဲ့ဒေါက်ဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



မာတင်လည်း ဝဲပစ်လိုက်ရသည်အထိ ဂျက်ကီးက ပညာပြသွားသည်။ စီးမရအောင် စုတ်တာလည်းမဟုတ်ဘဲ လူကြားသူကြားစီးဖို့မသင့်တော် ရုပ်ပျက်အောင် သူလေးက တတ်နိုင်တာမို့ ဒီတစ်ခါတော့ ချယ်ရီဝိုင်ချို့ ရဲ့သိန်းကျော်တန် ထိပ်ပိတ်ရှူးအမည်းကလေးကို ဂျက်ကီမြင်အောင်ပြ ရမည်။

သူမကာ အခန်းထဲ ကော်ဇောတွေပေါ်အထိတော့ ဖိနပ်စီးမတက်ဘဲ ချွတ်ထားခဲ့သည်။

ဒါက တမင်လုပ်ကြံမှန်းမသိစေရ။

အထာမသိလို့ ခံလိုက်ရတာမျိုးပဲဖြစ်စေမည်။

စူးနစ်ကတော့ ကိုယ့်အကြံနှင့်ကိုယ် ပီတိဖြစ်မဆုံး။ တကယ်လည်း ဂျက်ကီက အစွမ်းပြပါတော့သည်။

သူမပြန်ဖို့ ဖိနပ်စီးစဉ်မှာတော့. . .

"ဟယ်! သွင်ခေတ်ရေ ဒီမှာ ဝိုင့်ဖိနပ်တော့သွားပြီ"

ဟူသော ချယ်ရီဝိုင်ချို့အသံက သူ့ရင်ထဲ ဒိတ်ခနဲမြည်အောင် ပျော်ရွှင်သွားစေတော့၏။

"ဘာလဲ. . . ဘာဖြစ်လို့လဲ ဝိုင်"





"ဝိုင့်ဖိနပ်. . . ဝိုင့်ဖိနပ်, ဘယ်ခွေးကိုက်သွားလဲမသိဘူး"

"ဟာ, ဒုက္ခပဲ၊ ဂျက်ကီလက်ချက်ပဲနေမှာ။ ဗဟို, ဟော့ကောင် ဂျက်ကီရော"

သွင်ခေတ်ပုံစံက ဗဟိုကိုခေါ်ပြီး ဂျက်ကီကို အပြစ်ပေးအရေးယူ နိုင်းတော့မလိုပုံစံပေါက်နေတာမို့ သူ ခွီခနဲကျိတ်ရယ်မိ၏။

"ဘာဖြစ်လို့လဲ၊ ဂျက်ကီကို ငါသေသေချာချာချည်ထားပါတယ်"

သွားပြီ. . . ဂျက်ကီကို ဘယ်သူကြိုးဖြေလွှတ်လိုက်သလဲကစပြီး အမှုတွဲက ရှည်ကုန်တော့မည်။ သူထိုင်ရာမထ၊ လှည့်မကြည့်ပေမယ့် သူတို့အားလုံး တိတ်ဆိတ်သွားတာကြည့်ပြီး အရိပ်အကဲဖမ်းမိလိုက်ပြီ။

"သံကြိုးက သေသေချာချာဖြုတ်မှရတာ၊ ဟော့ကောင်မြစ်မင်း, မင်းက ဂျက်ကီအော်ရင် နားညည်းတယ်ဆိုပြီး ဖြုတ်ပေးတတ်တယ်။ မင်းဖြုတ်ပေးလိုက်တာလား"

"ဝေးသေး. . . ငါ့ဖိနပ်ကို ဖျက်ဆီးကတည်းက သူနဲ့ငါ မျက်နှာ ချင်းမဆိုင်တာ၊ မယုံရင် မင်းခွေးပြန်မေးကြည့်"

မြစ်မင်းကလည်း သူမဟုတ်ရပါကြောင်း သက်သေအထောက် အထားနဲ့တကွ တင်ပြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ၊ ခွေးမို့ မသိလိုက်ကိုက်တာပဲ။ နေပါစေတော့ သွင်ခေတ်ရယ်"

"ခွေးက မသိလိုက်ကိုက်တယ်ပဲထား။ လူကသိတော့ ချည်ထားတဲ့ဟာကိုဗျာ"

အင်း, ဗဟိုကို ရှေ့နေငှားရင် တစ်သက်တစ်ကျွန်းနိုးမှာ သေချာသည်။

ဟိုက မသက်သာပိုဖြစ်တော့မှာပဲ။

ခုတောင်ငြိမ်ကျသွားတာ။ တရားခံပီပီ ချောင်ကပ်နှုတ်ဆိတ်နေတဲ့ စူးနစ်ကျောပြင်မှာ သူမအကြည့်တွေ စူးစိုက်ရပ်တန့်နေလောက်ပြီထင်ရဲ့။ တကယ်ဆို သူကိုက မပိရိတာ။

သူခိုးသူခိုးဆိုကတည်းက ဘယ်မှာလဲဟေ့ဆိုပြီး ရောယောင်လိုက်ပေးရင် ကိုယ်ပါ သံသယရှိသူစာရင်းထဲက ကွင်းလုံးကျွတ်မှာ။

ခုတော့ ကိုယ်တမင်လုပ်ထားမှန်းသိသာအောင် ရေငုံနှုတ်ပိတ်နေတော့. . .

ခုချိန်ကျမှ ငါမသိဘူးနော် ထပြောပြန်ရင်လည်းမဖြစ်။ အို. သိလည်းသိပါစေ။





မှုလောက်စရာမရှိပါဘူးဆိုပြီး ခပ်တည်တည်ကျောခိုင်းထားလိုက်ရတော့၏။

"ရပါတယ် ကိစ္စမရှိပါဘူး။ ဒီကိစ္စက ပိုင့်ကိုခင်လို့ နောက်တယ်ပဲ သဘောထားပါတယ်။ ဒါပေမဲ့ ပိုင့်ဖိနပ်က ဒက်ဒီပို့ပေးလိုက်တာ။ ဟိုကပို့တဲ့ပစ္စည်းမှန်သမျှ ငါးသိန်းအောက် လုံးဝမလျော့ဘူး သွင်ခေတ်ရဲ့။ ပြောရရင် တန်ဖိုးနည်းနည်းကြီးတယ်။ ဒက်ဒီဝယ်ပေးတာမို့ ပိုင်က တန်ဖိုးထားတယ်။ တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခုဆုံးရှုံးရင် တစ်ခုခုတော့ အစားပြန်လိုချင်မိတယ်။ ဒီတော့ သွင်ခေတ်တို့လေးယောက်ထဲက ကျွန်မ သဘောအကျဆုံးလူတစ်ယောက်ရဲ့ဖိနပ်ကို ယူသွားမယ်. . . OK"

အားလုံးအေးအေးပင် ခေါင်းညိတ်သဘောတူကြသည်။

မျက်လုံးကြီးပြူးလျက် ငြိမ်သက်တောင့်မတ်နေရသူက စူးနစ်။ သူမက ပြောရင်ပြောတဲ့အတိုင်းလုပ်မယ့်မိန်းမ။

သူမ ဖိနပ်လောက်တန်ဖိုးမရှိပေမယ့် တစ်နေ့ကမှ ဝယ်ထားသော စကတ်ချာကိုတော့ မပေးနိုင်ပါ။

ဒါပေမဲ့ သူမက ဖိနပ်စင်ပေါ်မှ သူ့ဖိနပ်ဆီသို့ လက်ရွယ်နေပြီ။

သူ့မှာ တားရခက်၊ ငြိမ်နေရခက်။



www.burmeseclassic.com

www.burmeseclassic.com



အဲလိုနဲ့ သူမက မရွံ့မရှာပင် သူ့ဖိနပ်ကို ယူသွားတော့၏။

ခံလိုက်စမ်း စူးနစ်. . .

ကိုယ့်အပြစ်နဲ့ကိုယ်မို့ ကြက်ကြီးအစာနင်သလို ဖြစ်ကျန်ခဲ့သော စူးနစ်ကိုကြည့်ပြီး သူမထွက်သွားတော့ အားလုံးသဘောတကျ ဝေါခနဲ ထရယ်ကြတော့၏။

သူကတော့ တောက်တခေါက်ခေါက်။

လုံးဝမကျေနပ်ဘာက သေချာသည်။



အခန်း (၁၄)

"ဟော့! ခင်ဗျား ကျုပ်ဖိနပ်ပြန်ပေးမလား မပေးဘူးလား"

သူက ဒေါသတကြီးအော်လေ၊ သူမရဲ့ခိုးခိုးခစ်ခစ်ရယ်သံက ပို ဆို ကျယ်လေ။

"ဒေါသကြီးလှချည်လား စူးနစ်ရယ်။ ရှင်က ကိုယ့်ပစ္စည်းဆုံးရှုံး ကျတော့ ကြောက်လိုက်တာ။ သူများပစ္စည်းကို ဖျက်စီးစေခဲ့တုန်းက တော့ တစ်ဖက်သားလည်း အဲလိုနာမြောမယ်ဆိုတာ နည်းနည်းမှမတွေး ဘူးလား. . . ဟင်းဟင်း"

သူမရဲ့ အငြိုးအတေးထား ကလဲ့စားချေတတ်သောစိတ်ကို သူ



www.burmeseclassic.com

www.burmeseclassic.com



လှစ်ခနဲမြင်လိုက်ရသည်။

ဆတ်ဆတ်ထိမခံ လက်တုန့်ပြန်တတ်သောစိတ်က သူနှင့်အတော် လေးတိုက်ဆိုင်တူညီနေကာ တစ်ခါတလေ ပေါက်ကွဲထွက်တော့မတတ် ဖြစ်လာသည့်ဒေါသကို မရမကပြန်မျိုသိပ်လိုက်တဲ့မျက်နှာကိုမြင်တိုင်း သူ ရယ်ချင်စိတ်ကိုထိန်းမရ။

ဘာကြောင့်မှန်းမသိ အချိန်ကြာလာတာနဲ့အမျှ သူမကိုစိတ်ဆိုး ဒေါသထွက်အောင်၊ မခံချင်ဖြစ်အောင် စရတာကို သူ သဘောကျနှစ် ခြိုက်လာမိသည်။

"တိတ်လှချည်လား စုးနစ်ရဲ့။ ဘာတွေအကြံထုတ်နေတာလဲ ဗိုင့်ကိုအမျိုးမျိုးဒုက္ခပေးရလောက်အောင်ကိုပဲ မှန်းနေတာလားဟင်"

အမှန်အတိုင်းဝန်ခံရပါက တွေ့စကလောက် သူမအပေါ် မမုန်း တော့ပါ။

မိန်းကလေးတန်မဲ့ ရဲတင်းပွင့်လင်းလွန်းတာ၊ အထက်စီးနင်း ဆန်ဆန်ပြောဆိုတတ်တာတွေကို အမြင်ကပ် အသည်းယားမိပေမယ့် မုန်းတဲ့အထိတော့ မရောက်ဘူးလို့ထင်ရသည်။

ခုဆို မမုန်းတဲ့အပြင် သူမကို သွေးဆူအောင် မထိတထိ စေ





နောက်ရတာတွေကိုတောင် သူနှစ်သက်မက်မောနေတတ်ပြီ။

"ခင်ဗျား ကျွန်တော့်ဖိနပ်ကို ပြန်ပေးရင်ကောင်းမယ်။ အဲလို လုပ်ပုံမျိုးနဲ့ဆို. . . ကျွန်တော် ခင်ဗျားကို လုံးဝခင်မင်မိမှာမဟုတ်ဘူး။ ကျွန်တော့်ကိုစိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်တဲ့သူဆို အသေမှတ် ထားတာ"

"အဲဒါတွေ ရှင့်ကိုသဘောကျတာပေါ့။ ဗိုင်နဲ့စိတ်ချင်းတူတယ်။ ဗိုင်ကလည်း အသေးအဖွဲကအစ အမှတ်သည်းခြေကြီးတတ်တာ၊ အဲဒါ တွေထားပါတော့။ အခု ရှင့်အိမ်ကို ဖိနပ်လာပို့နိုင်းလိုက်မယ်။ ဒါပေမဲ့ ရှင့်ဖိနပ်တော့မဟုတ်ဘူး။ အသစ်တစ်စုံ ဝယ်ပေးလိုက်တာ၊ ခဏနေ ရှင် ရောက်လာလိမ့်မယ်"

သူ ဘာမှပြန်မပြောနိုင်ခင် သူမက ဖုန်းချသွားခဲ့တာမို့ ယူမယ် မယူဘူးတောင် မပြောလိုက်ရဘဲ ဖုန်းကိုင်လျက် ငေါင်တောင်တောင် ကျန်ခဲ့ရလေသည်။

သူ တစ်ခုခုအနှောင့်အယှက်ပေးလေတိုင်း စိတ်ဆိုးဒေါသထွက် ပြီးရင် ဘာမှမဟုတ်သလို မျိုသိပ်ထားပြီးမှ သူ့ကို တစ်နည်းနည်းနဲ့ ပြန်ပြိုက်ကာ သူ့ဆီက အာရုံဝင်စားတွယ်ငြိမှုကို မရမကယူတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတွေးလို့ဲလို့မဆုံးခင် ခြံရှေ့မှ လူခေါ်ခေါင်းလောင်းသံလေ

ပြည်လာတာမို့ ထွက်ကြည့်လိုက်တော့ လူတစ်ယောက်က ဖိနပ်ဘူး

ထင်ရသော အနက်ရောင်စက္ကူကတ်ထူဘူးတစ်ဘူးကိုကိုင်ကာ ရပ်နေ

သည်ကိုတွေ့ရလေသည်။

ဖိနပ်လာပို့သူက စူးနစ်ထက်ပင် အများကြီး သားနားနေသေ

သည်။ ဖြူလွနေသောရှပ်လက်ရှည်ကို နက်(ခ်)တိုင်အကျအနတစ်လျှ

စတိုင်ပင်(န်)နက်ပြာရောင်နှင့်တွဲကာ ဝတ်ထားပြီး သူစီးထားသောသိန်

က နက်ချေးပြောင်လက်နေသော ရှူးဖိနပ်တစ်ရံဖြစ်သည်။

"ဒေါ်ချယ်ရီဝိုင်ချို့က ပို့ခိုင်းတာပါခင်ဗျား"

"ကျေးဇူးပဲ"

သူ ဖိနပ်ဘူးကို လက်ခံယူထားလိုက်သည်။ ဖိနပ်လာပို့တဲ့သူ

ခြံရှေ့မှာ ရပ်ထားသောမာစီးဒီးပေါ် တက်ပြီး မောင်းထွက်သွားတော့

သူမျက်ခုံးပင့်ရင်း ဖိနပ်ဘူးကိုဖွင့်ကြည့်လိုက်သည်။

သူ့ဖိနပ်ထက် အများကြီးတန်ဖိုးမြင့်သော နိုင်ငံခြားဖြစ်ဖိနပ်

ရံမို့ သူ ရုတ်တရက်အံ့သြမိပြီး တဖြည်းဖြည်း ကျေနပ်ပျော်ရွှင်သွ

တော့၏။





ဒီဖိနပ်ကရော သူမအဖေကို မှာလိုက်ခြင်းပဲလားဟု ဖုန်းဆက်မေးလျှင်တော့ သူမ စိတ်ဆိုးမှာသေချာသည်။

တော်ရုံစိတ်မျိုးနဲ့တော့ အောက်ကျနောက်ကျနိုင်စွာ ဖိနပ်လက်ဆောင်ပေးမည်မထင်။

သူနှင့်သူမက ဘာတွေလဲ. . .

သူငယ်ချင်းလို့တောင် ပြောလို့ရတဲ့အခြေအနေမှာမရှိ။ တွေ့တိုင်းအကျွမ်းတဝင် ရန်ဖြစ်ပေါက်ကွဲကြမြဲ။

ဖိနပ်ကို ဘူးထဲမှ ထုတ်ယူလိုက်စဉ်မှာတော့ ဘူးခွံအတွင်းအောက်ခင်းက စာသားကြောင့် သူရုတ်ချည်း မင်တက်မိသွားရသည်။

I နဲ့ U ကြားမှာ အသည်းပုံလေးပါသော အနီရောင်စာတန်းကခပ်ကြီးကြီး။

I ♥ U ဆိုတော့ သူ့အဓိပ္ပာယ်က I love you ပေါ့။

ဒီတစ်ခါတော့ သူဘာလုပ်ရမှန်းမသိစွာ ငြိမ်သက်သွားမိသည်။

ရင်ထဲမှာတော့ လှောင်တစ်ခု ဖြစ်ပွားသွားသလို သိမ့်သိမ့်ခါသွားသည်။

သူမဒီလောက်အထိ ရဲတင်းပွင့်လင်းစွာ သူ့နှလုံးသားနယ်နိမိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ကျူးကျော်လာလိမ့်မယ်လို့ လုံးဝမထင်ခဲ့။

ချယ်ရီပိုင်ချို့က သူဘယ်လိုမှလိုက်မမီသော မိန်းမတစ်ယောက်သာဖြစ်သည်။



## အခန်း (၁၅)

ဂရေးသည် ဖုန်းလေးကိုတင်းတင်းဆုပ်ရင်း ငြိမ်သက်နေမိသည်။ သူ့စကားကို အင်း၊ အဲ၊ ဟုတ်လား စသဖြင့် စကားလိုက်ထောက်ပေးခြင်းက အလိုလို တုန့်နှေးရပ်ဆိုင်းသွားရကာ မညီမညာရင်ခုန်သံကို ကိုယ်တိုင်ထိတ်လန့်နေရင်း သူ့အသံကိုသာ နားစွင့်နေလိုက်သည်။

"ဂရေး. . . ဂရေး၊ ဟဲလို၊ ကျွန်တော့်အသံကိုကြားရလား"

"ကြား. . . ကြားပါတယ်"

ဂရေးအသံက အရေးဆို ထစ်ငေါ့တုန့်ယင်နေသေးသည်။ သူက သက်ပြင်းတစ်ချက်ရှိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ ကျွန်တော်က ဂရေး အိပ်ပျော်နေသလားလို့ အသံက တိတ်သွားလိုက်တာ ဘာမှမမေးတော့ဘူးလား"

"ဒီနေရာက ဇာတ်ရှိန်အမြင့်ဆုံးနေရာပဲ စကားဖြတ်ပြောလို့ မကောင်းဘူး စူးနစ်ရဲ့ Climax... ကိုရောက်နေပြီ"

ဂရေးစကားအဆုံး စူးနစ်က ခပ်တိုးတိုးရယ်နေသည်။

"ကျွန်တော်ကတော့ ဆက်မပြောချင်တော့ဘူးဗျာ။ ရင်ထဲတစ်မျိုးကြီးပဲ"

"ဒါမျိုးက ဖြစ်တတ်ပါတယ်၊ ပြန်ပြောရင်းနဲ့ အတိတ်ကိုပြန်မြင်ယောင်ပြီး ပြင်းပြင်းထန်ထန်လွမ်းဆွတ်ခံစားရတာမျိုးလေ"

"မဟုတ်ဘူး ဂရေး ကျွန်တော် အဲလောက်မခံစားရတော့ပါဘူး ပြောရင်းနဲ့ ဝိုင့်အတွေ့တွေ အာဃာတတွေကို တဖြည်းဖြည်းသိမြင်ခံစားလာရလို့ပါ။ သူက စူဠသုဘဒ္ဒါလိုမိန်းမဗျ။ ကျွန်တော့်ကို အငြိုးအတေးတွေ အုံဖွဲ့ထားပြီးမှ ကျားနာခဲ့ခဲ့သွားတာ"

"ဒီလိုလည်းမဟုတ်သေးပါဘူး။ သူက မင်းကိုစတွေ့ကတည်းက သံယောဇဉ်တွယ်မိသွားတာ ဖြစ်မှာပါ။ ဒါကြောင့် မင်း ခါးခါးသီးသီးငြင်းနေတာတောင် မရမကလိုက်ပြီး ပေလည်အောင်လုပ်နေတာ အသိအကြီး။ သူ့ကိုတော့ ကိုယ်အားကျတယ် ဆရာ၊ သူဖြစ်ချင်တာကို ဖြစ်အောင်လုပ်ဖို့ သိပ်ကိုသတ္တိရှိတဲ့မိန်းမပဲ။ ဒါနဲ့ပဲ မင်းနဲ့သူ ချစ်သူတွေဖြစ်သွားရောလား"





"ဘယ်ကလာ ချစ်သူတွေဖြစ်ရမှာလဲ။ အဲလိုလုပ်လို့ ကျွန်တော်က သူ့ကို ပိုတောင် ဝေးအောင်ရှောင်ခဲ့သေးတယ်။ အင်း၊ ဒါပေမဲ့ အဲ့အချိန်မှာပဲ ကျွန်တော် သူ့ကိုစိတ်ဝင်စားနေပြီ။ ချစ်တာလည်းမဟုတ်သေးဘူးနော်။ ဘယ်အချိန်ဖြစ်ဖြစ် သူ့ကို စိတ်ထဲမှာ သတိရနေတော့။ အမင်လုပ်ယူတာလည်းမဟုတ်ဘဲ သူက အလိုလို စိတ်ထဲအတွေးထဲ ဝင်နေတာ။ ဘယ်လိုမှ မောင်းထုတ်လို့မရအောင် ကျွန်တော့်စိတ်ကူးတွေကို အပိုင်စီးထားလိုက်တော့တာပဲ"

သူ့စကားက ဂရေးရင်ထဲကို နင့်ခနဲဖြစ်အောင် ဆွတ်ကျင် ကွဲရှစေနိုင်စွမ်းရှိမှန်း သူသိမှသိပါ့မလား...

ဂရေး သက်ပြင်းခိုးရှိုက်မိရပါပြီကော။

သေချာပါတယ်၊ အဲဒါ မင်း သူ့ကိုချစ်မိသွားလို့ပဲ...

ကိုယ်တိုင်မသိဘဲ ချစ်မိနေတာက ပိုပြီးခံစားရခက်သတဲ့လေ။ အဲဒီထက်ဆိုးတာက ကိုယ်ချစ်တာကို သူလည်းမသိ ကိုယ်လည်း မသေ



www.burmeseclassic.com

www.burmeseclassic.com



ချာတာပါ။

ကိုယ့်ရင်ထဲမှာ မင်းကို စွဲလမ်းစိတ်တွေ တနေ့တခြား ရင့်သ
နိုင်မာနေပြီ ကောင်ကလေးရဲ့။

ဒါပေမဲ့ ကိုယ်က ချယ်ရီပိုင်ချို့လို မဖွင့်ဟရဲသူပါကွယ်။

မင်းက ဘယ်သူ့ကိုမဆို ငြိတွယ်ဝင်စားအောင် စွမ်းနိုင်ပါရဲ့၊

"ဂရေး"

"ဟင်, ပြောလေ"

"ဂရေး ဘာဖြစ်နေတာလဲဟင်၊ တစ်မျိုးတော့တစ်မျိုးပဲ။ အိ
ချင်လို့လား"

"ဟင့်အင်း, ကိုယ်မအိပ်ချင်ပါဘူး။ ကိုယ်ပြောထားတယ်လေ
မင်းပြောတာတွေကို ကိုယ်ရင်ဘတ်နဲ့နားထောင်နေတာလို့"

သူက ခဏတိတ်ဆိတ်သွားပြီးမှ လေသံသဲ့သဲ့ကလေးနှင့်. . .

"အခု ကျွန်တော်, ဂရေးကိုတွေ့ချင်တယ်ဗျာ"

ဟု ခပ်ညည်းညည်းကလေး ပူဆာလိုက်လျှင် ဂရေးသည် ရင်
ဒိန်းခနဲမြည်အောင်ခုန်လျှက် ထုံကျင်သွားကာ ဘာပြန်ပြောရမှန်း
မသိတော့။





"ညည့်နက်နေပြီ စူးနစ်ရဲ့။ နောက်တော့တွေ့တာပေါ့"

အံမယ်, ဂရေးအသံက ကလေးဆိုးကိုချော့မော့တဲ့ မိခင်တစ်
ယောက်ရဲ့လေသံမျိုးပါလား၊

"အခုတွေ့ချင်တယ်ဗျာ"

"အို! မဟုတ်တာ၊ ဘယ်လိုလုပ်တွေ့မလဲ၊ ဒီအချိန်ကြီး"

"ဂရေးထွက်မတွေ့လည်းရပါတယ်၊ ကျွန်တော်, ဂရေးခြံရှေ့ကို
လာခဲ့မယ်။ ဂရေး, ဝရံတာတံခါးလေးဖွင့်ပြီး ထွက်ကြည့်နော်"

အို. . . အဲလိုမကစားပါနဲ့ ကောင်လေးရဲ့။

ကိုယ့်အသည်းက တကယ့်ကိုဆတ်ဆတ်လေးမို့ ကွဲကြေမှာစိုး
ရွံ့နေလို့ပါ။

မင်းအလွမ်းပြေဖို့ အစားထိုးစရာ အဲသလောက် မရှားပါးပါဘူး
ကွယ်။

"စဉ်းစားမနေနဲ့တော့ ဂရေး၊ ကျွန်တော် အခုပဲထွက်လာနေပြီ၊
ကိုကုန်မြို့တစ်မြို့တည်းပဲဟာ၊ အဝေးကြီးမှမဟုတ်တာ"

သူက ဂရေး ဘာမှထပ်မငြင်းနိုင်အောင်ပင် ဖုန်းပိတ်ပစ်တော့
သည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီကိုကြည့်တော့ ညဆယ်နာရီခွဲပြီ။ ညဥ့်နက်ပြီလို့ မဆိုသာပေမယ့် တော်တော်တော့ အချိန်လင့်နေပြီ၊ ဂရေးတို့လမ်းထဲမှာ လူသွားလူလာပင် ပြတ်နေပြီဖြစ်သည်။

ဂရေး ညဝတ်အင်္ကျီပေါ်မှာ ထပ်ဝတ်ထားသော ဆွယ်တာခေါင်းစွပ်လေးရဲ့ဇစ်ကိုဆွဲပိတ်ရင်း ဝရံတာသို့ထွက်ကာ မတ်တပ်ရပ်နေမိသည်။

မိုးချုပ်ပြီမို့ ကားကြောသိပ်မရှုပ်၊ သိပ်မကြာခင် သူရောက်လာတော့မယ်ဆိုတာ ဂရေးသိလိုက်သည်။

ခဏနေတော့ သူ့ကားကလေး ဂရေးတို့ခြံရှေ့မှာ လျှောခနဲထိုးဆိုက်လာ၏။

ဂရေးရင်ထဲ တဖျပ်ဖျပ်ခုန်ရင်း အေးစက်ထုံကျင်နေသည့်လက်နှစ်ဖက်ကို အနွေးထည်အင်္ကျီအိတ်နှစ်ဖက်ထဲကို ထိုးထည့်ထားလိုက်သည်။

သူက ကားပေါ်မှဆင်းကာ ဂရေးရဲ့ခြံဆီသို့ လှမ်းမျှော်ကြည့်ပြီး လသာဆောင်ရဲ့ပြာလဲ့လဲ့မီးလေးအောက်မှာ မတ်တပ်ရပ်နေသောဂရေးကိုတွေ့သွားကာ ပြုံးရယ်လျှက် လက်တစ်ဖက်မြှောက်ပြလေသည်။

ထိုခဏမှာပင် ဂရေးရဲ့စိတ်က သူ့ဆီသို့ဆင်းသွားရန် ထက်သန်





လာတာမို့ သူ့ကို လက်တစ်ဖက်က မြှောက်ပြခဲ့ကာ ပြန်လှည့်ဝင်ခဲ့သည်။

ရင်ထဲမှာ တလှပ်လှပ်ဖြစ်နေသည်။

သိမ်မွေ့ကတော့ မသိရှာ။ အခန်းတံခါးပိတ်ကာ အိပ်မောကျနေပြီထင့်။

ဂရေးကတော့ လူကြီးတွေမသိအောင် ညင်းစားနှင့်ချိန်းတွေ့သောဆယ့်ခြောက်နှစ်မလေး၏ ခိုးကြောင်ခိုးဝှက်ခြေလှမ်းမျိုးနှင့် ခြံတံခါးဆီအပြေးကလေးလျှောက်လာမိလေ၏။

"ဂရေး"

"စုံနစ် . . . မင်းတော်တော်ဖွတ်ကျတာပဲ၊ ဘာလာလုပ်တာလဲ အေးကအေးနဲ့"

သူက ဂျာကင်အင်္ကျီအိတ်ထဲကိုလက်တွေ့ထည့်ရင်း ပခုံးတွေတွန့်ခြေဖျားကိုထောက်လိုက် ပြန်ချလိုက်လုပ်ကာ ခပ်ပြုံးပြုံးမျက်နှာနှင့် . . .

"ဘာတွေလုပ်လို့လုပ်မိမှန်းတောင် မသိတော့ဘူး။ ကျွန်တော်ခင်ဗျားနဲ့တအားတွေ့ချင်လာတာနဲ့ ထွက်လာခဲ့တာ"

ဟု ဘာမှအရေးမပါသလို ပေါ့ရှတ်ရှတ်ပြောလိုက်လျှင် ဂရေးင်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ကျဉ်ခနဲတောင်ဖြစ်သွားရသည်။

တကယ်စိတ်မကောင်းနိုင်ပါ။

ကိုယ်က လေးနက်ခိုင်ကျည်စွာ စိတ်ဝင်စားနေသလောက် သူက အပျင်းပြေအပျော်ကစားဖို့ ဂရေးကို သတ်မှတ်ထားတယ်။

"ကဲ, အခုတွေ့ရပြီပဲ၊ ကျေနပ်တယ်မို့လား။ ပြန်တော့, အရမ်းအေးတယ်"

"အေးပေမယ့် ဂရေးကိုတွေ့လိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ နွေးသွားတယ်။ ဂရေးက ကျွန်တော့်ရဲ့သူငယ်ချင်းကောင်းပဲ"

စူးနစ်ရယ်. . .

အဖြူရောင်ကြိုးဆိုတာတွေက ဖြတ်ရခက်သလို အရမ်းလည်းခိုင်မာလွန်းတယ်။ ဒါပေမဲ့ သူက အပေအစွန်း အတိမ်းအစောင်းလည်းမခံပြန်ဘူး။

ဒီ့ထက် ဝေဒနာမရင့်ခင် မင်းပြန်ပါတော့ကွယ်။

"စူးနစ်ပြောချင်တာတွေ ဖုန်းထဲကပြောလည်းရနေတာပဲ၊ အလုပ်ရှုပ်ခံပြီးလာဖို့မလိုပါဘူး"

"ဖုန်းထဲမှာပြောရတာ ဘယ်လောက်ကြာပြီလဲ။ လူချင်းမျက်နှာ





ချင်းဆိုင် တစ်ခါမှမပြောရသေးဘူး။ အခုလိုတွေ့ပြီးပြောရတာမှ ပိုကောင်းတာ"

"အတူတူပါပဲ၊ အခိက,က စူးနစ်ပြောတာ ကိုယ်နားလည်ခံစားတတ်ဖို့ပဲမဟုတ်လား"

သူက စိတ်ရှုပ်နေပုံလေးနှင့် အတင်းငြင်းဆန်နှင်ထုတ်နေသည့် ဂရေးကို ခေတ္တစိုက်ကြည့်ကာ. . .

"ဂရေးက ကျွန်တော့်ကို မတွေ့ချင်ဘူးလားဟင်၊ မညာနဲ့နော်။ ဂရေးလည်း ကျွန်တော့်ကိုတွေ့ချင်နေတယ်မဟုတ်လား။ ကျွန်တော်လည်း ဂရေးကိုတွေ့ချင်စိတ်ပေါက်လာလို့ လာတွေ့တယ်။ အဲဒါကို ဘာလို့အတင်းနှင်နေရတာလဲ။ ဒီလိုတွေ့လို့ ဂရေးသိက္ခာကျမှာစိုးလား။ ဒါမှမဟုတ် ဂရေးနဲ့ကျွန်တော် အခုလို အချိန်မတော်စကားပြောတာ တစ်ယောက်ယောက်မြင်ပြီး ပြဿနာတက်မှာစိုးလို့လား"

"ဟင့်အင်း, တစ်ခုမှမဟုတ်ဘူး၊ အဲဒါတွေကြောင့်မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့ ကျွန်တော့်ကိုနှင်ထုတ်နေတာလဲဂရေး၊ ခင်ဗျားဘာဖြစ်နေတာလဲ။ အရင်နဲ့မတူတော့ဘူး။ အရင်ကဆို ကျွန်တော်နဲ့တွေ့ရင် ခင်ဗျားမျက်နှာက ကြည်လင်ရွှင်ပျနေတာပဲ၊ ခုမှ"



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်တရွတ်ပါလား စူးနစ်ရယ်။

''ကဲ, ကိုယ်ရှင်းရှင်းပဲပြောမယ်၊ ကိုယ် မင်းအတွက် စိုးရိမ်လို့ ရာသီဥတုက အရမ်းအေးတော့ မင်းဖျားနာနေမှာစိုးလို့ ပြန်ခိုင်းတာ သိပြီလား''

မှသားတစ်ဝက် အမှန်တရားတစ်ဝက်ရောကာ ခါးလေးထောက်ရင်း ခပ်ဆတ်ဆတ်အော်လေတော့မှ သူက သဘောကျသွားသလို ခေါင်းမော့ရယ်ရင်း. . .

''ဟုတ်လား, အဲလိုစိတ်ပူတာလား. . . ဒါဆိုလည်းပြန်ပါ့မယ် ဆရာမရယ်''

ဟု နောက်ရွှတ်ရွှတ်ပြန်ပြောပါသည်။

ဩော်, ဆုတောင်းကောင်းတဲ့ကောင်လေးရယ်။ မျက်နှာမြင်ချင်ပါစေဆိုတဲ့ဆုကို ဘယ်နှတခါလောက် ပါရမီဖြည့်ပြီး တောင်းခဲ့သလဲ ဟင်။

သူက ကားလေးပေါ်တက်ပြီး ဂရေးကို 'ဆရာမ, တာ့တာ' ဟု ကလေးလိုနှုတ်ဆက် စ,နောက်ကာ မောင်းထွက်သွားသည်။

ဂရေးကတော့ ပိုင်းစုခိုင်သိန်းရဲ့ ပြန်တော့ကွယ်ဆိုတဲ့သီချင်းလေးကိုသာ ပြန်ကြားယောင်မိနေတော့၏။ အမြဲလိုတည်တင်းမာထန်ခဲ့တဲ့ စူးနစ်ဟာ ခုချိန်ကျမှ နူးညံ့ချိုသာလာခဲ့ပြီလား. . .

အဲဒါဘာကြောင့်လဲ. . .







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

စူးနစ်ဆိုတဲ့ သူ့ဘဝထဲကို ချယ်ရီပိုင်ချို ချဉ်းနင်းဝင်ရောက်လာပုံက လှိုင်းထန်သလိုအရှိန်မျိုးနှင့် ခပ်ပြင်းပြင်းဆောင့်တိုက်သွားသည်လည်းရှိသလို လေပြည်လေညင်းလေးလို မသိမသာရှပ်တိုက်ဖြတ်သန်းသွားသလိုလည်းရှိသည်။

ကျောက်ဆောင်မဟုတ်ဘဲ သူ့နှလုံးသားကတော့ တစ်စထက်တစ်စ ယိုင်နဲ့ ပဲ့ကြွေလုပြီ။

သူမရဲ့စေတနာမေတ္တာတွေနဲ့အတူ စူးနစ်အပေါ် ဂရုစိုက်အလေးအနက်ထားခြင်းတွေကို အမှတ်ပြည့်ပေးဖို့ စတင်ခဲ့တာကတော့ အကျို



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာတစ်ခုရိုက်ရင်း မတော်တဆလဲကျရာမှ စူးနစ် လက်အဆစ်လွဲသွားခြင်းမှ စတင်ခဲ့လေတော့သည်။

ဖြစ်ချင်တော့ ဒီကြော်ငြာက အပြီးသတ်သွားပေမယ့် နောက်တစ်ပတ်ဆို သူတို့အဖွဲ့ ကရမယ့်ပွဲတစ်ခုမှာ စူးနစ်အခြေအနေက ဘယ်လိုမှ ပါလို့မဖြစ်။ မပါလျှင်လည်း မဖြစ်တော့။

အားလုံး ခေါင်းချင်းဆိုင် စိတ်ညစ်နေကြချိန်မှာ နတ်သမီးတစ်ပါးလို ဘွားခနဲပေါ်လာတဲ့ကယ်တင်ရှင်က ချယ်ရီဝိုင်ချို။

"ရှင်တို့ ဒီလိုထိုင်ပြီး အချိန်ဖြုန်းနေလို့ဖြစ်မလား။ ပွဲက ဘယ်နရက်လိုသေးလဲ"

"ငါးရက်ပဲ လိုတော့တယ်"

တကယ်တော့ အဲဒီပွဲမှာ သူမကို ပရိသတ်နှင့်စတင်မိတ်ဆက်ကာ Barbarian ရဲ့အဖွဲ့ဝင်သစ်တစ်ယောက်အနေနှင့်ပွဲထုတ်ဖို့ အားလုံး ဆုံးဖြတ်ထားပြီးသားဖြစ်သည်။

"ကဲ, သိပ်တွေဝေနေလို့မရတော့ဘူး။ စူးနစ်ကိုယ်စား ဝိုင်,ကိုယ်စားဝင်မယ်"

"မဖြစ်နိုင်တာ"





စူးနစ်က ခပ်ဆတ်ဆတ်ဝင်ပြောတော့ သူမက မျက်လွှာတစ်ချက်ပင့်ကြည့်ရင်း. . .

"ရှင်က မဖြစ်နိုင်တာက စပြောနေပြန်ပြီ။ ဖြစ်အောင်လုပ်မယ်။ ဒါပေမဲ့ mask တော့ မဖြစ်မနေသုံးရမယ်။ အဲ့အတွက် ဝတ်စုံကိုစွအမြန်ဆုံး ပြောင်းစီစဉ်ပေး။ စူးနစ်နေရာမှာ ဝိုင်,ကပေးမယ်။ ဘယ်သူမှမသိစေရဘူး"

ဟု အနိုင်အမာပြောသည့်အခါ အားလုံးဟုတ်လိုဟုတ်ငြား အားတတ်သွားကြတော့သည်။

"ဝိုင်ကရော"

"ဝိုင်,ဝင်မကလို့ ဘာမှမဖြစ်ဘူး။ ပရိသတ်က Barbarian ကကောင်လေး, လေးယောက်ကတာကိုပဲ ကြည့်ချင်မြင်ချင်ကြတာ။ ဝိုင်မပါလို့လည်းရတယ်။ ဒီပွဲမပါ, နောက်ပွဲပေါ့။ လူမသိပေမယ့် ဝိုင်လည်းကခွင့်ရတာပဲ"

အဲလိုတော့ သူမကိုအသုံးမချရက်ပြန်။

"နေပါစေ, ဒီအတိုင်းပဲကပါ။ ကျွန်တော်မပါလည်း ဘာဖြစ်လဲ"

ဇဟိုက သူ့ခုံးကိုတစ်ချက်ပုတ်ကာ နှစ်သိမ့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်ပြောတာ သဘာဝကျတယ်။ ဗဟို့, အဲ့အစီအစဉ်အတိုင်းပဲ လုပ်တာကောင်းမယ်"

ဟု ဆိုလာလေသည်။

ထိုအချိန်က သူလည်းမှုထူနေတာမို့ ထောက်ခံနေတာတွေ ဆန့်ကျင်နေတာတွေ ဘာမှလုပ်ချင်စိတ်မရှိတော့။

အားလုံး သူတို့သဘောအတိုင်းသာ ပစ်ထားလိုက်သည်။ ဒီတစ်ခါတော့ သူမ လေလုံးထွားနေတာကို အမြင်ကပ်လို့မရတော့ဘဲ ဖြစ်ပါ့မလားဆိုတဲ့စိတ်နဲ့သာ ရင်တမမဖြစ်ရလေသည်။

အဲလိုနဲ့. . .

❦❦❦

## အခန်း (၁၇)

"အမှန်အတိုင်းဝန်ခံရရင် အဲဒီပွဲအပြီးမှာ ကျွန်တော် သူ့ကို တကယ်ပဲ အထင်ကြီးလေးစားသွားခဲ့တယ်။ သူ့ရဲ့ရဲဘော်ရဲဘက်စိတ်ဓာတ်ကို နှစ်သက်မြတ်နိုးမိရာက ချစ်မိသွားတယ်ဆို ဝိုမှန်မယ်ထင်တယ်"

သူ့အသံက အတိတ်ကို တမ်းတဟန်အပြည့်နှင့် လိုက်မောတုန်အက်နေသည်။

"အဲလိုအစွဲတစ်ခုခုကြောင့် ချစ်မိတဲ့အချစ်က ပြေပျောက်လွယ်ပါတယ်။ အထင်ကြီးလို့ချစ်တာ၊ သနားလို့ချစ်တာတွေက အဲဒီကိစ္စတွေ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့တာနဲ့ အချစ်စိတ်ပါ တစ်ခါတည်းလျှော့သွားတော့တာပဲ။ ဘာကြောင့်မှန်းမသိဘဲ ချစ်မိတဲ့အချစ်မျိုးကမှ ခိုင်မြဲတယ်လို့ ကိုယ်ကတော့ ထင်တယ်''

''ဟုတ်မယ်ထင်တယ်''

စုးနစ်သည် ဂရေးရဲ့အဆိုကို မဆိုင်းမတွပင် ထောက်ခံမိလေသည်။

''ဘယ်လိုပဲဖြစ်ဖြစ် မင်းကို သူသိပ်ချစ်ခဲ့တယ်ဆိုတာကတော့ ရှင်းနေတာပဲမဟုတ်လား''

''အဲဒီအချိန်မှာ ခင်ဗျားသာ ကျွန်တော့်နေရာမှာဆိုရင်လည်း ဝိုင့်ကိုချစ်မိသွားမိမှာပဲ။ သူက ကျွန်တော့်ပတ်ဝန်းကျင်မှာ ရှိသမျှမိန်းကလေးတွေထက် အစစအရာရာသာတယ်။ ပြီးတော့ ကျွန်တော့်ကို အဆုံးစွန်အထိ ချစ်ပြနိုင်ခဲ့တယ်။ သူနဲ့ကျွန်တော် ချစ်ခဲ့ကြတဲ့ကာလတစ်လျှောက်လုံး သူက ကျွန်တော့်ဆန္ဒမှန်သမျှ မဆန့်ကျင်ခဲ့ဘူး။ အခြလို အလျှော့ပေး အလိုလိုက်ခဲ့တာချည်းပဲ။ အဲလိုမိန်းမတစ်ယောက်က ကျွန်တော့်ကို အစိမ်းလိုက်လတ် ရက်စက်သွားတာကျတော့ ဘယ်လို ယုံရမှန်းတောင်မသိဘူး။ ကျွန်တော်ထင်ပါတယ်. . . သူ ကျွန်တော့်





ကို အစကတည်းက အငြိုးအတေးတွေ ထားခဲ့တာ''

သူက သူ့ချစ်သူအကြောင်းကို စိတ်လိုလက်ရပြောနေရင်းမှ အကဲခတ်သလို စိတ်ဝင်စားသလို နားစွင့်နေသော ဂရေး၏မျက်ဝန်းအကြည့်တွေကိုသတိထားမိသွားကာ ရုက်ရှဲ့ဟန်နှင့် ခေါင်းငုံ့သွားသည်။

သူ နှုတ်ခမ်းကိုတင်းတင်းစေ့ထားမိသည်။

ဒီအဖြစ်အပျက်တွေကို ဂရေးကို သူ ပြောချင်စိတ်မရှိတော့ပါ။ ဂရေးကတော့ သူတစ်ခွန်းပြောတိုင်း အံ့သြဟန်၊ နာကျင်ဟန်၊ ဆွေးလျှန်းကလေးတွေပြကာ စိတ်ဝင်တစားနားထောင်ပေးရှာပါသည်။

သူကတော့ သိပ်ချစ်ခဲ့ဖူးသော (လူသိရှင်ကြားထားခဲ့သည့်)ချစ်သူအကြောင်း ဂရေးကိုပြောပြလိုစိတ် တနေ့တခြားလျော့ပါးလာခဲ့ပြီ။

ခုချိန်မှာ အတိတ်ဆိုတာကို သူ့မှတ်ဉာဏ်ထဲကနေ delete လုပ်ပစ်လို့ရလျှင် လုပ်ချင်သည်။

အချစ်ဟုတ်မဟုတ် မသေချာပေမယ့် ဂရေးကို သူ တွယ်ငြိသွားပြီ။

အချိန်တိုတိုကလေးအတွင်းမှာ ပြောင်းလဲယိမ်းယိုင်လွယ်တယ်ဆိုး စွပ်စွဲချင်လည်း စွပ်စွဲကြပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



''သိပ်ချစ်ခဲ့တယ်ဆိုတာရယ်၊ တကယ်ချစ်ခဲ့ဖူးတယ်ဆိုတဲ့အင် ရယ်ကို ဒီနေ့ကစပြီး မေ့လိုက်ပါ။ အဲဒါဆို ခံစားရတဲ့ဝေဒနာသက်သာ မှာပါ'' ဆိုတဲ့ သူမရဲ့စာသားလေးက သူ့နှလုံးသားကို သံမှိုရိုက်သွား သလို နက်ရှိုင်းစွာ စွဲထင်ကျန်နေခဲ့တာ၊ ဂရေးကိုသိစေချင်တယ်။

ဂရေးရဲ့ အမှုမှတ်အမှတ်မဲ့စကားလေးတစ်ခွန်းက သူ့ရဲ့ပိန်ညို အောင်မှောင်နေတဲ့ သူ့ရဲ့မနက်ဖြန်ကို စိတ်ဓာတ်ခွန်အားအသစ် ပေးပြီး နွေးထွေးလင်းလက်စေခဲ့တာဖြစ်သည်။

သူမကြောင့်သာမဟုတ်ရင် ဒီအချိန်မှာ သူ အသည်းကွဲလေထု လိုကောင်းနေဆဲဖြစ်မှာ။

ခုတော့ ရင်ထဲမှာ တင်းကျပ်ပြည့်နှင့်လာတိုင်း ပြေးပြီး ဖွင့် ထုတ်ပစ်လိုက်ဖို့ သူမက အသင့်ရှိနေပေးသည်။

ကျေးဇူးပါ ဂရေးရယ်...

''အခုလေ... ပြောပြနေတဲ့အဖြစ်အပျက်ကလေးတွေကို အကြမ်းလေးအဖြစ် မှတ်တမ်းတင်ထားတယ်။ မင်းပြောလို့ပြီးသွား အဲဒီစာမူ ပေးဖတ်မယ်။ အဲဒီမှာ ထူးခြားတာတစ်ခုက မင်းစိတ်သ သာရာရစေမယ့်၊ မျှော်လင့်ချက်တွေ ရှင်သန်တောက်ပလာစေ





တ်သိမ်းလှလှကလေးထည့်ပေးဖို့ စိတ်ကူးထားတယ်။ သိလား''

ဂရေးစကားအဆုံး စူးနစ်က မချိတရိပြုံးလေသည်။ ထို့နောက် သူတို့နှစ်ယောက်ကြားမှာရှိနေသည့်စားပွဲပေါ် လက်နှစ်ဖက်လုံးကို တင် က်ကာ ကိုယ်ကိုရှေ့သို့ကိုင်းညွတ်ရင်း...

''ကျေးဇူးတင်ပါတယ် ဂရေး။ ခင်ဗျားကို ကျွန်တော့်ရင်ထဲက ကိုလိုက်လှဲလှဲကျေးဇူးတင်တာပါ။ ခင်ဗျားလောက် နှလုံးသားလှတဲ့ မ်းမမျိုး တစ်ခါမှမတွေ့ခဲ့ဖူးဘူး။ တစ်ဖက်သားရဲ့ခံစားချက်ကို ဘာလို့ င်းဖောက်သိမြင်ပြီး စာနာတတ်သလဲဆိုတာ တွေးလို့တောင်မရတော့ ''

ဟု တိုးဖွ ညှံ့သက်စွာဆိုလျှင် ဂရေးသည် ခေါင်းကို နောက်သို့ န်ချရင်း မျက်ဝန်းအစုံကိုမှိတ်လျက် ကြေကွဲစွာပြုံးမိလေသည်။

မင်းမသိလို့ပါ ကောင်ကလေးရယ်...

ဘယ်သူမဆို ချစ်ရသူရဲ့ရင်တွင်းကို ဖောက်ထွင်းမြင်တွေ့နိုင်တဲ့ စွမ်းရှိသလို နားလည်ခံစားပေးတတ်ကြတယ်။

ကိုယ်လည်း အဲသလိုပေါ့ကွယ်...

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြပုံက တကယ့်ကို ရှုးရှုးမူးမူး စူးစူးနင့်နင့်အချစ်မျိုးနဲ့ သည်းသည်းလှုပ်ချစ်ကြတာမျိုးဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက်လို့ဆိုရာမှာ သူမက သူ့ကို ဟုပြောလျှင် ပိုမှန်ပါလိမ့်မည်။

ဝိုင်က သူ့ထက်နှစ်နှစ်ကျော်လောက် အသက်ပိုကြီးပေမယ့် သူ့ကိုချစ်တာ ဆယ်ကျော်သက်ကလေးလို ကဲကဲဆတ် ဖျပ်ဖျပ်လူးကာ အားကိုး ဆိုးနွဲ့ချသလိုမျိုးမို့ စူးနစ်ဟာ မိခင်ဖြစ်သူနဲ့ပတ်သက်ပြီး အ။-



www.burmeseclassic.com

www.burmeseclassic.com



sogynist တစ်ယောက်ဖြစ်ခဲ့တဲ့ဘဝပင် မှိန်ဖျော့ ပြောင်းလဲသွားခဲ့ရသည်။

အရာရာတိုင်း သူ့ဆန္ဒ၊ သူ့သဘောအတိုင်း။

တစ်ခါတလေ ဝိုင်က သနားကရုဏာသက်ဖွယ်ကောင်းအောင် ရိုကျိုးနာခံတတ်ပြီး တစ်ခါတလေတော့ အင်မတန်မှဖြတ်နိုးစွဲမက်ဖွယ် တိမ်းညွတ်ယစ်မူးဖွယ်ကောင်းအောင် သူ့အပေါ်ကြင်နာနိုင်လွန်းသည်။

ထိုစဉ်ကတော့ ချယ်ရီပိုင်ချို့ရဲ့နှလုံးသည်းပွတ်မှာ စူးနစ်ဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့အမည်နာမနှင့် ပုံရိပ်ကိုသာ ထင်ထင်ရှားရှား ထွင်းထုထားလိုက်ပြီးပြီဟိုပင် သူယုံကြည်ယူဆခဲ့ရဖူးပါသည်။

သူယုံကြည်ရလောက်အောင်လည်း သူမက ချစ်ပြနိုင်လွန်းသည်။ မိုးတွေသည်းသောနေ့တစ်နေ့မှာ သူနာကျင်ဝမ်းနည်းဖွယ်အဖြစ်အပျက် တစ်ခုနှင့်ကြုံဆုံခဲ့ရစဉ်က ဝိုင်သည် သူ့အတွက် အကောင်းဆုံးနှစ်သိမ့် အားပေးဖော်တစ်ယောက်အဖြစ် အခိုင်အမာရပ်တည်ခဲ့သည်။

တစ်သက်တာ ဘယ့်မေ့နိုင်မလဲ။ အဲဒီနေ့က သူ ဝိုင့်ကိုအားကိုး မိသွားတဲ့နေ့ဖြစ်သလို ဝိုင့်အချစ်တွေရဲ့နောက်ဆုံးနေ့လည်းဖြစ်သည်။ အဲဒီနေ့က မြို့ထဲသွားရင်း shopping centre တစ်ခုမှာ အမေ့ကို





မမျှော်လင့်ဘဲ ပြန်တွေ့ခဲ့ရသည်။ ဘေးတွင် အမေ့ရဲ့နောက်အိမ်ထောင် အမျိုးသားလည်း ပါလာသည်။

အမေက လေးငါးခြောက်နှစ်အရွယ်ကလေးမလေးကို လက်ဆွဲ လျက် သူ့ခင်ပွန်းနှင့်အတူ ရယ်မောပျော်ရွှင်စွာ ဈေးဝယ်နေသည်။

ကလေးမလေးက နောက်အိမ်ထောင်နှင့်ရသော အမေ့ရဲ့သမီး ရင်းကလေး ဖြစ်ဖို့များသည်။

သူမတို့မိသားစု ဘယ်တုန်းက မြန်မာပြည် ပြန်ရောက်လာသလဲ သူမသိ။

အမေက သူ့ကိုမမြင်ပါ။

မြင်လျှင်လည်း မှတ်မိချင်မှမှတ်မိမည်။

အမေ နောက်အိမ်ထောင်ပြုသွားတော့ သူ့အသက်က ဆယ့်နှစ် နှစ်။ အခု စူးနစ်အသက်က နှစ်ဆယ်တင်းတင်းရှိနေပြီ။ ကားအက်ဆီး ဒင့်ကြောင့် အောက်ပိုင်းသေသွားတဲ့အဖေနှင့်သူ့ကို ရက်ရက်စက်စက် ထားပစ်ကာ ထွက်ပြေးသွားသောအမေ။

ရွယ်တူသူငယ်ချင်းတွေကြားမှာ ‘သူ့အမေက နောက်ယောကျ်ား နောက်လိုက်ပြေးသွားခဲ့တာ’ လို့မကြာခဏအပြောခံရလို့ နာကျင်ခံစား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတဲ့အချိန်တွေကို ပြန်သတိရလာသည်။

နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး မျက်ရည်ဝဲလာတဲ့အထိ ရင်ထဲမှာ တစ်ဆို့ဆို့နှမ်းကြပ်နေသည်။

သူ ထိုမြင်ကွင်းကို ကျော်ခိုင်းလှည့်ထွက်တော့ သူ့နောက်မှ အုံ့သြဝမ်းနည်းနေသည့်မျက်ဝန်းတွေနှင့် သူ့ကို စောင့်ကြည့်နေသည့် ဝိုင့်ကိုတွေ့လိုက်ရသည်။

"ဝိုင်"

သူ အရမ်းကို ဝမ်းနည်းပင်ပန်းကာ ရှိုက်ကြီးတငင်ငိုကြွေးချင်မိသည်။ သူ အရိပ်အမြွက်လောက် ပြောပြထားဖူးတာမို့ အခြေအနေ အရပ်ရပ်ကို လိမ္မာပါးနပ်စွာ နားလည်သိရှိလွယ်သောဝိုင်က သူ့ကို စာနာဖေးမစွာ ထွေးပွေ့ပြီး ကုန်တိုက်ထဲမှ ခေါ်ထုတ်လာခဲ့သည်။

သူမရဲ့ကားပေါ်အရောက်မှာတော့ လက်ဖဝါးနှစ်ဖက်ထဲ မျက်နှာအပ်ကာ သူရှိုက်ငင်ငိုကြွေးပစ်လိုက်သည်။

ဝိုက် သူ့ပခုံးပေါ်မှာ စုးနစ်ခေါင်းကိုမှီစေရင်း အုံ့သြ ဆွံ့အသလို ငြိမ်သက်ကာ နှုတ်မှ ဘာစကားတစ်ခွန်းမှ မပြောနိုင်သလိုပါ နှင့် သူ့ကျောပြင်ကိုသာ ကလေးတစ်ယောက်အလား ဖွဖွလေးပုတ်





နှစ်သိမ့်ပေးလေသည်။

သူ အတိအကျကိုမှတ်မိနေပါသည်။ အတော်လေးကြာမှ ဝိုင် သူ့ကို ထပ်ခါတလဲလဲဆိုနေသော စကားတစ်ခွန်း။

"ဝိုင်စိတ်မကောင်းပါဘူး စုးနစ်ရယ်၊ ရှင်နဲ့ထပ်တူနာကျင်ခံစားရတယ်။ ကံကြမ္မာကိုမုန်းလိုက်တာ"

ထိုစကားတစ်ခွန်းကို ငါးကြိမ်ခြောက်ကြိမ်ထက်မနည်း ငါးမိနစ်အတွင်းလောက်မှာပင် ထပ်ခါတလဲလဲ သူမ ရေရွတ်နေပါသည်။

ပြီးမှ သက်ပြင်းတစ်ချက်ရှိုက်ပြီး. . .

"စုးနစ် သိပ်ကိုခံစားနေရလားဟင်၊ ရင်ထဲမှာ သိပ်ကိုပင်ပန်းနေရင် တစ်ခုခုပေါက်ကွဲပစ်လိုက်။ ရှင်ဘာလုပ်ချင်လဲ ဘယ်လိုသွားချင်လဲ၊ လတ်တလောဖြစ်နေတဲ့ဆန္ဒတစ်ခုကိုပြော။ ဝိုင်လုပ်ပေးမယ်။ ရှင်သွားချင်တဲ့နေရာပဲဖြစ်ဖြစ် ပို့ပေးမယ်"

ဟု ကလေးချော့သလိုလေသံနှင့် တတွတ်တွတ်ရွှတ်နေသည်။

သူမအသံက အိပ်မက်မက်ရင်းယောင်နေသလို ဇဝေဇဝါကြောင်တောင်တောင်ဖြစ်နေကာ အသက်မဲ့လှသည်။ သူ့နည်းတူ စိတ်ထိခိုက်ကြေကွဲနေတယ်ဆိုတာ ဖွင့်ပြောဖို့မလိုအောင်ပင် သူမအမူအရာတွေ



www.burmeseclassic.com

www.burmeseclassic.com



က သက်သေခံနေလေသည်။

Parking ထိုးထားသော ကားပေါ်တွင် သူက သူမရင်ခွင်တွင်း၌ ခေါင်းတိုးဝှိုက်နေသည်ကို ဖြတ်သွားဖြတ်လာလူများက သေချာပေါက်မြင်သွားနိုင်သည်။

သူမရဲ့ဂုဏ်သိက္ခာအတွက် သူက စိုးထိတ်ငဲ့ညှာစွာ ကိုယ့်စိတ်ကိုယ် ပြန်ပြီးချုပ်ထိန်းငဲ့ညှာလိုက်ပါသည်။

သူ ခေါင်းထူပြီး ဝိုင့်ကိုကြည့်လိုက်တော့ သူမမျက်ဝန်းအစုံက မျက်ရည်မကျသောကြား နီရဲလျက် ကြောင်စီစီဖြစ်နေသည်ကိုမြင်ရလေသည်။

“ဝိုင်, ကိုယ်. . . ကိုယ်အရမ်းဝမ်းနည်းတယ်၊ ဝိုင်စိတ်အနှောင့်အယှက်ဖြစ်သွားလား။ သော. . . ရီးသောရီးပါကွယ်။ မေမေ့ကို အဲလိုပုံစံနဲ့ ပြန်တွေ့လိုက်ရတော့ ကိုယ့်ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး။ ကိုယ် မေမေ့ကိုမုန်းတယ်”

“စူးနစ်ရယ်”

ကယောင်ချောက်ချားရေရွတ်နေမိသော သူ့ရဲ့စကားသံကို စိတ်ရှုံ့စွာ နားထောင်ပေးနေသည့်ဝိုင့်မျက်နှာက အေးတစ်လှည့်နွေးတစ်





လှည့်ခံစားချက် အရိပ်အငွေ့ပေါင်းစုံ ဖြတ်ပြေးနေသည်ကိုတွေ့ရသည့်အခါ သူ့အပေါ် တစ်စိတ်တစ်ဝမ်းတည်းလိုလို ချစ်ခင်မြတ်နိုးနိုင်စွမ်းရှိသည့်အတွက် ကျေးဇူးတင်ဝမ်းသာရင်း ပိုလို့ပင် မြတ်နိုးလေးစားမိလေသည်။

မထင်ခဲ့ပါဘူး ဝိုင်ရယ်. . .

မင်း ကိုယ့်ကို အဲသလောက်ပေးဆပ်ပြီး ချစ်ပြလိမ့်မယ်လို့။

သူ ဝိုင့်ကိုအစွန်းရောက်အောင် ယုံသွားမိသည်။

အခုချိန်မှာ ဝိုင်က သူ့အတွက် ဝမ်းနည်းဖော်၊ ဝမ်းနည်းဖက်လည်းဖြစ်သည်။

သူ အားကိုးတကြီး မျက်စိမှိတ်တွယ်တာမိခါမှ သူမက ရုတ်ချည်း ဖြတ်ရိုက်ချလိုက်သည့်အခါမှာတော့ အချစ်နှင့် ကံကြမ္မာကို နားမလည်နိုင်ခြင်းများစွာနှင့် သူ လက်မြှောက်အရှုံးပေးလိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ဂရေးသည် သူ့စကားအဆုံး ရင်ထဲ နင့်စူးလွမ်းမောကျန်ခဲ့ကာ အသက်ရှူရတာပင် ဝန်လေးပင်ပန်းစေသောအလုပ်တစ်ခုလို ခံစားလိုက်ရလေသည်။

"သူ ကျွန်တော့်ကို စဖြတ်ခါစတုန်းကဆို ကျွန်တော့်ကိုယ်ကျွန်တော် သေသွားလိမ့်မယ်လို့တောင်ထင်တာ။ ဒါမှမဟုတ်ရင်လည်း ရူးလောက်တယ်ပေါ့။ ကျွန်တော် သေလည်းမသေပါဘူး။ ရူးလည်းမသွားဘူး။ ဘာဖြစ်နေမှန်းမသိတဲ့ ထုံပေပေခံစားမှုနဲ့ လူနဲ့စိတ်မတွဲမိတော့ဘူး။ ရင်ထဲမှာနင့်ပြီး နာရလွန်းလို့ ဘယ်နားက နာရမှန်းမသိအောင်



www.burmeseclassic.com

www.burmeseclassic.com



ထိုသွားတယ်ထင်ပါရဲ့ဗျာ။ ကျွန်တော်က ဘုမသိဘမသိ ခံရသလိုလည်း ဖြစ်နေတယ်။ ကျွန်တော်နဲ့သူ ချစ်သူမဖြစ်ခင်က ကတောက်ကဆဖြစ် ခဲ့တယ်ဆိုတာလည်း ဒီလောက်ထိ ဖြစ်လောက်စရာမဟုတ်ဘူး။ ကျေ အေး ခွင့်လွှတ်လို့ရတာတွေချည်းပဲ''

''သူပြောသွားပုံတွေအရဆို သူက မင်းကို ချစ်သူဖြစ်ဖို့ တမင် ချဉ်းကပ်ပြီးမှ အသည်းခွဲသွားတာမျိုးနော်''

သူ ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းပစ်လိုက်သည်။ အချစ်ဆိုတာ ရဲ့ အလေးအနက်သဘောသဘာဝကို တိုင်းတာလို့ရတဲ့ကိရိယာ မရှိပေ မယ့် တကယ်ချစ်ခဲ့တယ်မချစ်ခဲ့ဘူးဆိုတာ ကာယကံရှင်နှစ်ဦးတည်းသာ ဆုံးဖြတ်လက်ခံလို့ရတဲ့ကိစ္စဖြစ်လေရာ. . .

ဗိုင် သူ့ကိုတကယ်ချစ်ခဲ့တယ်ဆိုတာ စိတ်ထဲက အလိုလိုသိနေ သည်။ ပြီးတော့ သူယုံကြည်မိသည်။ ယုံခဲ့လွန်းလို့ ရှုံးရမလိုဖြစ်ရတာ ပါ။

ခုတော့ ပူလောင်စပ်ဖျဉ်းတဲ့ခံစားမှုတစ်ခုနဲ့အတူ လုပ်ရက်လေ ခြင်းဆိုတဲ့ ကြေကွဲဒေါသသာ ကျန်ခဲ့လောက်အောင် သူမနဲ့ပတ်သက် ပြီး မုန်းတီးနာကြည်းစရာ ဘာသဲလွန်စမှမကျန်ခဲ့ချေ။





''သူ ကျွန်တော့်ကို စိတ်နာအောင် တမင်ပြောသွားပေမယ့် အသည်းခွဲမယ်ဆိုပြီး တမင်ကြံစည်ချဉ်းကပ်တာတော့မဖြစ်နိုင်ဘူး။ ပြီး တော့ စာရွက်တစ်ရွက်ကို ပြောင်းပြန်လှန်ပစ်လိုက်သလို ဒီနေ့နဲ့မနက် ဖြန် ပြောင်းလဲသွားတာ။ ဒါပေမဲ့ အခု ကျွန်တော် မခံစားရတော့ပါဘူး။ ဂရေးပြောသလို သိပ်ချစ်ခဲ့ဖူးတယ်ဆိုတဲ့အသိကြီးက ခြောက်လှန့်နေ တော့ အဲဒီအသိကိုမေ့ပစ်ရတယ်။ မေ့မသွားပေမယ့် အချိန်ကာလအရ မှုန်ဝါးပျက်ပြယ်သွားမှာပါပဲ။ အချစ်ဆိုတာ ချစ်နေတုန်းခဏသာ ခမ်း နား ကြီးကျယ်တာပါ။ တစ်ယောက်နဲ့တစ်ယောက် မနှစ်သက်မလိုအပ် တော့လို့ပြတ်ကြစဲကြဆိုရင် ဘာမှမဟုတ်တဲ့ စိတ်ရှုပ်စရာကိစ္စကြီးဖြစ် သွားတော့တာ''

''ဘယ်လိုပဲယူဆယူဆ မင်းရင်ထဲမှာ ခံစားနေရတဲ့ဝေဒနာတွေ ဒဏ်ရာအနာတရတွေ လျော့ပါးသက်သာသွားတယ်ဆိုရင် ကိုယ်ဝမ်းသာ ပါတယ်။ အချိန်တန်တော့ နေသားကျသွားမှာပါ။ ပြီးတော့ ခမ်းနားကြီး ကျယ်ပြီး တကယ်မြင့်မြတ်ဖြူစင်တဲ့အချစ်တစ်ခုကို လိမ်ညာ လှည့် ဖြားခြင်းကင်းကင်းနဲ့ ပြန်တွေ့နိုင်ပါသေးတယ်။ ဒီကိစ္စမျိုးက တစ်ကြိမ် မက မှားယွင်းလွဲချော်တတ်ကြစမြဲပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဂရေးစကားအဆုံး စုးနစ်က ရီဝေချိုမြိန်သော မျက်ဝန်းအစုံနှင့် ကြည့်လိုက်ကာ. . .

"ဂရေးပြောသလိုအချစ်မျိုး ပြန်တွေ့တာ ကြာလှပေါ့ ဂရေးရယ်။ ခင်ဗျား ကျွန်တော့်ကို အပြစ်တင်ချင်လည်းတင်ပါတော့။ အချစ်က ဘယ်လိုအရာလဲဆိုတာ ရေရေရာရာမသိဘဲ ချစ်ချင်နေတဲ့ အညံ့စားကောင်လို့သတ်မှတ်လည်း ခံရမှာပဲ၊ ကျွန်တော် ခင်ဗျားကိုချစ်တယ်"

ဟုဆိုလိုက်ရာ သွယ်ဝိုက်ဖွဲ့နွဲ့နေသော သူ့စကားတွေရဲ့အသွားအလာကို တမေ့တမောနားထောင်နေရသည့် ဂရေးမှာ ရုတ်တရက် အငိုက်မိသလိုဖြစ်သွားကာ ဘာပြန်ပြောရမှန်းပင်မသိတော့ချေ။

လှကသာ ငြိမ်သက်ဆွံ့အပြီး ကြောင်တေးတေးဖြစ်နေပေမယ့် စိတ်ထဲမှာတော့ အပြင်းအထန်လှုပ်ရှားချောင်းဆန်သွားရလေသည်။

"ပြောပါဦး ဂရေးရယ်၊ ကျွန်တော့်ကို ဘယ်လိုသဘောထားသလဲ ဆိုတာ အရမ်းသိချင်မိတယ်"

ကြည့်စမ်း! အပြီးသတ်တော့ ဒီကောင်လေးက ဂရေးကို ရည်းစားစကားပြောနေတာပါလား။

"မ. . . မဟုတ်သေးဘူး စုးနစ်၊ တစ်ယောက်နဲ့အဆင်မပြေလို့ နောက်တစ်ယောက်နဲ့အစားထိုးဖြေသိမ့်တာ အချစ်မဟုတ်သေးဘူး"





ဂရေးစကားကြောင့် စုးနစ်သည် ခံရခက်သွားဟန်ရှိကာ. . .

"ဘယ်သူက အစားထိုးတယ်ပြောလို့လဲဗျာ၊ တကယ်ချစ်မိလို့ ဖွင့်ပြောတာပဲရှိတာ။ တစ်ယောက်နဲ့ပြတ်တာ မကြာခင် တစ်ယောက် ချက်ချင်းကောက်တွဲရအောင် ရည်းစားမရှိ မနေတတ်တဲ့လူများ မှတ်နေလား။ ကျွန်တော်, ခင်ဗျားကိုတစ်နေ့ထက်တစ်နေ့ တစ်ရက်ထက် တစ်ရက် ရင်ထဲမှာ နင့်နေအောင်ချစ်လာမိလို့ ဖွင့်ဟဝန်ခံတာ။ မချစ်ဘဲနဲ့တော့ ဦးနှောက်ခြောက်ခံပြီး စိတ်ထဲတောင်မတွင်းဘူး"

ဟု လေသံခပ်မာမာနှင့်ပြောချလိုက်ရာ ဂရေးမှာ စိတ်ဆိုးပစ်လိုက်ရမည့်အစား ရယ်ချင်စိတ်ကိုပင် အတင်းမျိုသိပ်ထားလိုက်မိကာ အဲဒီမလည်ရုပ်ကိုမသိသာအောင် မနည်းကြိုးထိန်းထားရလေသည်။

ကိုယ်လည်း ချယ်ရီပိုင်ချို့နဲ့ ဘာများထူးလို့လဲ. . .

တစ်စက်ကလေးမှ ချိုသာပျော့ပျောင်းခြင်းမရှိတဲ့မင်းရဲ့ ဖွတ်တရွတ် မိုက်ကန်းကန်းအမူအရာတွေမှာ ယစ်မူးပျော်ဝင်သွားရတာ။

ဘာဆက်ပြောရမှန်းမသိ၊ အကြံအိုက်နေတဲ့မျက်နှာမျိုးနဲ့ မှုန်ကုပ်ကုပ်ဖြစ်နေသော စုးနစ်ကိုကြည့်ကာ ဂရေး ဘယ်လိုမှဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



တည်တင်းထားလို့မရဘဲ ကိုယ်လုံးလေးပင် သိမ့်သိမ့်ခါအောင် ရယ် ပစ်မိတော့. . .

"ဘာရယ်တာလဲ၊ ဒါရယ်စရာမဟုတ်ဘူး ဂရေး"

ဟု ကလေးဆိုးလို ညစ်ကျယ်ကျယ်ပြောပြန်လေသည်။

"မင်းပုံစံက ရယ်စရာကောင်းနေလို့ပါ"

"အင်းပေါ့၊ ခင်ဗျားကတော့ ရယ်မှာပေါ့။ သူများတွေရင်ထဲ အောင်ခံစားရတာ ခင်ဗျားအတွက် အပျင်းပြေပဲရှိမှာပေါ့။ ဒီလိုအ လမ်းတွေ ရှိနေပြီကိုး"

သူ့စကားတွေကို ဂရေး မခံချင်ဒေါသတွေဖြစ်လာကာ. . .

"ဒီမှာ စုံနစ်၊ ဖတ်လမ်းရေးတာနဲ့ ဘာမှမဆိုင်ဘူး။ အဖျ ပြော အပျော်အပျက်သဘောမျိုးထားရအောင်လည်း အခုလို တစ်ခါ ချစ်ဖူးသေးတာမဟုတ်ဘူး။ ကိုယ့်နှလုံးသားက ခုမှအသစ်စက်စက် ရှိသေးတယ်။ သိရဲ့လား"

ဟု ဒေါနှင့်မောနှင့်ပြန်ပြောလိုက်ရာ သူက တစ်ခဏတော့ ငြိမ် အမ်းအမ်းဖြစ်သွားသည်။ ပြီးမှ ဝမ်းသာအားရဖြစ်နေတဲ့ ရယ်ကျဲ မျက်နှာနှင့်. . .





"ဂရေး တကယ်ပြောတာနော်"

"တကယ်ပေါ့. . . တကယ်၊ နေပါဦး၊ မင်းကဘာကိုပြောတာလဲ"

"ဟောဗျာ, ဂရေးပဲပြောတာလေ၊ အခုလိုတစ်ခါမှမချစ်ဖူးဘူး တာ။ အဲဒါ ကျွန်တော့်ကိုပြောတာမဟုတ်ဘူးလား။ ဟုတ်ပါတယ်၊ န်တော့်အတွက်ပြောတာပဲနေမှာပါ"

ဂရေးသည် ပြောမိပြီးသောစကားအတွက် မတွေးနိုင်မအံနိုင် သွားကာ လွှတ်ခနဲထွက်သွားမိသော ကိုယ့်ပါးစပ်ကိုပင် ဆတ်ခနဲပိတ် မိကာ နှုတ်ခမ်းကိုဖိကိုက်လျက် မျက်လုံးတွေကိုတအားဖိပိတ်လိုက် ည်တွင် သူက ဂရေးဖြစ်နေပုံကို သဘောကျသလို ရယ်လိုက်လေ ည်။

ထို့နောက် ဂရေးရဲ့ဖောင်းဖောင်းအိအိလက်ကလေးကို ဖျစ်ညှစ် ကိုင်လိုက်ကာ. . .

"တကယ်ပါ ဂရေး ဘာကြောင့်မှမဟုတ်ပါဘူး. . . ဘယ်လို ကြောင်းကိစ္စကြောင့်မှမဟုတ်ဘဲ လိမ်ညာလှည့်ဖြားခြင်းမပါဘဲ သိပ် သွားတာ။ ကျွန်တော့်အချစ်က ဘာမှမပါတဲ့အချစ်သက်သက်ပါ"

ကိုယ် ယုံလိုက်တော့မယ်နော်. . .



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ မချစ်ခင်ကလည်းစဉ်းစားလို့မရဘူး . . .

ချစ်ပြီးရင်လည်း မယုံသင်္ကာဖြစ်စရာအကြောင်းမရှိဘူး . . .

ကိုယ်လက်ခံထားတဲ့အချစ်က သိပ်ကိုနက်ရှိုင်းနူးညံ့လှပါတယ်။ ပြောပြရင် အပိုတွေထင်မှာစိုးလို့ မပြောတော့ပါ ကောင်လေးရယ်။

မင်းကိုစတွေ့ကတည်းက ကိုယ့်ရင်ထဲမှာ အချစ်ဆိုတာ တိမ်လို အမျှင်အစကလေးတွေအဖြစ် စုစည်းအုံ့ဖွဲ့ထားခဲ့တာပါ။

မင်းက ချစ်တယ်ဆိုတဲ့တစ်နေ့မှာ ဖြုန်းခနဲ သွန်းဖြိုး ရွာချလိုက်ဖို့ တိမ်တုကြီးတောင် ဖြစ်နေပါပြီ။

ကိုယ့်အချစ်နဲ့ မင်းတစ်ကိုယ်လုံး ရွှဲရွှဲစိုအောင်မြဲစိုသွားစေပါလိမ့်မယ် စုးနစ်ရယ် . . .။

ဗ ဗ ဗ



## အခန်း (၂၀)

ဂရေးသည် စုးနစ်နှင့်စတွေ့ပြီး နှစ်လအကြာ ချစ်သူသက်တမ်း တစ်လတင်းတင်းပြည့်သောနေ့တွင် 'အသည်းခွဲဗျူဟာ' ဟု အမည်တပ်ထားသောဝတ္ထုတစ်ပုဒ်ကို ရေးသားပြီးစီးသွားခဲ့ပါသည်။

ဒါပေမဲ့ စုးနစ်ကို အံ့အားတသင့်ဖြစ်သွားစေလိုသောကြောင့် ထိုစာမူကို ဝတ္ထုအဖြစ် ရေးသားထုတ်ဝေမည့်အကြောင်းတော့ ကြိုမပြောခဲ့ပါ။

ဝတ္ထုဇာတ်သိမ်းကိုလည်း ဂရေးစိတ်ကြိုက်သာ ရေးပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့ကတော့ ဂရေးရဲ့စာမူကိုဖတ်ပြီး ဇာတ်သိမ်းကိုသဘော မကျသလို တတွတ်တွတ်ဝေဖန်နေတော့၏။

"ဂရေးရယ်၊ ရှင့်ဝတ္ထုကြီးကလည်း စူးနစ်သိရင် ရှင့်ကိုစိတ်ဆိုး မှာ သေချာတယ်။ ဘယ်လိုကြီးဇာတ်သိမ်းထားမှန်းလဲမသိဘူး"

"ဘာဖြစ်လို့လဲဟဲ့, ကောင်းပါတယ်။ ဖြစ်နိုင်ချေအရှိဆုံးဇာတ် သိမ်းမျိုး ရေးပေးထားတာပဲဟာ။ ဇာတ်လမ်းထဲမှာ ချယ်ရီပိုင်ချို့က စူးနစ်ကို တကယ်ချစ်ခဲ့တယ်။ အရမ်းလည်းချစ်တယ်။ ရုတ်တရက်ကြီး စွန့်ပစ်ထွက်ပြေးသွားဖို့ဆိုတာ ရူးလို့ပဲ။ ဘယ်လိုမှလက်တွဲလို့မဖြစ်တဲ့ အကြောင်းဆိုးတစ်ခုခုရှိလို့ဖြစ်မှာပဲ။ ဒီကိစ္စမှာ လျှို့ဝှက်ချက်တစ်ခု ရှိရ မယ်။ အဲဒါက ဘာလဲဆိုတာ ချယ်ရီပိုင်ချို့ကိုယ်တိုင်ပဲသိလိမ့်မယ်။ ကျုပ် ကတော့ လှပတဲ့ဇာတ်သိမ်းမျိုးပဲဖြစ်စေချင်တယ်။ အဲဒါကြောင့်"

"သြော်သြော်, အဲဒါကြောင့် စူးနစ်ကို ချယ်ရီပိုင်ချို့နဲ့ဇာတ်ပေါင်း ပေးတယ်ပေါ့။ ဟုတ်လား"

သိမ်မွေ့စကားကြောင့် ဂရေး ပြုံးလိုက်မိလေသည်။

"ဒါကတော့ ကျုပ်က ဇာတ်လမ်းဖန်တီးသူပဲ သိမ်မွေ့ရယ်။ ဒီလို ပဲ လုပ်ပေးရမှာပေါ့"





"ဒီဇာတ်လမ်းထဲမှာ နောက်ထပ် မင်းသမီးတစ်လက် ထပ်ပေါ် လာတာကျတော့ ရှင်က ပညာသားပါပါ မြှုပ်ထားလိုက်တော့မယ်ပေါ့။ ဟုတ်လား"

"ဟဲ့, မဆီမဆိုင် ဒါက ဘာဖြစ်လို့ ဝင်ပါရမှာလဲ"

"အံမယ်, ဂရေးနော်၊ မသိတဲ့လူကိုသွားပြော။ ကျုပ်ကိုလာမလိမ် နဲ့၊ တကယ်တမ်းဇာတ်သိမ်းက စူးနစ်နဲ့ပေါင်းဖက်ရမှာ ချယ်ရီပိုင်ချို့ ဟုတ်ဘူး။ ကြည့်ခဲ့ဖူးတဲ့ရုပ်ရှင်တွေထဲမှာတော့ မင်းသမီးကို လူကြမ်း က နှောင့်ယှက်ရင် မင်းသားရောက်လာပြီး ကယ်တာပဲ။ ပွဲလန့်တုန်း ဖျာဝင်ခင်းတာပေါ့ဟယ်။ အခုဟာက အသည်းကွဲနေတဲ့မင်းသားကို မင်းသမီးက ကယ်တဲ့ဇာတ်မျိုး။ ဟီးဟီး. . ."

"သိမ်မွေ့နော်၊ ရှင်ဘယ်လိုဖြစ်နေလဲ၊ တော်တော်မျက်နှာရှုးပါ လား။ တဟီးဟီးတဟားဟားနဲ့. . . ကျုပ်ကိုများ ပွဲလန့်တုန်းဖျာခင်းတဲ့ လူလေးဘာလေးနဲ့"

"အင်း, ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ တကယ်ချစ်မိသွားတာပါ။ သစ္စာမေတ္တာရှင်မကြီးရဲ့။ တကယ်ပဲ မချစ်တတ်ပါဘူးဆိုတော့လည်း သူ့ ကို ချစ်တတ်လိုက်တာဆိုတော့လည်း သူ့ပဲ၊ တတ်လည်းတတ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးစကားနာထိုးနေသော သိမ့်မွေ့ကို တုဖက်ပြီး ငြင်းခုန်မနေချင်တော့တာကြောင့် ဂရေး စားပွဲပေါ်မှစာမူကိုကောက်ကိုင်ကာ. . .

"ကဲ, တော်ပါတော့ဟယ်။ ဒီမှာ proof ဖတ်စရာရှိသေးတယ်"

ဟု ဆိုရင် စကားစဖြတ်ပစ်လိုက်သည်။

ထိုအခါမှ သိမ့်မွေ့သည် ဂရေးကို မကျေမချမ်း မျက်စောင်းရွယ်ကာ **အခန်းထဲမှ ခပ်ဆောင့်ဆောင့်လေးထွက်သွားတော့၏။**

**ဂရေးလည်း** ကိုင်ထားပြီးသောစာမူကြမ်းကို ပြန်ဖတ်ရင်း ကျေနပ်သလိုလို တွေတောင့်လာတာမို့ အိပ်ရာပေါ်တွင်လဲလျောင်းရင်း ဖတ်ရန်စိတ်ကူးရလိုက်လေသည်။ ဒါပေမဲ့ အိပ်ရာပေါ်မှာ စာမူဖတ်နေရင်း သိပ်မကြာခင်မှာပင် ဂရေးတစ်ယောက် အိပ်ပျော်သွားရကာ အခန်းမီးလေးကိုပင် မပိတ်မိတော့ချေ။

ဂရေးဘယ်လောက်ကြာအောင် အိပ်ပျော်သွားမှန်းမသိ၊ စူးရှသော ဂရေးရဲ့ဖုန်းမှ Ringtone သံကြောင့် အထိတ်တလန့် လန့်နိုး





လာပြီး နာရီကိုကြည့်လိုက်တော့ မနက်ရှစ်နာရီတိတိရှိနေပြီ။

ဂရေး ကမန်းကတန်းထထိုင်လိုက်ကာ အိပ်ရာဘေးမှ ဟန်းဖုန်းကလေးကို ကောက်ယူနားထောင်လိုက်သည်။ ဘယ်သူ့ဖုန်းလဲဆိုတာတောင် သေချာမကြည့်မိဘဲ ဖွင့်နားထောင်လိုက်တော့. . .

"ဟဲလို, စာရေးဆရာမတိမ်ညိုခြင်နဲ့စကားပြောချင်လို့ပါ"

မိန်းကလေးတစ်ဦး၏အသံက နားထဲမှာ ချိုကြည်ပေမယ့် တစ်ခါမှမကြားဖူးသည့် အစိမ်းသက်သက်လေသံမို့ ဂရေးအိပ်ချင်မူးတူးပင် ပြစ်မနေတော့ဘဲ မျက်စိကျယ်သွားရလေတော့၏။

"ပြောပါ၊ ကိုယ်က တိမ်ညိုခြင်ပါ"

"သြော်"

သူမ၏ သြော်ဟူသောအသံက နာကျင်နွမ်းမောဟန်ပေါက်ကာ ခပ်သွေးသွေးလေး ရေရွတ်လိုက်ခြင်းတည်း။

သူမ ဘယ်သူဘယ်ဝါမှန်းမပြောသေးခင် ဂရေးက စိတ်ဝင်စားနေပြီ။

"ဒါနဲ့ ဘယ်သူပါလိမ့်၊ ကိုယ့်ကို တိမ်ညိုခြင်လို့ခေါ်ပုံထောက်ရင် စာရေးဆရာမတစ်ယောက်များလား။ ကိုယ့်ဖုန်းကို တော်ရုံမရှိသလို



www.burmeseclassic.com

www.burmeseclassic.com



တွေ မသိကြဘူးလေ"

လိုအပ်တာမလိုအပ်တာ အပထား...

ဂရေးက သူမကို တရှည်တလျားတွေ လိုက်ရှင်းပြနေမိသေးသည်။

"ကျွန်မ. ချယ်ရီတိုင်ချိုပါ"

"...!"

ဂရေးရင်ထဲမှာ အာမေဋိတ်သံအကျယ်ကြီးထွက်သွားတာ ဂုန်းခနဲတောင် မြည်သွားမလားထင်ရပါ၏။

"ချယ်...ရီ...တိုင်...ချို"

"ဟုတ်ကဲ့ ဘာဖြစ်လို့လဲရှင်"

ဘာဖြစ်သွားတယ်ဆိုတာ ဘယ်လိုပြောရမလဲ၊ ဒီလောက်ထိတ်လန့်စရာမလိုအောင် (ဘကယ်ဆို) ချယ်ရီတိုင်ချိုက သက်ရှိထင်ရှား မရှိတော့တဲ့မိန်းမတစ်ယောက်လည်းမဟုတ်၊

ဂရေးရဲ့ပတ်ဝန်းကျင်မှာ သိကျွမ်းရင်းနှီးခဲ့ခြင်းမရှိတာကလွဲရင် သူမက ဂရေးရဲ့ရေးလက်စစာမျက်နှာတွေမှာ သူမက ရှိနေပြီးသား။

"ဘာမှမဖြစ်ပါဘူး... အံ့သြနေမိလို့ပါ။ မင်းက ကိုယ့်ကိုသိလို့လား"





သူမထံမှ ရယ်သံလွင်လွင်လေးထွက်လာသည်။

"ဟုတ်လား။ ဆရာမက ကျွန်မကိုသိနေပြီးတော့ ကျွန်မက ဆရာမကိုသိတာ ဘာလို့အံ့သြရတာလဲ၊ ကျွန်မက ရှင်ရေးခဲ့တဲ့ဇာတ်လမ်းထဲကအတိုင်းပဲ စူးနစ်ဆီကို ပြန်လာခဲ့တာ။ ကျွန်မ ကင်ဆာရောဂါဖြစ်နေတယ်လို့သိလိုက်ရတဲ့အချိန်မှာ ကျွန်မ သိပ်ကိုသွေးပျက်ချောက်ချားသွားခဲ့မိတယ်။ ဒါပေမဲ့ ဒီရောဂါကိုကုလို့ရနိုင်သေးတယ်ဆိုတာ သိလိုက်ရတဲ့အချိန်မှာ စူးနစ်ဆီကို အပြစ်အနာအဆာ အာဃာတကင်းကင်းနဲ့ ပြန်လာဖို့ဆုံးဖြတ်လိုက်တယ်"

"ဘာ!"

"ဟုတ်တယ် တိမ်ညိုခင်၊ ကျွန်မ သူ့ကိုသိပ်ချစ်တယ်။ သူ့ကို ကျွန်မ အသည်းကွဲဖို့မရည်ရွယ်ခဲ့ဘူး။ ကျွန်မကို မုန်းတီးနာကြည်းသွားဖို့သက်သက်ပဲလုပ်ခဲ့တာ။ သူလည်း နားလည်မှာပါ"

သွားစမ်း! မဖြစ်နိုင်တာတွေ အရှက်မရှိ ပြောရဲလိုက်တာ။ သူ အဲလိုလုပ်ချင်တိုင်းလုပ်လို့ရမတဲ့လား။

"ဒါ... ဒါတွေ ဘာဖြစ်လို့ ကိုယ့်ကိုလာပြောနေတာလဲ"

"စူးနစ်ပြောပြလို့ ကျွန်မတို့အဖြစ်အပျက်ကလေးကို ဝတ္ထုရေး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ကြိုးစားနေတယ်ဆိုတာ သိပြီးပါပြီ။ အဆုံးအစမဲ့တဲ့ဒီဇာတ်လမ်းကို ဘယ်လိုသိမ်းရမယ်ဆိုတာ ရှင်သိအောင် တမင်ပြောပြတာပါ။ ကျွန်မ မရှိခင် စုးနစ်ကို အကောင်းဆုံးအားပေးနှစ်သိမ့်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်''

ဂရေးတစ်ကိုယ်လုံး ညွတ်ခွေနွမ်းလျသွားရတော့သည်။ ချွေးစေးတွေ စို့ရွှဲနစ်အိုင်လျက် လည်ချောင်းထဲ တစ်ခုခုတစ်ဆို့နေသလို ကျပ်ခဲကာ ဘာသံမှာလည်း မထွက်နိုင်ဘဲ အသံတိတ်ဆွဲ့အလျက် မျက်ရည်တုတ်တုတ်ကျအောင် ငိုရပါလေပြီ။

ရက်စက်လိုက်ကြတာ. . .

''စုးနစ်ပြောပြတာဆိုတော့ မင်း၊ စုးနစ်နဲ့တွေ့ပြီးပြီလား''

ငိုရင်းရှိုက်ရင်းမှ အသံတုန်တုန်နှင့်ပင် ဂရေးသိချင်တာကို ဖွတ်ဖြတ်ပေးလိုက်ပါသည်။

''ဪ၊ ပြောဖို့မေ့နေတာ။ ဘေးမှာ စုးနစ်ရှိနေတယ် တိမ်ညိုခင်၊ ရှင်၊ သူနဲ့စကားပြောဦးမလား''

ထို့နောက် 'စုးနစ်, ရော့'ဆိုတဲ့အသံကိုပါ ဂရေးသဲ့သဲ့ကြားလိုက်ရပြီး 'ဟဲလို' ဆိုသော သူ့ရဲ့ခပ်မှန်မှန်ထုအသံကိုကြားရသည်တွင် ဂရေး





တစ်ကိုယ်လုံး သွေးများဆူပွက်လာသလို ဝမ်းနည်းဒေါသတွေအလိပ်လိုက် ရှိန်းကြွလာလေတော့သည်။

''စူး. . . နစ်၊ မင်း ကိုယ့်ကိုအရူးလုပ်ခဲ့တယ်ပေါ့၊ ဟုတ်လား''

ဂရေးအသံက တလှိုက်လှိုက်တုန်ယင်နေကာ ထိုစကားကိုပင် မေးရိုက်မတတ် ဆတ်ဆတ်တုန်နေရာမှ မနည်းကြီးအားယူပြောရခြင်း ဖြစ်သည်။

တစ်ဖက်မှ ဘာသံမှထွက်မလာဘဲ စူးနစ်ရဲ့အသက်ရှူသံ ခပ်ပြင်းပြင်းကိုသာ ကြားနေရသည်။

အခုမှ ရင်မဆိုင်ရဲတော့ဘူးလား. . .

ပြောလိုက်စမ်းပါ။ တကယ်တမ်း ခင်ဗျားကို ကျွန်တော်မချစ်ခဲ့ဘူးလို့၊ ဂရေးသည် ဒေါသတို့နှင့်တဆတ်ဆတ်တုန်ယင်ကာ ဖုန်းကိုပင် မနည်းကြီးဆုပ်ကိုင်ထားရ၏။

မျက်ရည်တွေ စို့ရွှဲအေးစက်လျက်ရှိသော ဂရေးမျက်နှာဟာ ရှက်ရွံ့ ကြေကွဲရလွန်းလို့ နီရဲတင်းမာနေပြီ။ အဆမတန်နာကျင်ခံစားရတဲ့ ရင်ဘတ်တစ်ခုလုံးဟာလည်း ဖြန်း ခနဲပင် ကွဲထွက်လုပြီ။

အရာရာကိုသည်းမခံနိုင်စွာပင် ဂရေး အာခေါင်ခြစ်အော်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

'စူးနစ်' ဆိုတဲ့အမည်ဟာ ဂရေးလည်ချောင်းမှာသာ ကပ်ငြိ

နေပြီး လျှာဖျားသို့ရောက်မလာ။

ထပ်ခါထပ်ခါအော်လည်း မထွက်နိုင်တော့။

ရင်ထဲမှာတော့ 'စူးနစ်' အော်သံတွေ ပဲ့တင်ထပ်မြည်ဟီးနေတော

၏။

"ဂရေး. . . ဂရေး"

"စူး. . . နစ်"

"ဂရေး. . . ဟဲ့, ဘာတွေအော်နေတာလဲ"

ဂရေးသည် ပခုံးကိုခပ်ပြင်းပြင်းတွန်းလှုပ်၍ ခေါ်သံကြားတော

အထိတ်တလန့်မျက်လုံးဖွင့်ကြည့်မိလျှင် သူမကိုငုံ့မိုးစိုက်ကြည့်နေသ

သိမ်မွေ့ရဲ့မျက်နှာကို မြင်လိုက်ရလေသည်။

သိမ်မွေ့သည် ကုမ္ပဏီယူနီဖောင်းအပြည့်အစုံနှင့်ဖြစ်ကာ ဖဲ

ပင် စလင်းဘတ်အိတ်တွေဘာတွေချိတ်ကာ အလုပ်သွားဖို့အသင့်

နေပုံရကာ ဂရေးကိုကြည့်ပြီးစိတ်မရှည်ဟန်နှင့်။

"ဟဲ့, အိပ်မှုံစုံမွှားနဲ့ ဘယ်လိုဖြစ်နေတာလဲ။ နာရီကိုလည်း





ဦး။ ကျုပ်တောင် အလုပ်သွားဖို့အသင့်ဖြစ်နေပြီ။ ညက ဘယ်အချိန်မှ

အိပ်လဲမသိဘူး. . . မီးမပိတ်ဘာမပိတ်နဲ့"

သိမ်မွေ့သည် ရုပ်ကလေးသနားကမားကို လှပအောင်ပြင်ထား

သလောက် ပစ်ပစ်စပ် ဇီဇာကြောင် မြည်တွန်တောက်တီးသည့်နေရာမှာ

အဘွားကြီးတွေ အရှုံးပေးရလောက်၏။

"ဟဲ့, ကြောင်စီစီကြည့်မနေနဲ့။ ထ, ရှစ်နာရီထိုးနေပြီ"

"ရှစ်နာရီ"

ဂရေး အလန့်တကြားသံယောင်လိုက်တော့ သူမ မျက်မှောင်ကြီး

ကြုတ်ကာ. . .

"ဟုတ်တယ်. . . မြန်မာစံတော်ချိန် မနက်ရှစ်နာရီ ရှိပါပြီရှင်။

ထမင်းစားခန်းထဲမှာ ကတ်ကြေးကိုက် အသင့်ဝယ်ထားတယ်။ သွားသုံး

ဆောင်တော်မူပါ"

ဟု ခပ်ရွဲ့ရွဲ့အငေါ်တူးကာ ဂရေးအခန်းထဲမှ ဆတ်တောက်တော့

ကော့လန်လန်လေး ထွက်သွားလေတော့သည်။

ဂရေးသည် သိမ်မွေ့လာနှိုးမှ အိပ်မက်မက်ခဲ့တယ်ဆိုတာ သိရ

ပေမယ့် ချယ်ရီပိုင်ချို့ ဖုန်းဆက်ခဲ့တဲ့အသံက နားထဲမှာ အခုထိစွဲနေတုန်း



www.burmeseclassic.com

www.burmeseclassic.com



မို့ စိတ်လှုပ်ရှားတာ မပြယ်ချင်သေးပါ။

သူမရင်ဘတ်ပေါ်မှာ proof ဖတ်လက်စ စာမူကြမ်းကိုတွေ့လိုက်ရလို့ ကောက်ကြည့်တော့ သူမ ဇာတ်သိမ်းခန်းဖတ်ရင်း အိပ်ပျော်သွားတာကို သဘောပေါက်လိုက်သည်။

ဪ, ဒါကိုစိတ်စွဲသွားလို့ကိုးဆိုပြီးတွေးကာ သက်မမောချပြီးကုတင်ပေါ်မှာဆင်းစဉ် ရုတ်တရက်ထမြည်လာသော Ringtone သံကြောင့် အမှတ်မထင် နာရီကိုကြည့်မိတော့ မနက်ရှစ်နာရီတိတိ။

ဂရေးရင်ထဲ ဒိန်းခနဲဆောင့်ခုန်သွားရင်း display မှာပေါ်နေသည့် နံပါတ်ကိုကြည့်လိုက်တော့ သူမ တစ်ခါမှမမြင်ဖူးသည့် ဖုန်းနံပါတ်တစ်ခု။

"ဟဲ. . . လို"

ဂရေး လက်တုန်အသံတုန်နှင့် ဖုန်းကို မရဲတရဲဖွင့်နားထောင်လိုက်သည်။

"ဟဲလို, စာရေးဆရာမ တိမ်ညိုခြင်နဲ့စကားပြောချင်လို့ပါ"

ဂရေးလက်ထဲက ဖုန်းလေး ဘုတ်ခနဲလွတ်ကျသွားရလေတော့၏။





သူမနှုတ်မှ 'ဒါ အိပ်မက်. . . အိပ်မက်'ဟူသာ ကယောင်ကတမ်းရေရွတ်နေမိ၏။

အဲဒီနောက်မှာတော့. . .





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ဂရေး. . . ဂရေး"

သူအပြေးအလွှားအော်ဟစ်ခေါ်ရင်း အခန်းထဲသို့ တရကြမ်းပြေးဝင်လာတော့ သူစိုးရိမ်သလို ဂရေးက ဘာမှမဖြစ်ဘဲ ညအိပ်ဝတ်စုံ ဖိုးရှိုးဗားရားနှင့်ပင် ကုတင်ပေါ်တွင် ငြိမ်ငြိမ်ကလေးထိုင်ကာ ကြမ်းပြင်ကော်ဇော်ပေါ်မှာကျနေသည့် သူမရဲ့ဖုန်းကိုသာ အဆိပ်ရှိသတ္တဝါလို ကြောက်သန့်တကြားစိုက်ကြည့်နေသည်ကို မြင်လိုက်ရလေသည်။

"ဂရေး. . ."

သူခေါ်သံကြောင့် ဂရေးက ဆတ်ခနဲမော့ကြည့်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



စုးနစ်ထံ ကလေးတစ်ယောက်လိုပြေးလာကာ သူ့လည်ပင်းကို လက်နှစ်ဖက်နှင့် ယီလေးဆို သိုင်းဖက်ကာ အင့်ခနဲဝိုရှိုက်ချလိုက်သည်မို့ သူ အနည်းငယ်စိတ်ပြေသွားရာမှ ပြန်ပြီးစိတ်ပူသွားရပါသည်။

"ဘာ. . . ဘာဖြစ်လို့လဲဟင် ဂရေး ဂရေးဘာဖြစ်နေတာလဲ"

"ကိုယ်ကြောက်တယ် စုးနစ်၊ ခုန သူဖုန်းဆက်တယ်"

"ဟင်!"

သူ အလွန်အံ့ဩသွားရပါသည်။ ဂရေးက ဖုန်းကို ခုထိမကောက်သေး။ ကြောက်ရွံ့ထိတ်လန့်ဟန်တွေက အထင်းသား။ ဘာတွေဖြစ်ကုန်တာလဲ။

"ဘာကိုကြောက်တာလဲ ဂရေး ဘယ်သူက ဂရေးဆီဖုန်းဆက်တာလဲ။ ဘာတွေငြိမ်းခြောက်နှောင့်ယှက်သွားလို့လဲ။ ပြော၊ ကျွန်တော်တစ်ယောက်လုံး ရောက်လာပြီပဲ။ မကြောက်နဲ့တော့။ သူ ဘာတွေပြောသွားလဲ"

"ဘာပြောသွားလဲဆိုတာထက် သူဘယ်သူလဲဆိုတာသိရင် စုးနစ်အံ့ဩသွားလိမ့်မယ်"

"ဘယ်လို"





"ကိုယ့်ကိုဖုန်းဆက်တာ တခြားလူမဟုတ်ဘူး။ ချယ်ရီဝိုင်ချီ"

"ဟင်!"

သူ ဘာမှပြန်မပြောနိုင်ဘဲ ကြက်သေ, သေနေမိပါသည်။ ချယ်ရီဝိုင်ချီ။ သူက ဘာကိစ္စ ဂရေးကိုဖုန်းဆက်ရတာလဲ. . .

သိပ်တော့ အဆက်မစပ်မရှိပါ။

"ဟုတ်တယ် စုးနစ်၊ သူ. . . သူ ဂရေးဆီ ဖုန်းဆက်တယ်"

"အင်း, သူက ဘာပြောသွားလဲ"

"ဘာမှမပြောရသေးဘူး။ အသံကြားရုံပဲ ရှိသေးတယ်။ ဂရေး ဖုန်းချပစ်လိုက်တာ"

"ဟောဗျာ. . . အဲဒါနဲ့ ဂရေးက သူမှန်း ဘယ်လိုလုပ်သိလဲ"

ဂရေးသည် ရုတ်တရက် ဘယ်လိုဖြေရမှန်းမသိ။

နောက်တော့မှ မထူးပါဘူးဆိုပြီး အိပ်မက်မက်တဲ့အကြောင်းပါ စုးနစ်ကိုပြောပြလိုက်သည်။ ပြီးတော့ ဂရေး အိပ်ရာက နိုးပြီးပြီးချင်း အိပ်မက်ထဲကအတိုင်း ဖုန်းလာတဲ့အကြောင်း. . .

စုးနစ်က စိတ်ပါဝင်စားစွာ နားထောင်နေသည်။ ဂရေးစကားဆုံးတော့မှ သူ မအောင့်နိုင်တော့ဘဲ ဟက်ဟက်ပက်ပက်ရယ်ချလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

"စုနစ်က ဘာရယ်တာလဲ၊ ကိုယ်ပြောတဲ့စကားထဲမှာ ရယ်စရာ ပါနေလို့လား"

"ပါတာပေါ့ ဂရေးရဲ့။ ကဲ၊ ဂရေးဖုန်း ကိုယ့်ကိုခဏပေးပါဦး"

"ဘာ. . . ဘာလုပ်မလို့လဲဟင်၊ သူ့ကိုဆက်မလို့လား"

"မဟုတ်ပါဘူး။ ဂရေးကို ကိုယ်ပြစရာရှိလို့"

သူက ဖုန်းလေးကိုယူပြီး ခုန ဂရေးသိမ်းထားသောဖုန်းနံပါတ် ကိုယူကြည့်ပြီးလျှင်. . .

"ဟား၊ ကိုယ်ထင်တဲ့အတိုင်းပဲကွာ၊ အဲဒါကြောင့် ကိုယ်စိုးနိမ့် ပြီး ပြောလာတာ။ ကြည့်စမ်း! ဂရေးက ကိုယ်ထင်ထားတာထက်တောင် ပိုဆိုးနေသေးတယ်"

"ဘာတွေလဲ၊ ကိုယ်နားလည်အောင် ရှင်းရှင်းပြောစမ်းပါ"

သူက ရယ်ကျဲကျဲပြုံးစေ့စေ့နှင့်ပင်. . .

"အင်းပါ၊ ပြောမှာပါ၊ ပြောမှာ။ မနက်က အိမ်က ထွက်လာတော့ လမ်းမှာ ဝသုန်နဲ့တွေ့တယ်"

"ဝသုန်ဆိုတာက. . ."





"ဝသုန်က သွင်ခေတ်ရဲ့ညီမလေးလေ။ ယူအက်(ဖ်)အယ်(လ်) တက်နေတာ"

"အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ ကျွန်တော့်ကိုတွေ့တော့ သွင်ခေတ်တို့လေသံ အယောင်လိုက်ပြီး စတာလေ။ ကိုကြီးရည်းစားက စာရေးဆရာမဆို ဘာညာနဲ့။ ပြီးတော့ မိတ်ဆက်ချင်တယ်ဆိုပြီး ကိုယ့်ဆီက ဖုန်းနံပါတ် တောင်းတယ်။ ကိုယ်လည်း သွင်ခေတ်မျက်နှာရှိတာရော၊ နဂိုကတည်း က ညီမလေးလိုခင်မင်ရင်းနှီးပြီးသားမို့ ဂရေးဖုန်းနံပါတ် ပေးလိုက်မိ တယ်။ သူက ကိုယ့်ရှေ့မှာပဲ ဂရေးကိုဖုန်းခေါ်တာ. . . အဲဒီအချိန်မှာ ဂရေးဘက်က ဖုန်းလွှတ်ကျတဲ့အသံမျိုး ကြားလိုက်ရတာပဲ။ ကိုယ်လည်း ဂရေးအိပ်ရေးမျက်ထားတွေများပြီး မူးလဲသလားဘာလား စိတ်ပူသွား တာပေါ့။ အဲဒါနဲ့ အတင်းထပြေးလာတာ"

သူက တရှည်တလျား စိတ်ရှည်လက်ရှည်ရှင်းပြတာကို ရင်ခွင် ထဲမှ မော့ငေးနားထောင်ရင်း မယုံတစ်ဝက်ယုံတစ်ဝက်နှင့်ပင်။

"ဟုတ်ရဲ့လား။ ကိုယ်စိတ်ချမ်းသာအောင် ညာတာတော့မဟုတ် ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလျှင် သူက ဂရေးကို ချစ်မြတ်နိုးလှစွာ ပြုံးကြည့်ရင်း ခေါင်းရမ်းပြလေသည်။

"မယုံရင် အဲဒီနံပါတ်ကို ဂရေးပြန်ခေါ်ကြည့်လေ၊ အဲဒါ ဝသုန်ပါ။ ဂရေးထင်သလို မဟုတ်ပါဘူး။ ဂရေးက အိပ်မက်နဲ့တိုက်ဆိုင်စိတ်စွဲပြီး မိန်းကလေးသံကြားတာနဲ့ ဖုန်းချပစ်လိုက်တာကိုး"

ဂရေးသည် ထိုအခါမှ သက်ပြင်းတစ်ချက်ချလိုက်ကာ. . .

"အခုမှတော့ မထူးတော့ပါဘူး။ ကိုယ်ဝတ္တုရေးထားတာ စုးနှစ်ကို ပေးဖတ်တော့မယ်။ ဝတ္တုထဲကဇာတ်သိမ်းကို သဘောမကျရင်တော့ စိတ်မဆိုးနဲ့နော်"

ဟု ကြိုတင်မှာကြားကာ စာမူကြမ်းကို ပြလိုက်တော့၏။ စုးနှစ်သည် စာအုပ်ရဲ့နောက်ဆုံးဇာတ်သိမ်းကိုကြည့်ပြီး ဒေါသမဖြစ်သော်လည်း အံ့သြတန်နှင့် ဂရေးကိုကြည့်ကာ. . .

"ဂရေးက အဲလိုမျိုးအဖြစ်ခံနိုင်လို့လား"

ဟု စိတ်မကောင်းဖြစ်ဟန် မေးလေသည်။ ထို့အတွက် ဂရေးလည်း ဝမ်းနည်းသွားမိကာ ခေါင်းကိုဖြည်းညှင်းစွာခါရမ်းလျက်. . .

"ဒါက ဝတ္တုမို့ပါ။ တကယ်ဖြစ်လာရင် ကိုယ် ဘယ်လိုမှခံနိုင်ရည်





မရှိတော့ဘူး"

ဟု တီးတိုးဖြေလိုက်မိလေသည်။

စုးနှစ်က ဂရေးကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ထားရင်း ဆံပင်တွေကို ပွတ်သပ်လိုက်ကာ. . .

"ဘယ်တော့မှ အဲလိုဖြစ်စရာအကြောင်းမရှိပါဘူး၊ ဂရေးရယ်။ သူက ကျွန်တော့်အပေါ် သိပ်ကိုနာကြည်းမုန်းတီးနေခဲ့တာ"

"ဘာဖြစ်လို့လဲဟင်"

"ဒီအကြောင်းတွေ မပြောပြချင်ဘူး။ တကယ်တမ်းဇာတ်သိမ်းကို ဂရေးသိထားသင့်တယ်ထင်လို့ပြောပြမှာ။ တကယ်တော့ သူက အစကတည်းက ကျွန်တော့်ကို ဘယ်သူဆိုတာသိလို့ အကွက်ချပြီး လုပ်ကြံခဲ့တာ။ သူ့ဟာသူဖြစ်ပျက်သွားတဲ့ကိစ္စတွေက ကျွန်တော်နဲ့လည်း ဘာမှမဆိုင်ဘဲနဲ့လေ"

"ကိုယ်နားလည်အောင် ရှင်းရှင်းပြောပါလား"

စုးနှစ်က စိတ်မကောင်းဖြစ်ဟန်နှင့် သက်ပြင်းဖွဖွရှိုက်ပြီးမှ. . .

"ကျွန်တော့်အမေရဲ့နောက်အိမ်ထောင်က တခြားလူမဟုတ်ဘူး။ ချယ်ရီပိုင်ချို့ရဲ့အဖေ ဦးမင်းချိုပဲ။ မေမေနဲ့ ဦးမင်းချိုက ငယ်ရည်းစား



www.burmeseclassic.com

www.burmeseclassic.com



တွေလေ။ နှစ်ယောက်လုံး မိဘပေးစားရာယူပြီး ကလေးတစ်ယောက် စီရမှ အကြောင်းအမျိုးမျိုးနဲ့ကွဲပြီး သူတို့ချင်းပြန်ပေါင်းထုတ်တဲ့ကိစ္စမှာ ချယ်ရီပိုင်ချို့ရဲ့အမြိုးတွေကို လည်စင်းခံဖို့ ဓားစာခံဖြစ်ရတာ။ အခုတော့ အားလုံးပြီးသွားပါပြီ။ သူလည်း ဩစတေးလျကိုထွက်သွားပြီ''

''ဪ, ဖြစ်မှဖြစ်ရလေ စူးနစ်ရယ်။ ကြားရတာ စိတ်မကောင်း လိုက်တာ။ ချယ်ရီပိုင်ချို့ရဲ့အမုန်းတရားတွေက ကြောက်ဖို့ကောင်းလိုက် တာ။ သူ့အဖေနဲ့လက်ထပ်လိုက်တဲ့ စူးနစ်အမေတောင် မကာဘူး။ စူးနစ် ကိုပါ မဆီမဆိုင်မျက်သိမုန်းတီးနေတာပဲ။ ဒါပေမဲ့. . .''

''ဒါပေမဲ့ ဘာဖြစ်သလဲဟင်''

ဂရေး ဆက်မပြောတော့ပါ။

ဒါပေမဲ့ ဂရေး သူ့ရဲ့အသည်းခွဲဗျူဟာကို သဘောကျမိလို့ပါ။ လူတစ်ယောက်ကိုအရမ်းချစ်ပြီး နှလုံးသားတစ်ခုလုံး ရင်းနှီးပေးဆပ် အသည်းခွဲရဲတဲ့မိန်းမဟာ တော်ရုံသတ္တိနဲ့မဟုတ်။

ဘယ်တော့မှလက်တွေ့စမ်းသပ်ဖို့မသင့်တဲ့ နည်းတစ်ခုပေါ့။

''ဘာပဲဖြစ်ဖြစ်၊ ကိုယ်, သူ့ကိုကျေးဇူးတင်ရမယ်''

''ဘာဖြစ်လို့လဲ''





''သူ့ကြောင့် စူးနစ်နဲ့ကိုယ် ဆုံခဲ့ရတာလေ''

ဂရေးစကားအဆုံး စူးနစ်က ပြုံးတုံ့တုံ့လုပ်ရင်း ဂရေးပါးလေး ကို မနာအောင်ဆွဲညှစ်ရင်း. . .

''လူလည်မလေး, တစ်ကိုယ်ကောင်းသမားလေးပဲ''

ဟု ချစ်စဖွယ် အပြစ်တင်ပါလျှင် ဂရေးက လုံးဝစိတ်မဆိုးရက် ဘဲ. . .

''အချစ်နဲ့ပတ်သက်ရင် အားလုံး တစ်ကိုယ်ကောင်းဆန်တတ် တာပါပဲ စူးနစ်ရယ်။ မယုံမရှိနဲ့ ဒီက ကိုယ်တွေ့''

ဟုသာ ရယ်ရယ်မောမောလေး ဝန်ခံလိုက်မိပါသည်။

မယုံမရှိပါနဲ့. . . တကယ်ချစ်ဖူးသူတိုင်း သိမှာပါ။

အချစ်နဲ့ပတ်သက်ရင် အားလုံး တစ်ကိုယ်ကောင်းဆန်တတ်ကြ ပါတယ်၊

ချစ်တတ်တဲ့သူတိုင်း အချစ်ကလွဲပြီး တခြားမျက်နှာသာပေးစရာ ဦးစားပေးစရာ ဘာမှထပ်မရှိလောက်အောင် အရေးတကြီး ရှေ့တန်း တင်ကြပါတယ်။

အဲဒီအခါမှာ တခြားအရာတွေအတွက် ကိုယ့်စိတ်က အလိုလို



www.burmeseclassic.com

www.burmeseclassic.com



လျှစ်လျူရှုသလိုလည်း ဖြစ်နေနိုင်ပါတယ်။

ဒီ့အတွက်တော့ဖြင့် အပြစ်မပြောလိုက်ပါနဲ့. . .

တကယ်ချစ်ဖူးမှပဲ နားလည်နိုင်မှာမို့ပါ. . .။

ပြီးပါပြီ

ကြည်နုဆေတ်

**January.2.2011**

# မယ်ခိုင် ထွက်ပြီးသောစာအုပ်များ


၁။ ချစ်သူ့ငပျှးရွှာ
၂။ ရည်းစားဦးကျိန်စာ
၃။ ထစ်ချုန်းမိုး
၄။ သဲမုန်တိုင်းရဲ့နှလုံးသားစိန်ခေါ်သံ
၅။ အိုအေစစ်ကိုရှာဖွေကြသူများ
၆။ နှလုံးသားတွန်သံ
၇။ ဆူးမဲ့နှင်းဆီ
၈။ အဖြူရောင်သက်တံ
၉။ မိပုရားလားကောရီ
၁၀။ ကြယ်တစ်ပွင့်နှင့်တွေ့ဆုံခြင်း
၁၁။ ပန္နီချစ်သူ
၁၂။ ကချေ-လွှတ်ပွဲတော်
၁၃။ ပထမ မဟုတ်သော ပထမလူ
၁၄။ တောသူလေး
၁၅။ မြူနှင်းလိုလေလိုတိမ်လို
၁၆။ ပေါက်ပန်းပမာ
၁၇။ ရင်ပွင့်ချိန်
၁၈။ နှင်းပွင့်ဒိုင်ယာရီ
၁၉။ ဥက္ကာပျံနှလုံးသား
၂၀။ ရျည်းမြောင့်များ
၂၁။ သမိုင်းကာရာဇဝင်
၂၂။ ကာလတစ်ခု၌


www.burmeseclassic.com